ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါ ပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 13 January 2017 (၈၈၀၅)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပါဗလိုကလင်းကင်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ထိုင်းနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံသံအမတ်ကြီး မစ္စတာအန်ဒရေးဘတ်စ်ရှတာနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပါဗလိုကလင်းကင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်အား ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း အားပျော့သွားပြီ

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တနင်္သာရီ ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(ကြေးမုံ)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)မှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)မှ ဦးနေလင်းစိုးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)မှ ဦးနေလင်းစိုးနှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

MILI အဖွဲ့နှင့်တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဧပြီလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ MILI အဖွဲ့မှ ဦးဆောင်ပြုလုပ်မည့် မသန်စွမ်းမဲဆန္ဒရှင်များ၏ ပူးပေါင်းပါဝင်မှုတိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းများ၊ မသန်စွမ်းမဲဆန္ဒရှင်များ၏ ပူးပေါင်းပါဝင်မှုတိုးမြှင့်ရေးအတွက် စီမံကိန်းဦးတည်ဧရိယာများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ ပိုမိုပါဝင်လာနိုင်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများပါဝင်သော ဖိုရမ်တစ်ခုကျင်းပနိုင်ရေး၊ မသန်စွမ်းမဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် တရုတ်နိုင်ငံမှ လေ့လာစောင့်ကြည့်မည့်အဖွဲ့များ ဖိတ်ခေါ်မည့်ကိစ္စ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စများ၊ ရွေးကောက်ပွဲအကူအညီပေးရေးဆိုင်ရာများ၊ ကော်မရှင်အနေဖြင့် လွတ်လပ်မျှတ၍ အများယုံကြည်လက်ခံသည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**
(၄)ကြိမ်မြောက် ဘင်းမ်စတက် စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဖူလုံမှုဆိုင်ရာကိစ္စရပ်များ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်တိုးတက်လျက်ရှိသည့် စွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှုကွာဟချက် ကျဉ်းမြောင်းစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုနှင့် မဟာဓာတ်အားလိုင်း ဆက်သွယ်ခြင်းအပါအဝင် စဉ်ဆက်မပြတ်စွမ်းအင်တိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက် မဟာဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေးနှင့် ဘင်းမ်စတက် စွမ်းအင်ဗဟိုဌာန ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အစီအမံများကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုစာရင်းစစ်ချုပ် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(၁/၂၀၁၇)ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များနှင့် ရုံးချုပ်မှ ဆွေးနွေးပွဲ တက်ရောက်ကြသည့် တာဝန်ရှိသူများသည် မိမိတို့၏ အတွေ့အကြုံများ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ မည်သို့ကိုင်တွယ်ဖြေရှင်းကြသည်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းဖလှယ်ကြရန် ဦးစွာမှာကြားသည်။

ဆက်လက်၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် Lima Declaration နှင့် Mexico Declaration အရ စစ်ဆေးကြရာတွင် Financial Audit၊ Compliance Audit၊ Performance Audit တို့ကို ဆောင်ရွက်ကြောင်း၊ Performance Audit ဆောင်ရွက်ရာတွင် Economy, Efficiency, Effectiveness ဖြစ်၊ မဖြစ် စစ်ဆေးရန်လိုအပ်ကြောင်း၊ လက်တွေ့စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် Risk Based Audit ဖြင့် ဆောင်ရွက်နေကြကြောင်း၊ Risk ရွေးချယ်မှုသည် အရေးကြီးကြောင်း၊ ဌာန/အဖွဲ့အစည်းများတွင် Risk Strategy အားသာ/အားနည်းချက် ရှိနိုင်ကြောင်း၊ Risk Based Audit နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဌာနများ၏ Materiality ဖြစ်မှုကို အဓိကထားကြည့်ရှုစစ်ဆေးရန်လိုကြောင်း၊ ဘဏ္ဍာရေးရှင်းတမ်းအဆင့်တွင်လည်းကောင်း၊ Individual Transaction (လုပ်ငန်းဆောင်ရွက်မှုအဆင့်)တွင်လည်းကောင်း Materiality ဖြစ်မှုကို မည်သို့အကဲဖြတ်မည်ကို ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးများသည် မိမိတို့စစ်ဆေးရသည့်အဖွဲ့အစည်း(Auditee)အရေအတွက်၊ လုပ်ငန်းပမာဏမှာ များပြားသည့်အတွက် Sampling method ကိုကျင့်သုံးရာ၌ အဖွဲ့အစည်းအရေအတွက်ကို အခြေခံ၍လည်းကောင်း၊ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုကို အခြေခံ၍လည်းကောင်း ရွေးချယ်စစ်ဆေးသည့်နည်းလမ်းငါးခုကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး စစ်ဆေးရေးအတတ်ပညာ၊ အတွေ့အကြုံများကို လက်တွေ့စစ်ဆေးရေးလုပ်ငန်းတွင် ထဲထဲဝင်ဝင်ဆောင်ရွက်နေသည့်ဝန်ထမ်းများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင်လည်း ပြန်လည်ရှင်းလင်းဆွေးနွေးပေးခြင်းနှင့် Workshop များ ပြန်လည်ဆောင်ရွက်ပေးကြရန် အကြံပေးလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရှင်များလိုက်နာရမည့် Professional Ethics ဖြစ်သည့် Integrity၊ Competence၊ Due Diligence၊ Confidentiality and Transparency၊ Public Interest တို့ကို ရှင်းလင်းပြောကြားပြီး အဓိကအကျဆုံးမှာ Competence ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ကိုယ်တိုင်လည်းသိအောင်၊ အချင်းချင်းလည်း လက်ဆင့်ကမ်းပေးရန်နှင့် ဝန်ထမ်းများစိတ်ချမ်းသာစွာ တာဝန်ထမ်းဆောင်ပါက Productivity မြင့်မားကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

**○ (၂၉)ကြိမ်မြောက်မှ**
ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အမာခံထားကာဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၂ အသင်းပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်ရန်စီစဉ်ထားပြီး ဆီးဂိမ်းအကြို ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန်လနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းလေးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တရုတ်၊ ဗီယက်နမ်နှင့်ထိုင်းအသင်းတို့ကို ဖိတ်ကြားမှုများ ပြုလုပ်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသည်။

မြန်မာယူ-၂၂ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ပြည့်လျှံအောင်၊ နောက်တန်း-ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ သီဟထက်အောင်၊ သိန်းနိုင်ဦး၊ အောင်မိုးထွေး၊ အောင်ဟိန်းစိုးဦး၊ သောင်းလပ်ထျန်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ ရဲရင့်အောင်၊ ဟိန်းနေဆန်း၊ လှိုင်မျိုးအောင်၊ အလယ်တန်း-နေမိုးအောင်၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို၊ ရဲရင့်ထွန်း၊ ရှိုင်းသူရ၊ စည်သူအောင်၊ အောင်မိုးသူ၊ စွမ်းထက်အောင်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ မင်းကျော်ခန့်၊ မောင်မောင်စိုး၊ ရန်ပိုင်စိုး၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ ရှေ့တန်း-အောင်သူ၊ သန်းပိုင်၊ မောင်မောင်လွင်၊ သန်းဇော်ဟိန်း၊ စအောင်ပြည့်ကိုနှင့် ရွှေကိုတို့ ပါဝင်ကြသည်။ မြန်မာယူ-၂၂ အသင်းသည် ဒီဇင်ဘာလက ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် အဆင့်ငါးနေရာရရှိခဲ့သည်။
**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# အမေရိကန်ကုန်သွယ်ရေးကဏ္ဍကို ပြန်လည်ပြင်ဆင်သွားမည်ဟု ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့် ဆို




**နယူးယောက် ဇန်နဝါရီ ၁၂**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများအကြား ကုန်သွယ်မှုကဏ္ဍတွင် ညီမျှမှုမရှိခြင်းကို ပြန်လည်ပြင်ဆင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ရှေ့တန်းတင်လုပ်ဆောင်မည်ဟု ရွေးကောက်ပွဲကျင်းပပြီးနောက် ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ် အရသိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို နယူးယောက်မြို့ရှိ ထရန့်တာဝါတွင် ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍကိုအဓိကထားလုပ်ဆောင်ရမည်ဖြစ်ပြီး အမေရိကန်နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ မက္ကဆီကို အပါအဝင် အခြားသောနိုင်ငံအချို့နှင့် ကုန်သွယ်ရေးလုပ်ဆောင်ရာတွင် နိုင်ငံအတွက် လိုငွေပြနေကြောင်း ထရန့်ကဆိုသည်။

အမေရိကန်နိုင်ငံ၏ ထုတ်လုပ်မှုများလျော့ကျနိုင်မည့်အရေးကို ကာကွယ်သည့်အနေဖြင့် မက္ကဆီကိုနိုင်ငံတွင် စက်ရုံတစ်ရုံဆောက်လုပ်ရန် ငြင်းပယ်ခဲ့သည့် Ford Motor အပါအဝင် အခြားသော ကုမ္ပဏီများကိုလည်း ဒေါ်နယ်ထရန့်က ချီးကျူးခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း အလုပ်အကိုင်များစွာ ဖန်တီးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံနှင့်ပတ်သက်ပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်းပြောကြားခဲ့သည့်အတိုင်း ဆီးရီးယားအရေးအပါအဝင် အခြားသောကိစ္စရပ်များကို ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ထရန့်က ထပ်လောင်းပြောကြားခဲ့သည်။

သမ္မတရွေးကောက်ပွဲမတိုင်မီ ထရန့်၏ပြိုင်ဘက်ဖြစ်သည့် ဟီလာရီကလင်တန်၏ ဝက်ဘ်ဆိုက်များအား ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး အမေရိကန်စုံစမ်းစစ်ဆေးရေးအေဂျင်စီများ၏ အစီရင်ခံစာအပေါ် ထရန့်၏အမြင်ကို မေးမြန်းရာတွင် ရုရှားနိုင်ငံအနေဖြင့် ပါဝင်ပတ်သက်ခဲ့သည်ဟု ၎င်းကအတည်ပြုပြောကြားခဲ့သည်။ ယင်းသို့ ဆိုက်ဘာတိုက်ခိုက်ခြင်းခံရခြင်းသည် ဒီမိုကရက်များ၏ ပေါ့ဆမှုကြောင့်ဖြစ်သည်ဟု ထရန့်က ဒီမိုကရက်များအား ပြစ်တင်ဝေဖန်ခဲ့သည်။

ရုရှားအစိုးရအနေဖြင့် ဒေါ်နယ်ထရန့်နှင့်ပူးပေါင်းလုပ်ဆောင်ရာတွင် အခက်တွေ့စေနိုင်သည် ဆိုသည့်ကောလာဟလ ထွက်ပေါ်လာခြင်းနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် ထရန့်က ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ။**

## အီလက်ထရွန်နစ် ကင်းထောက်ရေယာဉ် တရုတ်ရေတပ်တွင် တပ်တော်ဝင်

**ပေကျင်း ဇန်နဝါရီ ၁၂**

တောင်တရုတ်ပင်လယ်တွင် ပိုင်နက်နယ်မြေတောင်းဆိုမှု တိုးမြှင့်ပြုလုပ်နေသည့် တရုတ်နိုင်ငံသည် ရေတပ်တပ်ဖွဲ့အင်အားကို ပိုမိုတည်ဆောက်နေချိန်တွင် အီလက်ထရွန်နစ်ကင်းထောက်ရေယာဉ်တစ်စင်းကို တပ်တော်ဝင် အခမ်းအနားဖြင့် ရေချလိုက်ကြောင်း၊ အဆိုပါ ရေယာဉ်သစ်သည် နောက်ဆုံးပေါ် အမျိုးအစားဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)၏ ရေတပ်မတော်တွင် အီလက်ထရွန်နစ် ကင်းထောက်ရေယာဉ်ခြောက်စင်းအထိ ရှိလာပြီဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ချိုင်းနားဒေးလီးသတင်းစာတွင် ဖော်ပြသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် သတင်းထောက်လှမ်းစုဆောင်းရေးရေယာဉ်များနှင့်ပတ်သက်၍ အသေးစိတ်ပြောကြားခြင်း မရှိပေ။

တရုတ်ရေတပ်မတော်သည် လွန်ခဲ့သည့်နှစ်က စစ်ရေယာဉ် ၁၈ စင်းအထိ တပ်တော်ဝင်မှုပြုလုပ်ခဲ့သည်။ ယင်းစစ်ရေယာဉ်များတွင် ဒုံးကျည်ဖျက်သင်္ဘော၊ ကော်ဗက်အမျိုးအစားရေယာဉ်နှင့်ပဲ့ထိန်းဒုံးကျည်တပ်ဖရီးဂိတ်စစ်ရေယာဉ်များပါဝင်ကြောင်း ချိုင်းနားဒေးလီးသတင်းစာ၌ ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဒုတိယမြောက် လေယာဉ်တင်သင်္ဘောတစ်စင်းကိုလည်း တည်ဆောက်လျက်ရှိသည်။ တရုတ်ရေတပ်တွင် ဆိုဗီယက်ခေတ်က တည်ဆောက်ခဲ့သော လျောင်နင်းအမည်ရှိ လေယာဉ်တင်သင်္ဘောတစ်စင်းသာလက်ဝယ်ရှိနေသည်။

တပ်တော်ဝင်ခဲ့သည့်အီလက်ထရွန်နစ်ကင်းထောက်ရေယာဉ်သစ်ကို စီအင်န်အက်စ်ကွေ့ယန်ကျင်း သို့မဟုတ် မီဇာဟု အမည်ပေးထားသည်။ အဆိုပါရေယာဉ်ကို ဇန်နဝါရီ ၁၂ ရက်တွင် မြောက်ပင်လယ်ရေတပ်ဖွဲ့၏ ရေယာဉ်စုသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တပ်တော်ဝင်အခမ်းအနားကို နိုင်ငံအရှေ့ပိုင်း ချင်းဒေါင်တွင် ပြုလုပ်ခဲ့သည်။

**ရိုက်တာ။**

## ဖိလစ်ပိုင်သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရောက်ရှိ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အကူအညီပေးရန် ကတိပြု

**မနီလာ ဇန်နဝါရီ ၁၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖိလစ်ပိုင်နိုင်ငံသို့ ဇန်နဝါရီ ၁၂ ရက်တွင် ဆိုက်ရောက်လာခဲ့ကြောင်း၊ အာဘေးသည် သမ္မတရိုဒရစ်ဂိုဒူတာတေးနှင့် ဆက်ဆံရေး မြှင့်တင်နိုင်ရန်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ဂျပန်၏ စီးပွားရေး ခြေကုပ်ရရှိမှု ခိုင်မာစေရန်လည်းကောင်း ရည်ရွယ်လျက် ဖိလစ်ပိုင်နိုင်ငံသို့ နှစ်ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။



သမ္မတဒူတာတေးလက်ထက် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်သည့် ပထမဆုံးသောနိုင်ငံအကြီးအကဲတစ်ဦးအဖြစ် ဝန်ကြီးချုပ်အာဘေးသည် မြို့တော်မနီလာသို့ ရောက်ရှိလာသည်။ ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံအတွက် ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ပြည်ပအကူအညီ အများဆုံးပေးသည့် အလှူရှင်နိုင်ငံအဖြစ်လည်းကောင်း ရပ်တည်မှုကို ထင်ဟပ်သည့် ခရီးစဉ်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ စီးပွားရေးအရ ယှဉ်ပြိုင်မှု ပိုမိုရင်ဆိုင်လာနေရချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌ စီးပွားရေးအရ ခြေကုပ်ပြုနိုင်မှုကို အခိုင်အမာတည်ဆောက်လိုပုံရကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် ငါးနှစ်တာကာလအတွင်း ဖိလစ်ပိုင်နိုင်ငံထံသို့ ယန်းငွေ ၁ ထရီလီယံ (ဒေါ်လာ ၈ ဒသမ ၇၇ ဘီလီယံ) အကူအညီပေးမည်ဟု ဝန်ကြီးချုပ် အာဘေးက ကတိပြုသည်။ ဂျပန်နိုင်ငံ၏ အကူအညီပေးရေး အစီအစဉ်တွင် အစိုးရအဖွဲ့အား အကူအညီပေးခြင်းနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံက ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း သမ္မတ ဒူတာတေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မြို့တော်မနီလာ၌ ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့်အတူ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း အာဘေးက ပြောကြားသည်။

**ရိုက်တာ။**

## ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်မီဒီယာ ဖေ့စ်ဘွတ် သတင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၁၂**

အမေရိကန်အခြေစိုက် ဖေ့စ်ဘွတ် အင်ကော်ပိုရိတ်တက် သည် 'သတင်းပညာ စီမံကိန်း' တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက် မီဒီယာဖြစ်သော ဖေ့စ်ဘွတ်သည် သတင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေး မြှင့်တင်သွားရန် ရည်ရွယ်ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။




ဖေ့စ်ဘွတ်ကုမ္ပဏီသည် ယင်း၏ သတင်းလုပ်ငန်းဆိုင်ရာ မိတ်ဖက်ပြုရေးအဖွဲ့ကို ဦးဆောင်နိုင်ရန် စီအင်န်အင်န်ရုပ်မြင်သံကြားဌာန၌ သတင်းထောက်နှင့် သတင်းတင်ဆက်သူအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ ကမ့်ဘဲဘရောင်းအား ငှားရမ်းထားသည်ဟု အဆိုပါကုမ္ပဏီက ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်မျှပင် ကြာမြင့်ခြင်း မရှိသေးချိန်တွင် သတင်းပညာစီမံကိန်း ကို စတင်ခြင်းဖြစ်သည်။

သတင်းပညာစီမံကိန်းအရ ဖေ့စ်ဘွတ်ကုမ္ပဏီသည် ထုတ်ဝေခြင်းနှင့် သတင်းဖြန့်ချိခြင်းလုပ်ငန်းတို့တွင် မီဒီယာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကြော်ငြာဝင်ငွေဖြင့် ရပ်တည်သော အဖွဲ့အစည်းများအနေဖြင့် စာဖတ်ပရိသတ် တိုးပွားစေရန်လည်းကောင်း၊ ဖေ့စ်ဘွတ်ကို အသုံးပြု၍ သတင်းလုပ်ငန်းအား ပိုမိုထိရောက်စွာ လုပ်ကိုင်သွားနိုင်ရေးအတွက် သတင်းသမားများကို လေ့ကျင့်ပေးသွားရန် ရည်မှန်းကြောင်း ဖေ့စ်ဘွတ်၏ ဒုတိယဥက္ကဋ္ဌ ဂျပ်စတင်အိုဆိုစီကီးက ပြောကြားသည်။

ဖေ့စ်ဘွတ်ကုမ္ပဏီသည် ကမ္ဘာ့နိုင်ငံများအား သတင်းထောက်ပံ့ပေးသည့် ထိပ်တန်းလုပ်ငန်းတစ်ခုအဖြစ် တာဝန်ခံရမည်ဟူသောအချက်ကို အသိအမှတ် ပြုလာပြီဖြစ်သည်။

ဖေ့စ်ဘွတ်မှတစ်ဆင့် မဟုတ်မမှန် လုပ်ကြံသော သတင်းများတင်ခြင်းရှိ၊ မရှိ စိစစ်သုံးသပ်မှုများ တိုးမြှင့်ပြုလုပ်လာချိန်တွင် လူမှုကွန်ရက် မီဒီယာကြီးက သတင်းပညာစီမံကိန်းဖြင့် မီဒီယာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဟု ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

မည်သည့် သတင်းအရင်းအမြစ်များသည် ယုံကြည်စိတ်ချရသည်၊ မည်သည့်သတင်းများသည် မဟုတ်မမှန် လုပ်ကြံသတင်းများ ဖြစ်သည်ဟူ၍ ပရိသတ်ကိုယ်တိုင် ပိုင်းခြားစိတ်ဖြာနိုင်ရေးအတွက်လည်း သတင်းဌာနများ မဟုတ်သည့် အခြားသော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွား မည်ဆို၏။ **ရိုက်တာ။**



# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၂**
Turkish Cooperation Coordi - na tion Agency အဖွဲ့က ဇန်နဝါရီ ၁၁ ရက်တွင် မောင်တောမြို့နယ်ရှိ သီဟိုဠ်ကျွန်းကျေးရွာ၊ နွားရုံတောင်ကျေးရွာ၊ သုခမြိုင် (နတလ) ကျေးရွာ၊ အလယ်ရွာ၊ အောင်ဇေယျ(နတလ) ကျေးရွာများသို့ သွားရောက်၍ ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် နံနက်ပိုင်းတွင် မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာအတွက် ဆန်အိတ် ၁၆၄ အိတ်၊ မွန်းလွဲပိုင်းတွင် နွားရုံတောင်ကျေးရွာအတွက် ၉၄ အိတ်၊ သုခမြိုင် (နတလ) ကျေးရွာအတွက် ၁၇ အိတ်၊ ကျီးကန်းပြင်ကျေးရွာအုပ်စု အလယ်ကျေးရွာအတွက် အိတ် ၂၆၀၊ အောင်ဇေယျကျေးရွာနှင့် အောင်သာယာ ကျေးရွာအတွက် ဆန်အိတ် ၄၃ အိတ်တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ကျီးကန်းပြင်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံသုံးဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**
မောင်တောမြို့နယ် ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူ သုံးဦးအား ယနေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့မှာ ငါးရုံ့ချောင်းကျေးရွာနေ အဘ ဟာမတ်အာမတ်၏သား အဘူဆူဖရင်၊ အဘ အဘူဆူဖရင်၏သား ဘူရှားနှင့် အဘအဒူ မတာလိတ်၏သား မာညက်(ခ) ဆူတန်အာမတ် တို့ဖြစ်သည်။

တရားခံ ဘူရှား၏ ထွက်ဆိုချက်အရ ၎င်းတို့ သုံးဦးသည် ကျီးကန်းပြင်ဖြစ်စဉ်တွင် ပါဝင်ခဲ့ကြပြီး ပြင်ခေါင်းတောင်ကျော်လမ်းမှ တစ်ဆင့် ငါးရုံ့ချောင်းသို့ ပြန်လာခဲ့ကြောင်းနှင့် တောင်ဘဇာနယ်မြေအတွင်းရှိ တပ်၊ ရဲစခန်းများ၏ အခြေအနေများကို စုံစမ်းနေကြောင်း ဖော်ထုတ်သိရှိရသည်။

ယင်းတရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ဘူရှား | အဘူဆူဖရင် | မာညက်(ခ)ဆူတန်အာမတ်



# လောက်ကိုင်မြို့နယ်အတွင်း ယမ်းထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ မြန်မာ-တရုတ်နယ်နိမိတ်အနီးရှိ ယမ်းထုတ်လုပ်သည့် စက်ရုံဟောင်းနှင့် အဆောက်အအုံများအောက်မှ ယမ်းထုတ်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

လောက်ကိုင်မြို့နယ်အတွင်း ယမ်းများမြှုပ်ထားကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေရှင်းလင်းရာ ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လောက်ကိုင်မြို့၏ အရှေ့ဘက် မြန်မာ-တရုတ်နယ်နိမိတ်မျဉ်း၏ အတွင်းဘက် မီတာ ၁၀၀ ခန့်အကွာ၌ အုတ်စီသွပ်မိုးထားသော ယမ်းထုတ်လုပ်သည့်စက်ရုံအဟောင်း တစ်လုံးနှင့် အုတ်စီသွပ်မိုး အဆောက်အအုံ သုံးလုံးတို့အား တွေ့ရှိခဲ့ပြီး အသေးစိတ် ရှာဖွေတူးဖော်စစ်ဆေးခဲ့သည်။

ထိုသို့ တူးဖော်ခဲ့ရာ စက်ရုံအဟောင်းနှင့် အဆောက်အအုံများအနီး မြေကြီးအောက် နှစ်ပေခန့်မှ အီမာရှင်း (ယမ်းညှင်း) Emulsion Explosive (LE) အချင်း ၁ ဒသမ ၂လက်မ၊ အရှည် ရှစ်လက်မခန့်ရှိ နီညိုရောင် ယမ်းအတောင့် ၂၀ ပါ အိတ်အကောင်း အထုပ်၁၂၀ နှင့် အိတ်အပျက် အထုပ် ၃၀၀၊ အီသနော(Ethanol) ၅၀၀ မီလီလီတာပါ ပုလင်း လေးလုံး၊ အမိုးနီးယားဆိုလူးရှင်း (Ammonia solution) ၃၀၀ မီလီလီတာပါ ဘူး တစ်လုံး၊ ဆိုဒီယမ်ကလိုရိုက် (Sodium chloride) ၅၀၀ ဂရမ်ပါ ဘူးတစ်လုံး၊ အမိုနီယမ် ကလိုရိုက် (Ammonium chloride) ၅၀၀ ဂရမ်ပါ ဘူးတစ်လုံး၊ ဟိုက်ဒရိုဂျနိတ်တက် တော်လိုဝါမင်း (Hydrogenated Tallowamine) ၂၅ ကီလိုဂရမ်ပါ ၃၇ အိတ်၊ ထင်းရှူးဆီခဲ ဒသမ ၂၅ တန်ခန့်၊ ဖယောင်းစေး ဒသမ ၂၅ တန်ခန့်နှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းစုံ ၃၅ မျိုးတို့အား တူးဖော်သိမ်းဆည်းရမိခဲ့သည်။

လောက်ကိုင်ဒေသ၌ ၂၀၀၉ ခုနှစ်က MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်စက်ရုံနှင့် မူးယစ်ဆေးဝါးစက်ရုံများ တည်ဆောက်ကာ လက်နက်နှင့် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖြန့်ဖြူး၍ တရားမဝင် စီးပွားရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ ထို့နောက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အင်အားတည်ဆောက်လာခဲ့မှုများကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရန် နယ်မြေရှင်းလင်းခဲ့ရာ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် အဆိုပါယမ်းနှင့် ဆက်စပ်ပစ္စည်းများကို မြေမြှုပ်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တူးဖော်သိမ်းဆည်းရမိခဲ့သည့် ယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား နယ်မြေခံတပ်မှ မိုင်းရှင်းလင်းရေးအဖွဲ့များဖြင့် စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ပြီး အဆိုပါ နေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသဖြင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ရပ်ကွက်(၃)နေ ဦးထွန်းဦးသည် ဇန်နဝါရီ ၁၀ရက် ညနေ ၃ နာရီခွဲခန့်က ကန်တော်ယန်ကျေးရွာနှင့် နမ်ပေါင်ကျေးရွာအကြား၌ လမ်းဘေးသို့ ရေခပ်ရန်သွားရောက်ရာ KIA လက်နက်ကိုင်အဖွဲ့မှထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းထိလူနာအား မြစ်ကြီးနားမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငါးခိုးဖမ်းသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ခြောက်ဦးအား ပြည်နှင်ဒဏ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၂**
မြန်မာ့ရေပိုင်နက်အတွင်း ငါးခိုးဖမ်းသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခြောက်ဦးအား ပြစ်ဒဏ်ကျခံနေရာမှ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးရန် နိုင်ငံတော်သမ္မတရုံးက ယမန်နေ့က အမိန့်ထုတ်ပြန်လိုက်ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့နယ် အုန်းကျွန်းကျေးရွာနေ ရော်ရှီးအူလ္လာနှင့် ငါးဦးတို့အား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဘင်္ဂလားပင်လယ်အော် မြန်မာ့ရေပိုင်နက်အတွင်းတွင် ငါးဖမ်းစက်လှေဖြင့် ငါးခိုးဖမ်းနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုဖြင့် ၎င်းတို့ ခြောက်ဦးအား ဘူးသီးတောင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံစေလျက်ရှိရာမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးရန် ယမန်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတရုံး အမိန့်အရ ၎င်းတို့အား ကတိဝန်ခံ လက်မှတ်များ ရေးထိုးစေပြီး ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အမေရိကန်သမ္မတသစ်နှင့် ကမ္ဘာ့ကုန်သွယ်မှုအလားအလာ


## တက္ကသိုလ်ဟန်စိုးဦး

၂၀၁၆ ခုနှစ်ကုန်ပြီး ၂၀၁၇ နှစ်သစ်ကို စတင်ဝင်ရောက်လာချိန်မှာ ကမ္ဘာကြီးဟာ နိုင်ငံရေးနဲ့ စီးပွားရေး၊ ကုန်သွယ်ရေးအရ အပြောင်းအလဲတွေ၊ မသေချာမရေရာမှုတွေကို ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ အမေရိကန်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီး ဒေါ်နယ်ထရန့် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီးတဲ့နောက် ဒေါ်နယ်ထရန့်ဟာ သူ့သမ္မတသက်တမ်းမှာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးကိစ္စရပ်ဆိုင်ရာမူဝါဒတွေကို ပြောင်းလဲမှုတွေပြုလုပ်သွားမယ်လို့ ထုတ်ဖော်ကြေညာခဲ့မှုတွေဟာ ကမ္ဘာ့နိုင်ငံတွေအကြားမှာ ရိုက်ခတ်မှုတွေ ရှိလာခဲ့ပါတယ်။

အထူးသဖြင့် အမေရိကန်နိုင်ငံသားတွေရဲ့ အလုပ်အကိုင်ဆုံးရှုံးမှုတွေ ဆက်လက်မဖြစ်ပွားစေဖို့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးကုမ္ပဏီကြီးတွေအနေနဲ့ လုပ်အားခဈေးသက်သာတဲ့ နိုင်ငံတွေဆီ စက်ရုံအလုပ်ရုံတွေ ရွှေ့ပြောင်းနေကြတဲ့ အစီအစဉ်တွေကို ရပ်ဆိုင်းကြဖို့ ပြောကြားခဲ့သလို အမေရိကန်နိုင်ငံနဲ့ အခြားနိုင်ငံတွေအကြား ကုန်သွယ်ရေးမှာ မညီမျှမှုတွေ ဖြစ်ပွားနေတာကို ကိုင်တွယ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒေါ်နယ်ထရန့်ဟာ သမ္မတရာထူးတာဝန် စတင်မထမ်းဆောင်မီကာလအတွင်းမှာတောင် အမေရိကန်ကုမ္ပဏီအချို့ကို စတင်ဆွဲဆောင်စည်းရုံးသိမ်းသွင်းခဲ့ရာမှာ လေအေးပေးစက်အစိတ်အပိုင်းတွေထုတ်လုပ်တဲ့ Carrier ကုမ္ပဏီရဲ့ စက်ရုံတစ်ရုံ မက္ကဆီကိုနိုင်ငံကို ရွှေ့ပြောင်းမယ့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့တဲ့အတွက် အမေရိကန်နိုင်ငံသား ၈၀၀ အလုပ်အကိုင်ဆုံးရှုံးမယ့်အရေးကို ကာကွယ်နိုင်ခဲ့ပါတယ်။ အလားတူပဲ Ford မော်တော်ကားကုမ္ပဏီဟာ ၁ ဒသမ ၆ ဘီလီယံဒေါ်လာကုန်ကျမယ့် မော်တော်ကားတပ်ဆင်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံကို မက္ကဆီကိုနိုင်ငံမှာ ဆောက်လုပ်မယ့်အစီအစဉ်ကိုလည်း ရပ်ဆိုင်းကြောင်း ဇန်နဝါရီလ ၃ ရက်နေ့က ကြေညာခဲ့ပါတယ်။

ဒါ့အပြင် သမ္မတအိုဘားမားလက်ထက်က အမေရိကန်နိုင်ငံနဲ့ အာရှ-ပစိဖိတ်ဒေသမှာရှိတဲ့ နိုင်ငံ ၁၁ နိုင်ငံအကြား ဆယ်နှစ်ကျော်ကြာ အပြင်းအထန် အကြိတ်အနယ် ညှိနှိုင်းဆွေးနွေးပြီးမှရရှိခဲ့တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုမိတ်ဖက်သဘောတူညီချက် (Trans-Pacific Partnership-TPP) ကနေလည်း သူသမ္မတတာဝန်စတင်ထမ်းဆောင်တဲ့နေ့မှာပဲ နှုတ်ထွက်သွားမယ်လို့ သမ္မတလောင်း ဒေါ်နယ်ထရန့်က ကြေညာထားပါတယ်။ TPP ရဲ့ သဘောတူညီချက်တွေအရ အမေရိကန်နိုင်ငံ မပါဝင်ရင် TPP ဟာ အသက်ဝင်လာဖို့ ဖြစ်နိုင်ခြေမရှိတဲ့အတွက် TPP အဖွဲ့ဝင် ကျန်နိုင်ငံတွေဟာ သဘောတူညီချက်ကို မိမိတို့ပြည်တွင်းဥပဒေတွေနဲ့အညီ အတည်ပြုနိုင်ဖို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ရပ်ဆိုင်းထားကြပြီဖြစ်ပါတယ်။

TPP သဘောတူညီချက်ရရှိဖို့ စတင်ဆောင်ရွက်စဉ်က တရုတ်နိုင်ငံ မပါဝင်နိုင်အောင် ဆောင်ရွက်ခဲ့ကြတဲ့အတွက် TPP သဘောတူညီချက်ကနေ အမေရိကန်နိုင်ငံ နှုတ်ထွက်မယ့်သတင်းဟာ တရုတ်နိုင်ငံအတွက်ကတော့




(ကမ္ဘာ့ကုန်သွယ်မှုတွင် ပြည်ပပို့ကုန်ဈေးကွက်ရှယ်ယာအများဆုံး ရရှိထားသည့် ငါးနိုင်ငံ)

သတင်းကောင်းတစ်ခုဖြစ်ပါလိမ့်မယ်။ TPP သဘောတူညီချက် အခြေအနေမကောင်းတော့တဲ့အတွက် တရုတ်နိုင်ငံဟာ သူဦးဆောင်တဲ့ သီးခြားလွတ်လပ်တဲ့ကုန်သွယ်ရေးသဘောတူညီချက်တွေကိုတောင် ဖော်ထုတ်အဆိုပြုလာဖို့ ရှိလာနိုင်ပါတယ်။ သို့သော်လည်း ဒေါ်နယ်ထရန့်ဟာ တရုတ်-အမေရိကန် နှစ်နိုင်ငံကုန်သွယ်မှုမှာ မညီမမျှဖြစ်နေတာတွေကို ကုစားသွားဖို့ တရုတ်နိုင်ငံက သွင်းကုန်ပစ္စည်းတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံသွားမယ့်အကြောင်း၊ ဒါ့အပြင် တရုတ်နိုင်ငံကို ငွေကြေးတန်ဖိုးထိန်းချုပ်ကစားတဲ့နိုင်ငံ (Currency Manipulator) အဖြစ် သတ်မှတ်သွားမယ့်အကြောင်း ထုတ်ဖော်ပြောကြားထားတဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ မျှော်လင့်မထားတဲ့ ရိုက်ခတ်မှုတွေ ရှိလာနိုင်တာကိုလည်း တွေ့မြင်နေရပါတယ်။

အခုဆိုရင် တရုတ်နိုင်ငံဟာ အာရှဒေသမှာသာမကဘဲ ကမ္ဘာ့ကုန်သွယ်မှုမှာ ဒုတိယအကြီးဆုံး ပို့ကုန်ပစ္စည်းတင်ပို့တဲ့နိုင်ငံဖြစ်တဲ့အပြင် ကမ္ဘာအနှံ့က ကုန်ကြမ်းပစ္စည်းတွေကို အမြောက်အမြား တင်သွင်းနေတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအရ အင်အားကြီးမားလာနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာ အောက်မှာဖော်ပြထားတဲ့အချက်တွေက သက်သေပြနေပါတယ်။ (၂၀၁၁ ခုနှစ် စာရင်းဖြစ်ပါတယ်။)

- တရုတ်နိုင်ငံရဲ့ ဂျီဒီပီဟာ ၅ ဒသမ ၈၇ ထရီလီယံဒေါ်လာရှိပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယအင်အားအကြီးဆုံးနိုင်ငံ ဖြစ်ပါတယ်။
- ပြီးခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်း စီးပွားရေးနှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းရဲ့ ၄၀ ရာခိုင်နှုန်းရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။
- ကမ္ဘာပေါ်မှာ စွမ်းအင်အများဆုံးသုံးစွဲနေတဲ့နိုင်ငံဖြစ်ပါတယ်။
- ကမ္ဘာပေါ်မှာ လူသုံးကုန်ပစ္စည်းတွေအများဆုံး တင်ပို့ရောင်းချတဲ့နိုင်ငံဖြစ်သလို လူသုံးကုန်ပစ္စည်းတွေ ဒုတိယအများဆုံး ဝယ်ယူတင်သွင်းနေတဲ့နိုင်ငံဖြစ်ပါတယ်။




ကမ္ဘာ့ကုန်သွယ်မှုစနစ်တွင် အဓိကဒေါက်တိုင်ကြီး (၃) ရပ်အဖြစ် ပေါ်ထွက်လာခဲ့သည့် အမေရိကန်၊ တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ပူးတွဲထိန်းကျောင်းမှုဖြင့် ကမ္ဘာ့ကုန်သွယ်မှုရေယာဉ်ကြီး မနစ်မြုပ်သွားစေရေး ဆောင်ရွက်သွားနိုင်ကြောင်း သရုပ်ဖော်ထားပုံ။

- ကမ္ဘာပေါ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံး လက်ခံရရှိနေတဲ့နိုင်ငံ (၁၀၅ ဒသမ ၇ ဘီလီယံဒေါ်လာ)ဖြစ်ပြီး ပြည်ပနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှု (၆၀ ဒသမ ၅ ဘီလီယံ ဒေါ်လာ) ပဉ္စမအများဆုံးနိုင်ငံဖြစ်ပါတယ်။
- ငွေကြေးအရင်းအနှီးအရ ကမ္ဘာပေါ်မှာ အကြီးဆုံးဘဏ်ကြီး ၁၀ ခုအနက် ဘဏ်လေးခုရှိတဲ့နိုင်ငံဖြစ်ပါတယ်။
- ကမ္ဘာပေါ်မှာ နိုင်ငံခြားအရန်ငွေ (၃ ဒသမ ၂ ထရီလီယံဒေါ်လာ) အများဆုံးပိုင်ဆိုင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။
- မီလီယံနာသူဌေး တစ်သန်းကျော်နဲ့ ဘီလီယံနာသူဌေး ၁၁၅ ဦးရှိပြီး ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးတွေအများဆုံးရှိတဲ့နိုင်ငံဖြစ်ပါတယ်။
- အမေရိကန်အစိုးရရဲ့ကြွေးမြီတွေ (၁ ဒသမ ၆ ထရီလီယံဒေါ်လာ) အများဆုံးပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွင်းမှာ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ ၆၅၉ ဒသမ ၄ ဘီလီယံဒေါ်လာရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို တင်ပို့မှုပမာဏဟာ ၁၆၁ ဒသမ ၆ ဘီလီယံဒေါ်လာရှိပြီး တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူတင်သွင်းတဲ့ ပမာဏဟာ ၄၉၇ ဒသမ ၈ ဘီလီယံဒေါ်လာရှိခဲ့တဲ့အတွက် အမေရိကန်နိုင်ငံဟာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုမှာ လိုငွေ ၃၃၆ ဒသမ ၂ ဘီလီယံဒေါ်လာရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၄ ခုနှစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုကနေ တရုတ်နိုင်ငံကိုတင်ပို့တဲ့ ပို့ကုန်လုပ်ငန်းတွေကြောင့် အမေရိကန်နိုင်ငံသား ၂၅၀၀၀၀ ကျော် အလုပ်အကိုင်တွေရရှိခဲ့တယ်လို့ သိရှိရပါတယ်။ ဒီအချက်တွေဟာ အမေရိကန်-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍမှာ ထိတွေ့ဆက်ဆံမှုပုံစံတွေ အပြောင်းအလဲရှိလာခဲ့ရင် ကျန်ဒေသတွေနဲ့ နိုင်ငံတွေအပေါ်မှာလည်း ရိုက်ခတ်မှုတွေရှိလာမှာဖြစ်တယ်ဆိုတာ ဖော်ပြနေပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း ကမ္ဘာ့ကုန်သွယ်မှုစနစ်ကနေ နိုင်ငံတွေအကြား ဘယ်လိုသက်ရောက်မှုတွေဖြစ်ခဲ့တယ်၊ ဆက်ဆံရေးတွေ ဘယ်လိုဖြစ်ပေါ်ပြောင်းလဲလာတယ်ဆိုတာကို လေ့လာတင်ပြလိုပါတယ်။

ယေဘုယျအားဖြင့် သမားရိုးကျကုန်သွယ်မှုစနစ်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီက ဈေးနှုန်းသက်သာတဲ့ ကုန်ပစ္စည်းတွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဝယ်ယူတင်သွင်းတဲ့ အခြေခံအပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လုပ်အားခဈေးနှုန်း သက်သာမှုကြောင့် အနောက်နိုင်ငံတွေမှာရှိတဲ့ စားသုံးသူတွေဟာ အဝတ်လျှော်စက်၊ အခြောက်ခံစက်၊ မိုက်ခရိုဝေ့ဖ်မီးဖို၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်တွေအပါအဝင် လူသုံးကုန်ပစ္စည်းတွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ဝယ်ယူပိုင်ဆိုင်ဖို့ အခြေအနေတွေ ဖန်တီးဖော်ဆောင်ပေးပါတယ်။ ဒီလိုဈေးနှုန်းသက်သာတဲ့ပစ္စည်းတွေ ဝယ်ယူခြင်းကနေ ထွက်ပေါ်လာတဲ့ ပိုလျှံငွေ (တစ်နည်းအားဖြင့်) စုဆောင်းရမိငွေဟာ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးအတွင်း ပြန်လည်လည်ပတ်စီးဝင်ခြင်းဖြင့် ခိုင်မာတောင့်တင်းတဲ့ ပြည်တွင်းစားသုံးသူဈေးကွက်ကို ဖြစ်ပေါ်စေပါတယ်။

ဒီသမားရိုးကျကုန်သွယ်မှုစနစ်ကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ စီးပွားရေးအရ ထွန်းသစ်စနိုင်ငံတွေဟာလည်း အကျိုးအမြတ်ကို ခံစားကြရပါတယ်။ ဒီနိုင်ငံတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ကောင်းမွန်လာပြီး သာမန်လူတန်းစားတွေရဲ့ လူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်လာစေပါတယ်။ ဥပမာအနေနဲ့ အကောင်းဆုံးပြနိုင်တာကတော့ တရုတ်နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေးအရ တံခါးဖွင့်ဝါဒပြောင်းလဲကျင့်သုံးခဲ့ပြီးတဲ့နောက် နှစ်ပေါင်း ၄၀ ကာလအတွင်း နိုင်ငံတွင်းရှိ ပြည်သူသန်းပေါင်း ၅၀၀ ကို ဆင်းရဲနွမ်းပါးမှုနွံကနေ လွတ်မြောက်စေခဲ့ပြီး ငွေကြေးသုံးစွဲနိုင်တဲ့ လူလတ်တန်းစားတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလူလတ်တန်းစားတွေဟာ အခုဆိုရင် ပြည်ပကနေတင်သွင်းတဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲနေကြသလို ပြည်ပနိုင်ငံတွေကိုလည်း သွားရောက်လည်ပတ်လျက်ရှိကြရာမှာ တရုတ်ခရီးသွားတွေဟာ ကမ္ဘာလှည့်ခရီးသွားလောကမှာ ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။

သို့သော်လည်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်းမှာ စီးပွားရေးအရ ထွန်းသစ်စနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေဟာ သမားရိုးကျကုန်သွယ်မှုစနစ်ပုံစံအခြေပြုထားတဲ့ ယူဆချက်တွေအပေါ်မှာ ပြန်လည်မေးခွန်းထုတ်လာခဲ့ကြပါတယ်။ အဓိကအကျဆုံးမေးခွန်းကတော့ သမားရိုးကျကုန်သွယ်မှုပုံစံဟာ မျှတမှုရှိရဲ့လားဆိုတာပဲဖြစ်ပါတယ်။

ကုန်ပစ္စည်းထုတ်လုပ်မှုအများစုကို ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို ရွှေ့ပြောင်းထုတ်လုပ်ကြတယ်ဆိုပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ နိုင်ငံတကာစီးပွားရေးကုမ္ပဏီကြီးတွေဟာ နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာတွေကို မိမိတို့နိုင်ငံတွင်းမှာသာထားရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ရွှေ့ပြောင်းတဲ့ စက်ရုံတွေကိုတော့ အဆင့်နိမ့်တဲ့ နည်းပညာမျိုးကိုသာ လွှဲပြောင်းပေးလေ့ရှိကြပါတယ်။

၂၀၀၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကိုပြောရရင် အမေရိကန်ပြည်ထောင်စုမှာ စီးပွားရေးအရ မရိုးမသားဖြစ်စဉ်တစ်ခုကနေ စတင်ခဲ့တဲ့ ငွေကြေးအကျပ်အတည်းဟာ ကျန်ကမ္ဘာ့နိုင်ငံတွေဆီကို ဘာကြောင့် တောမီးပမာ လျင်လျင်မြန်မြန် ပျံ့နှံ့သွားခဲ့ရသလဲဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ တကယ်ဆိုရင် အမေရိကန်နိုင်ငံဟာ နိုင်ငံတကာအတွေ့အကြုံရှိ ထိပ်တန်းဘဏ္ဍာရေးအဖွဲ့အစည်းတွေ အများအပြားရှိပြီး တင်းကျပ်တဲ့ ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားတဲ့ နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါတယ်။ ငွေကြေးအကျပ်အတည်းကနေ ရုန်းထွက်ဖို့ အမေရိကန်အစိုးရက ချမှတ်ခဲ့တဲ့ ကယ်ဆယ်ရေးစီမံကိန်းဟာ အမေရိကန်နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်ဟာ ဒေါ်လာငွေတွေကို အမြောက်အမြား ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ အတိုးနှုန်းသက်သာလာမှုဟာ အမေရိကန်ရဲ့ စီးပွားရေးကို အသက်ရှူချောင်ခဲ့ပေမယ့်လည်း ကမ္ဘာရဲ့ကျန်ဒေသတွေမှာတော့ ပြဿနာအသစ်တွေကို မွေးထုတ်ပေးခဲ့ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဒေါ်လာငွေတွေ အစုလိုက်အပြုံလိုက်ဝင်ရောက်လာခဲ့ပြီး အမြတ်အစွန်းရရှိစေဖို့ ရင်းနှီးမြှုပ်နှံကြရင်းနဲ့ အိမ်ရာမြေဈေးကွက်တွေ ပြိုကျပျက်စီးခြင်းကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

အကယ်၍များ အမေရိကန်ဗဟိုဘဏ်ဟာ အတိုးနှုန်းကို မြှင့်တင်လိုက်မယ်ဆိုရင် ဘာတွေဖြစ်လာနိုင်မလဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို ရောက်ရှိနေပြီဖြစ်တဲ့ ဒေါ်လာငွေတွေဟာ အမေရိကန်နိုင်ငံဆီ ပြန်လည်ဝင်ရောက်လာပြီး နိုင်ငံတကာ ငွေကြေးဈေးကွက်တွေမှာ ကမောက်ကမတွေဖြစ်လာနိုင်မလားဆိုတာ စဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာ-ယူကရိန်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပါဗလိုကလင်းကင်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဧည့်သည်တော်ဝန်ကြီးက မိမိခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လုပ်ဆောင်ရန်အတွက်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ရင်ဆိုင်နေရသည့် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများရှိသည်ကို သိရှိကြောင်း၊ မိမိနိုင်ငံတွင်လည်း အလားတူ စိန်ခေါ်မှုများရှိကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် လုပ်ဆောင်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးအကြံပေးအဖွဲ့နှင့် DPN တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ငြိမ်းချမ်းရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည် ဦးဆောင်ပြီး ဦးလှမောင်ရွှေ၊ ဒေါက်တာ မင်းဇော်ဦးနှင့် နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးကျော်လင်းဦးတို့ပါဝင်သည့် ငြိမ်းချမ်းရေးအကြံပေးအဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် ခုဦးရယ်ဦးဆောင်သော နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)တို့သည် ဇန်နဝါရီ ၁၃ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဦးလှမောင်ရွှေက"အဓိကကတော့ ဆွေးနွေးပွဲတွေ ပြန်လည်ဆောင်ရွက်ဖို့ပဲ။ ဒီဇင်ဘာတုန်းက ခရစ္စမတ်တွေ၊ နှစ်ကူးတွေ ရှိနေတော့ တွေ့ဆုံနိုင်ခြင်းမရှိဘူး။ ကျွန်တော်တို့ ဆွေးနွေးမှာသုံးခုရှိတယ်။ နံပါတ်တစ်ကတော့ DPN အဖွဲ့နဲ့ အခြားဆွေးနွေးစရာရှိတဲ့ ကိစ္စတွေကိုဆွေးနွေးဖို့ပါ။ နှစ်ကတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ( JMC) ကိစ္စကိုရှင်းပြဖို့နဲ့ နံပါတ်သုံးကတော့ ရန်ကုန်မှာ အစည်းအဝေးတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ပါ"ဟုပြောသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)သည် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် အဖွဲ့နှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က နောက်ဆုံးတွေ့ဆုံဆွေးနွေးခဲ့ပြီး ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်ခြင်းမရှိပေ။ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)က အချက်(၉)ချက်ကို အစိုးရသို့ တောင်းဆိုထားပြီး တောင်းဆိုချက်ပါ အချက်အများစုမှာ အကြမ်းဖျင်းအားဖြင့် သဘောတူညီမှုရရှိပြီးဖြစ်သည်။

"အစိုးရဘက်ကပေးထားတဲ့ ပေါ်လစီကတော့ ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းဖွင့်ထားမယ်။ ပြီးရင် NCA လက်မှတ်ရေးထိုးမယ်။ ပြီးရင် (၂၁) ရာစုပင်လုံမှာ ဆွေးနွေးညှိနှိုင်းကြမယ်ဆိုတဲ့ ပေါ်လစီပေးထားတော့ ပေါ်လစီဘောင်ထဲကနေဆောင်ရွက်ဖို့ ပြင်ဆင်ထားတာပါ။ နောက်မကြာမီ ကျင်းပတော့မယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံရဲ့ ဒုတိယအစည်းအဝေးမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေ တက်ရောက်နိုင်ဖို့ဆိုတဲ့ ကိစ္စလည်းပါတယ်"ဟုဦးလှမောင်ရွှေက ပြောသည်။

UNFC တောင်းဆိုချက် (၉) ချက်နှင့်ပတ်သက်၍မူ UNFC ဘက်က တောင်းဆိုသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC တွင် နိုင်ငံခြားသားများအား ထည့်သွင်းရန် ဆိုသည့်အချက်မှာ အစိုးရအနေဖြင့် သဘောတူညီရန် အခက်အခဲအဖြစ်ရှိနေပြီးUNFC မှ ပါစေချင်သည့် ပုံစံနှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်ပါစေချင်သည့် ပုံစံသည်လည်း အနည်းငယ်ကွဲပြားလျက်ရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အတွင်းရေးမှူး(၂)ဗိုလ်မှူးကြီးဝဏ္ဏအောင်က "ပူးတွဲစောင့်ကြည့်တဲ့နေရာမှာ တိုင်းပြည်ရဲ့ အနေအထားနဲ့ ကိုယ့်အိမ်တွင်းပြဿနာ ကိုယ်တိုင်ရှင်းရမယ်ဆိုတဲ့ အခြေခံနဲ့ JMC စထူထောင်လာတာ ဖြစ်တဲ့အတွက် အိမ်တွင်းရေးပြဿနာကို ပြည်ပက နိုင်ငံခြားသားကိုခေါ်ယူခြင်းမရှိဘဲ အရပ်သားကိုယ်စားလှယ်ကိုသာ ထည့်သွင်းထားပါတယ်။ NCA အခြေခံထဲမှာလည်း မထည့်ထားတဲ့အတွက် ပြင်ပက အခြားကို JMC ထဲမှာထည့်သွင်းမှာတော့ မဟုတ်ပါဘူး"ဟုဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်တွင် ပြုလုပ်သည့် JMC မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားသည်။

မူဘောင် Framework ပြင်ဆင်နေမှုများ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ အစိုးရအနေဖြင့် ဇန်နဝါရီလအတွင်း အပြီးသတ်ရေးဆွဲနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ဦးလှမောင်ရွှေက "အခု ကျွန်တော်တို့ ချင်းမိုင်မှာအလွတ်သဘောသွားရောက်ဆွေးနွေးတာက ရန်ကုန်မှာ အစည်းအဝေးတွေ ပြန်စနိုင်ဖို့ပါ"ဟု ပြောသည်။

ယခုသွားရောက်သည့် ငြိမ်းချမ်းရေးအကြံပေးအဖွဲ့အနေဖြင့် DPNအား ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ကြားမည်ဖြစ်ပြီး မူဘောင် Framework နှင့်ပတ်သက်၍ရှင်းပြရန်နှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရဲခေါင်ညွန့်)**



# ဇန်နဝါရီ ၁၀ ရက်က RB News ဝက်ဘ်ဆိုက်၌ ပါရှိခဲ့သည့် သတင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ မမှန်မကန် သတင်းထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ၌ ဇန်နဝါရီ ၈ ရက်က နယ်မြေခံတပ်မှ အဘရှာဟာတူလ္လာ၏သား ကော်ရီမူလ္လာကိုဖမ်းဆီး၍လူမဆန်စွာရိုက်နှက်ပြီး လက်နက်များသိုဝှက်ထားသည့် နေရာများကို ပြောခိုင်းကြောင်းနှင့် နှိပ်စက်မခံလိုပါက ငွေကျပ်၁၀ သိန်းပေးရန် တောင်းသဖြင့် ငွေကျပ် ၁၀ သိန်းပေးခဲ့ရကြောင်း RB News ဝက်ဘ်ဆိုက် ဇန်နဝါရီ ၁၀ ရက်က ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျားခေါင်းတောင်ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရွာသားများရှေ့မှောက်၌ ကော်ရီမူလ္လာကို စစ်ဆေးမေးမြန်းရာ တပ်မတော်စစ်ကြောင်းများက လူမဆန်စွာရိုက်ခြင်း၊ ငွေကျပ် ၁၀ သိန်းပေးခဲ့ရခြင်း မရှိကြောင်း၊ ၎င်းဖြစ်စဉ်မှာလည်း ဖြစ်ပွားခဲ့ခြင်းမရှိဟု ကျေးရွာမှတာဝန်ရှိသူများနှင့် ဒေသခံများ ရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးထွက်ဆိုခဲ့ကြောင်းနှင့် ကော်ရီမူလ္လာမှာလည်း ညှဉ်းပန်းနှိပ်စက်ခံထားရသည့် ဒဏ်ရာများရရှိထားခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေနှင့်အညီ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ပြည်သူနှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ့်ဆန်မြို့အနီး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနေရာသို့ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် ဟိုချောင်းကျေးရွာအတွင်းသို့ လက်နက်ကြီးဗုံးသီး လေးလုံး ကျရောက်ပေါက်ကွဲပြီး ပြည်သူနှစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့အနီးရှိ တပ်မတော်စစ်ကြောင်းနေရာသို့ TNLA လက်နက်ကိုင်အဖွဲ့များက မြို့၏အနောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ မြတ်တောင်ရိုး ဘုရားကုန်းနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နမ့်ဆန်မြို့၏ အနောက်ဘက်မီတာ ၃၀၀၀ ခန့်အကွာရှိ ဟိုချောင်းကျေးရွာအတွင်းသို့ လက်နက်ကြီးဗုံးသီးလေးလုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူ အမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လားရှိုးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်



ပေးခဲ့ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့်နေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ဖက်နိုင်ငံသို့ပို့ဆောင်မည့် အဆိပ်ပြင်းသည့်မြွေမျိုးစုံပါသည့်ထင်းရှူးသေတ္တာ ၂၀၃ လုံး သိမ်းဆည်းရမိ

**နောင်ချို ဇန်နဝါရီ ၁၂**

နောင်ချိုမြို့ အိုရီယမ်တယ်တိုး(လ်)ဂိတ်အနီးတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်အောင်ကျော်မိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူ ဦးစီးသော သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ ပိတ်ဆို့ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေကြစဉ် ရပ်စောက်မြို့နယ်ဘက်မှ ကျောက်မဲမြို့ဘက်သို့ ယာဉ်မောင်းရဲမြင့်အောင် မောင်းနှင်လာသည့် 4F\-----နီဆန်းကန်တာ ၁၀ ဘီးအပြာရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင်ဖရဲသီးများဖုံးအုပ်ပြီး အောက်မှ တရားမဝင် အဆိပ်ပြင်းမြွေမျိုးစုံပါသည့်ထင်းရှူးသေတ္တာ ၂၀၃ လုံးဖြင့် သိုဝှက်သယ်ဆောင်လာသည်ကို သိမ်းဆည်းရမိသည်။

တရားမဝင်မြွေများသယ်ဆောင်လာသော ယာဉ်မောင်း ရဲမြင့်အောင် အသက် (၃၄)နှစ် သပြေရိုးကျေးရွာ စဥ့်ကိုင်မြို့နယ်၊ ယာဉ်နောက်လိုက် အောင်မြတ် (၅၂)နှစ် ကြူကုတ်-ပန်ဆိုင်းမြို့၊ ခင်မောင်သန်း (၄၁)နှစ် ဇီးကုန်းကျေးရွာ စဥ့်ကိုင်မြို့နယ်၊ ဝင်းမင်းထွန်း (၃၅)နှစ် ပင်းခြားကျေးရွာ စဥ့်ကိုင်မြို့နယ်တို့ လေးဦးအား နောင်ချိုမြို့နယ်သစ်တောဦးစီးဌာနမှ တောရိုင်းတိရစ္ဆာန်နှင့် အပင်များကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေများဖြင့် နောင်ချိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း)**

## ပြည်တွင်းရေးရာ

**✻ ကျောဖုံးမှ**

တစ်နိုင်ငံလုံးအတွက် အလွန်အရေးကြီးသည့်ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးကို ယနေ့အချိန်အခါတွင် အစွမ်းကုန်တည်ဆောက်နေပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအမြန်ဆုံးရရှိအောင် ဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု(ပင်လုံ)အား အထောက်အကူပြုသည့်အနေအထားဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာ ငြိမ်းချမ်းရေးရရှိရေးအတွက် လုပ်ဆောင်သည့်အနေဖြင့် အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အခမ်းအနားကျင်းပရာတွင်လည်း လုံခြုံရေးအမြင်၊ လုံခြုံရေးအသိ၊ သတိများ လျှော့ချခြင်းမပြုဘဲ အထူးကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်ပြီး ယဉ်ကျေးချိုသာစွာပြောဆိုဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်ထောင်စုနေ့ ဦးတည်ချက်များနှင့်အညီ အခမ်းအနားများအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေးနှင့် နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ ကျန်းမာရေး၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအား ပြန်လည်သုံးသပ်ပြောကြားရာတွင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက် ဆပ်ကော်မတီ ၁၄ ခုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကိုဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ ၁၄ ခုတို့ ပေါင်းစည်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို စေ့စပ်သေချာစွာ ဆောင်ရွက်ထားရန်လိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို အမြဲတမ်းစစ်ဆေးပြီး စနစ်တကျ သပ်သပ်ရပ်ရပ်ပြီးစီးအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းမှာကြားသည်။

အစည်းအဝေးသို့ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် နိုင်သက်လွင်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

## SSA(ဝမ်ဟိုင်း)အဖွဲ့၏ ဆက်ကြေးကောက်ခံခြင်းနှင့် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းတို့ကြောင့် ပြောင်းရွှေ့လာသည့် တိုင်းရင်းသားပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်း SSA(ဝမ်ဟိုင်း) အဖွဲ့၏ ဆက်ကြေးကောက်ခံခြင်းနှင့် အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းတို့ကြောင့် ဟိုဆိုင်းကျေးရွာအုပ်စု ပန်နှင်းကျေးရွာနှင့် ဝမ်မိုင်းကျေးရွာတို့မှ ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ရေဖြူကျေးရွာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများအားထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရေဖြူကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။



ရှေးဦးစွာအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှုတ်ဆက်အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းသည့် ဆန် ၁၁၉ အိတ်၊ ဆီ ၂၂၇ ပိဿာ၊ ဆား အထုပ် ၁၈၀ နှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရေသန့်ဆေးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် မားသဲကျေးရွာအုပ်စု မုံပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၁ ဦးအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် သုတ၊ ရသစာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✻ ရန်ကုန်ယာဉ်လိုင်းမှ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးဗဟိုကော်မတီလက်အောက်တွင် ယာဉ်လိုင်းအဖွဲ့ကြီး ပေါင်း ၁၈ ဖွဲ့၊ ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိရာမှ ခရီးလမ်းကြောင်းတူ ဘတ်စ်ကားလိုင်းများကို စနစ်တကျ စုစည်းကြပ်မတ်ကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ခရီးသည်ပို့ဆောင်ရေးကို ပြေးဆွဲပေးမည့် ရန်ကုန်ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်မည်ဖြစ်သည်။

စနစ်သစ်ဖြင့် စတင်ပြေးဆွဲမည့်နေ့တွင် ခရီးသည်များ အခက်မကြုံစေရန် ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအခြေပြုအဖွဲ့များက ပါဝင်ကူညီကြမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့်လည်း ဘတ်စ်ကားခရီးစဉ်လမ်းကြောင်းများနှင့် ခရီးစဉ်မြေပုံကို သိရှိလိုပါက Yangon Bus Service-YBS ၏ အင်တာနက်စာမျက်နှာ http://YangonBus.com တွင် ကြည့်ရှုနိုင်မည်ဖြစ်ပြီး Hotline တယ်လီဖုန်းနံပါတ် ၁၈၈၁၊ လိုင်းခွဲနံပါတ် ၂ သို့လည်း ဆက်သွယ်မေးမြန်းနိုင်သည်ဟု သိရသည်။ ယင်းအပြင် မိုဘိုင်းအပလီကေးရှင်းများ အသုံးပြုနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ယခု ၂၀၁၇ နှစ်စမှ စတင်ကာ ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေး၏ အဓိကအားထားနေရသော ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဘတ်စ်ကားအသစ်များဝယ်ယူခြင်း၊ အစားထိုးခြင်းနှင့် အများပိုင်ယာဉ်လိုင်းများ ဖွဲ့စည်းထူထောင်နိုင်ရန်ပြင်ဆင်ခြင်း၊ အများပိုင်ကုမ္ပဏီအဆင့် ထူထောင်နိုင်ခြင်းမရှိသေးမီ အစုအဖွဲ့များဖြင့် ယာဉ်လမ်းကြောင်းများအလိုက် စနစ်တကျပြေးဆွဲစေခြင်း၊ အိုဟောင်းဘတ်စ်ကားများအား လဲလှယ်ကာ ဘဏ်ချေးငွေစနစ်ဖြင့် ကားသစ်များဝယ်ယူခြင်း၊ အစိုးရ၏ မတည်ရင်းနှီးငွေဖြင့် အများပိုင်ယာဉ်လိုင်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းတို့ဖြင့် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**( ဝဝ၁)**

## ဘတ်စ်ကားစနစ် ပြုပြင်ဆောင်ရွက်ပြီးပါက စီးတီးတက္ကစီများအား ကြပ်မတ်ရန် စစ်တမ်းကောက်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်မြို့၏ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ် ပြုပြင်ဆောင်ရွက်ပြီးပါက မြို့တော်အတွင်း ပြေးဆွဲနေသည့် အငှားယာဉ်များဖြစ်သော စီးတီးတက္ကစီများကို ကိုင်တွယ်ကြပ်မတ်ရန် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ရန်ကုန်မြို့၏ ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို စတင်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပြီး ယခင်က မထသ၏ စီမံအုပ်ချုပ်သည့်စနစ်မှ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ် ကွပ်ကဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲသည့်စနစ်ဖြင့် ယာဉ်လိုင်းအမှတ်(၁)မှ (၆၁)အထိ လမ်းကြောင်းသစ်များ ရေးဆွဲကာ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။ အဆိုပါ ဘတ်စ်ကားစနစ်ပြုပြင်ပြောင်းလဲမှုအသားကျစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး သုံးလခန့်အကြာတွင် ရန်ကုန်မြို့၏ အရေးပါသောပို့ဆောင်ရေးယာဉ်များဖြစ်သည့် စီးတီးတက္ကစီများကို ကိုင်တွယ်ကြပ်မတ်သွားမည်ဟု သိရသည်။

“ဘတ်စ်ကားစနစ်ပြုပြင်ပြောင်းလဲရေးက သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ရဲ့ ပထမဆုံးဆောင်ရွက်ချက်ပါ။ အများပြည်သူ ပို့ဆောင်ရေးကို အဓိကထားပြီး ကောင်းမွန်အောင် ပြုပြင်သွားရမှာပါ။ ဆက်လက်ပြီး တက္ကစီတွေကို ဆက်လက်ကိုင်တွယ်ကြပ်မတ်သွားမှာပါ။ စစ်တမ်းကောက်ယူပြီး စနစ်တကျနဲ့လုပ်ပြီးရင် ဂျီပီအက်စ်စနစ်တွေ၊ မီတာစနစ်တွေနဲ့ လုပ်သွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေသော စီးတီးတက္ကစီများကို ၂၀၁၀ ပြည့်နှစ်မတိုင်ခင်က ခရိုင်အလိုက် ခွဲခြားဆောင်ရွက်မှုများကို မြို့တော်စည်ပင်မှပြုလုပ်ခဲ့ပြီး စီးတီးတက္ကစီ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ကာ အစီးရေအားဖြင့်လည်း ၂၅၀၀၀ ခန့်ရှိခဲ့ကြောင်း မှတ်တမ်းပြုစုနိုင်မှုများ ရှိခဲ့သည်။ သို့ရာတွင် ယာဉ်လိုအပ်ချက်အရ အငှားယာဉ်စီးရေ တိုးတက်လာပြီး ယာဉ်အမျိုးအစားများမှာလည်း အမျိုးမျိုးရှိခဲ့ကာ နိုင်ငံတကာမြို့ပြများကဲ့သို့ စနစ်တကျကြပ်မတ်ကွပ်ကဲနိုင်ရန် လိုအပ်ကြောင်း စီးနင်းသူများက ဝေဖန်ကြသည်။ ယင်းအပြင် ယခင်က တက္ကစီမီတာစနစ်ဆောင်ရွက်မှုတွင်လည်း မီတာဝယ်ယူတပ်ဆင်မှုဈေးနှုန်းကြီးမြင့်ခဲ့ကာ အမှန်တကယ်တွင် အသုံးတွင်ကျယ်မှုမရှိဘဲ ယာဉ်ပိုင်ရှင်များအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်ခဲ့ရကြောင်း ယာဉ်ပိုင်ရှင်များက ဆိုသည်။ **(ဝဝ၁)**




## ဘရူနိုင်း ဖိတ်ခေါ်ဓားသိုင်းတံခွန်စိုက်ပြိုင်ပွဲတွင် ဝိုင်းသက်အောင် ကြေးတံဆိပ်ဆွတ်ခူး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အထိကျင်းပသည့် Brunei Open Fencing Championship 2017 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ သွားရောက်ယှဉ်ပြိုင်ရာ Fencing အားကစားသမား ဝိုင်းသက်အောင်သည် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရသော Individual Men Epee ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ပြန်လည်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများနှင့် အခွင့်အရေး( ၄ )ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်တို့ကို အပြည့်အဝရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းဆိုသည့် ဖွံ့ဖြိုးတိုးတက်ခြင်းကို အဟန့်အတားဖြစ်စေသည့်လုပ်ရပ်များကို ကာကွယ်တားဆီးစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများ INGOs၊ NGOs ဌာနဆိုင်ရာ အဖွဲ့အစည်းများ စေတနာ့ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူလူထုအားလုံး ပူးပေါင်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌက ပုသိမ်မြို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင်ပါရှိသော အခြေခံမူ(၄)ရပ်ကို ကလေးတိုင်းရရှိခံစားနိုင်ရေး ဆွေးနွေးပြောကြားပြီး World Vision Myanmar မှ ဦးဝင်းဇော်ခင်(ဇုံနယ် မန်နေဂျာ)က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးသည်။

ထို့နောက် ရတနာ့မေတ္တာ တရားရေးဌာန၊ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ Save the Children Community –Base Organization၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများမှ ဆွေးနွေးမေးမြန်းခဲ့ကြကြောင်းသိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

■

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

# ကြေးမုံ ဖတ်ကြည့်

## ကျော်စောမင်း

**၁။ ၂၀၁၇**

ယခင်နှစ်မှ"ဖတ်ကြည့်" များကို တစုတဝေးတည်းပြန်ဖတ်ကြည့်ရသောအခါ ပြည်သူ့အရေးဂျာနယ်မှာ ရေးခဲ့သည်များက သမိုင်းကြောင်းဆန်နေပြီး ကြေးမုံမှ ဖတ်ကြည့်များက လမ်းညွှန်ဆန်နေသည်ကို တွေ့ရသည်။ ဆုအတွက် မူချသောအခါ အခြေခံမှုပင်မှားယွင်းနေလျှင် ဆုသည်တန်ဖိုးမရှိဖြစ်တတ်၏။ ဆုရွေးချယ်ရေးကော်မတီဆိုပြီး ဖွဲ့လိုက်လျှင် အနည်းနှင့်အများတော့ အုတ်ရောရော ဖွဲ့ရောရောဖြစ်လေ့ရှိသည်။ ကဗျာတွင် Poetic Elements ဆိုတာ မဆိုထားနှင့် မြန်မာ့ဂန္ထဝင်ကဗျာအကြောင်းပင်မသိသူတွေပါလာခဲ့ခြင်းရှိဖူးသည်။ မသိသူက အဆုံးအဖြတ်ပေးရန်နေရာတွင် ရောက်နေလျှင် ရိုင်ဖယ်နှင့် လောင်ချာကို ကွဲကွဲပြားပြားမသိသူက စစ်ကြောင်းမှူးလုပ်နေသလိုသာရှိမည်။ ရာထူးသည် ပညာကိုအမြဲကိုယ်စားပြုလေ့မရှိ။ အသက်အရွယ်ဆိုသည်ကတော့ ပညာနှင့် ဘယ်လိုမှ ဆက်စပ်မရ။ စဉ်ဆက်မပြတ်လေ့လာမှုနှင့်ထက်မြတ်သော ပင်ကိုစွမ်းရည်ကသာ ပညာနှင့်ဆိုင်သည်။ ထို့အတွက် ၂၀၁၆တွင် လမ်းညွှန်မှုများကို ဦးစားပေးရေးသားခဲ့ခြင်းဖြစ်၏။ ယခုနှစ်သစ်တွင်တော့ ကျန်ကွက်လပ်များကို ဦးစားပေးပါမည်။

**၂။ ကဗျာ**

အမေရိကန်စာရေးဆရာ Norman Mailer သည် ၁၉၅၁ တွင် The Naked and the Dead ဝတ္ထုဖြင့် နာမည်ကျော်ပြီးဖြစ်နေပါပြီ။ ထိုစဉ်က သူ၏ အသက်မှာ ၂၈ နှစ်သာရှိသေး၏။ သူ့ကို ဆောင်းပါးဆရာ Harvey Brit က ၁၉၅၁ ဇွန်လဆန်းတွင် တွေ့ဆုံမေးမြန်းပြီး The New York Times သတင်းစာကြီး၏ စာပေကဏ္ဍတွင် ထည့်သွင်းတင်ပြခဲ့၏။ အင်တာဗျူးဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ အရည်အသွေးထူးများကို နှိုက်ထုတ်ရသည်ဖြစ်ရာ Norman Mailer အင်တာဗျူးကို စာပေနယ်အတွက် အရေးပါသော အင်တာဗျူးတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ထိုအထဲတွင် ကဗျာအကြောင်းတစ်ချက်ပါသည်။ Elliot once said perhaps the main difference between the good and bad poet was not so much one of talent as it was the inability of the bad poet to be unconscious at the right times ဟူ၍ပင်။

အဲလိယတ်မှာ အင်္ဂလိပ်ကဗျာဆရာကြီး T.S .Elliot ကိုပြောခြင်းဖြစ်သည်။ ကဗျာဆရာကောင်းနဲ့ကဗျာဆရာညံ့အကြား အဓိကခြားနားချက်က ပါရမီရယ်လို့ပြောလို့မရသလောက်ပဲ။ (အဓိကခြားနားချက်က ကဗျာဆရာညံ့တွေဟာ မသိကျိုးကျွန်ပြုရမယ့်အချိန်မှာ ပြုနိုင်စွမ်းမရှိကြတဲ့အချက်ပဲဟု ဘာသာပြန်ကြည့်မိပါသည်။ Unconscious ကို မေ့မြောခြင်း၊ သတိမလည်ခြင်းဟု ဘာသာပြန်လေ့ရှိကြသော်လည်း ဇာစ်မြစ်ဖြစ်သော Conscious ကိုပြန်ကြည့်သင့်သည်ထင်ပါသည်။ Conscious မှာ သိခြင်း၊ အာရုံထားခြင်း၊ ဖြစ်ရပ်တစ်ခုအပေါ်တွင် သညက္ခန္ဓာမှ ဝေဒနက္ခန္ဓာအထိ ခရီးသွားခြင်းကို ဆိုလိုသည်။ ခံစားခြင်းဟု ဤနေရာတွင်ယူပါမည်။ ထို့ကြောင့် Unconscious ကို မခံစားဘဲနေခြင်းဟု ဆိုရပါမည်။ inability to be unconscious at the right times ကို မခံစားဘဲ မျက်နှာလွှဲခဲပစ်လုပ်နေသင့်သောအချိန်များတွင် ထိုသို့မလုပ်တတ်ခြင်းဟု ဘာသာပြန်လိုပါသည်။ right ဆိုသောစကားလုံးကို အတည်မယူလိုက်ခြင်းအား နားလည်ကြမည်ထင်ပါသည်။

ကဗျာကိစ္စဆက်ပါမည်။ ကဗျာဆရာဆိုတာ အချိန်တိုင်း ကဗျာရေးကွက်ရှာဖို့ ခံစားနေရမည်၊ ကဗျာရေးနေရမည်ဟု ထင်ကောင်းထင်ကြမည်။ ကာရန်ဇယားကြီးရှေ့ချပြီး ဘာလာလာကာရန်သွယ်နေသော "ကဗျာဆရာ" ဆိုသူများရှိခဲ့ကြပြီ။ ဂန္ထဝင် ကဗျာမှာပဲကြည့်လျှင် ပျို့ကြီးများ၊မော်ကွန်းကြီးများ၊ သံပိုင်းကြီးများ အများစုသည် ကာရန်ညီခြင်း၊ အလင်္ကာမြောက်ခြင်း၊ လှပခြင်းများရှိသော်လည်း ကဗျာမမြောက်သည်ကိုတွေ့နိုင်ကြပါသည်။

အဲလိယတ်ပြောသောကိစ္စကထို့ထက်တစ်ဆင့်ရှေ့တိုးသည်။ ခံစားမှုရှိရှိ၊ မရှိရှိ၊ အားတိုင်းကဗျာဖွဲ့နေသော ကဗျာ ဝိဒူ စာဆိုများကို မပြော။ (ကာရန်အယူကောင်းလှသောရှိတ်စပီးယားလိုစာဆိုကိုထည့်မပြော)။ ကဗျာရေးရေးနေတတ်သော ခေတ်ပေါ်ကဗျာဆရာများကိုပြောခြင်းဖြစ်သည်။ သူတို့သည် မိမိဝန်းကျင်မှဖြစ်ရပ်အားလုံးကို ခံစားသည်။ ခံစားပြီး ကဗျာတွေလှိမ့်ရေးသည်။ ဘူဖေးတည်ခင်းပွဲမှာ စားပွဲပေါ်တည်ခင်းထားသမျှ စားသုံးကြည့်လိုခြင်းဖြင့်ဥပမာပေးရပါမည်။ ပန်းချီပြခန်းမှာ တစ်ခန်းလုံးခင်းကျင်းထားသမျှကို တစ်ပြိုင်နက်ကြည့်ပြီး အားလုံးစုံစေ့အောင် ခံစားကြည့်နေခြင်းမျိုးလည်းဖြစ်မည်။ ကဗျာဆရာဆိုလျှင် စိတ်ကြိုက်တစ်ကားကို တစ်နေကုန်ထိုင်ခံစားသင့်၊ စျာန်ဝင်စားသင့်သည်ဟု ပြောခြင်းဖြစ်မလားမသိ။ အားလုံးလိုက်ခံစားတော့ အချိုအချဉ်တွေရောကုန်ပြီး ဖွယ်တယ်တယ် ဖြစ်သွားသည့်အခါ အလိုအလျောက်ပင် bad poet စာရင်းဝင်သွားလိမ့်မည်။ ရုရှားကဗျာဆရာ အဖ်တူရှင်ကို (Yevtuchenko)က ကဗျာဆရာသည် တစ်သက်လုံးကဗျာဆရာမဖြစ်၊ ရေးသမျှကဗျာတိုင်းသည်လည်း ကဗျာမဖြစ်ဟု ပြောကြားခဲ့ခြင်းကို သတိမူရန်ဖြစ်ပါ၏။

**၃။ တူးဖော်ခြင်း**

Artist at Work ဆိုသောစကားလုံးရှိ၏။ အလုပ်ခွင်မှ အနုပညာ (ကိုကြည့်ရှုခြင်း)ဟု အဓိပ္ပာယ်ယူရပါမည်။ လုပ်ငန်းခွင်မှ အနုပညာသည် သူ့ဆိုင်ရာလုပ်ငန်းခွင်တွင် အလုပ်လုပ်နေသော ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ စသည်တို့နှင့်ဘာကွာခြားပါသနည်း။ ဤအချက်ကိုဖြေကြားရန်အတွက် ဝိုင်းဖွဲ့ဆွေးနွေးခန်းတစ်ခု (MRTV)ကိုညွှန်းလိုပါသည်။ စာပေသုတေသီလည်းဖြစ်သော စာရေးဆရာမ(၁)နှင့် စာရေးဆရာလည်းဖြစ်ခဲ့ဖူးသော စာပေသုတေသီ(၂)တို့က စာရေးဆရာချစ်ဦးညိုနှင့်ဆွေးနွေးခန်းဖြစ်ပါသည်။

(၂) စာရေးဆရာဆိုတာ ခေတ်ပြိုင်ခံစားမှုကိုအရင်းတည်ပြီး မိမိရဲ့ ခံစားမှုကိုဖော်ကြူးကြတယ်လို့ ပြောလေ့ရှိကြပါတယ်။ ဆရာချစ်ဦးညိုက လက်ဘ်ဒီပချစ်သူ၊ မဏိစန္ဒာဥဒါန်း၊ ချစ်သောပါဒဧကရီစတဲ့ ရှေးဇာတ်တွေ၊ သမိုင်းနောက်ခံတွေရေးတယ်ဆိုတော့ ကျွန်တော်ဆန်းဆန်းပြားပြားမေးပါဦးမယ်။ ဆရာဒီလိုသမိုင်းနောက်ခံတွေ ရေးနေတုန်းမှာ ရှိနေခဲ့တဲ့ ခံစားချက်ကလေး

(၁) ဟုတ်ကဲ့ဆရာ ကျွန်မလည်း အဲဒါကိုပဲမေးချင်နေတာ။ ဆိုပါတော့ နှင်းကေသရာချစ်တဲ့ သူရဲကောင်း။ အဲဒီမှာဘုရင်က မိဖုရားကို လဂွန်းအိမ်ဆီ လောင်းလှေနဲ့ပို့တော့ သမီးလေးရဲ့ခံစားချက်

(ချစ်) လဂွန်းအိမ်က မိဖုရားကို လိုချင်တယ်ပြောတော့ ရာဇာဓိရာဇ်ကပို့လိုက်တာ

(၂) မိဖုရား တလမည်ဒေါ။ ဒါလည်းမဟုတ်သေးပါဘူး။ တလမည်ဒေါက ရာဇာဓိရာဇ်ရဲ့ ဗညားနွဲ့ဘဝက မိဖုရားပဲ။ တလသုမာယာ

(ချစ်) တလသုမာယာကို လဂွန်းအိမ်ဆီပို့ဖို့ လောင်းလှေပေါ်ဆင်းရတော့ သမီးလေးကကြည့်နေတယ်။ သူ့အမေကို ငေးနေတယ်။ လှေထွက်သွားပြီးမကြာခင် ပြန်ရောက်လာတယ်။ လဂွန်းအိမ်က ရာဇာဓိရာဇ်ရဲ့ စိတ်ကို စမ်းလိုက်တာ

(၁) ဟုတ်တယ်ဆရာ။ အဲဒီအခန်းပဲ။ သမီးလေးက ကြည့်နေတယ်။ လှေထဲဆင်းသွားတဲ့ သူ့အမေဟာ လောင်းလှေက ပြန်တက်လာတော့ သူ့အမေမဟုတ်တော့ဘူးဆိုတာ

(ချစ်) ကလေးရဲ့စိတ်ထဲမှာ လှေပေါ်ကိုဆင်းသွားကတည်းက သူ့အမေမဟုတ်တော့ဘူးလို့ခံစားမိတာ

(၂) အဲဒါကို ကျွန်တော်မေးချင်တာ။ မွန်-မြန်မာအနှစ်၄၀ စစ်ပွဲနဲ့ပတ်သက်ရင် အားကိုးစရာက နှစ်အုပ် ပဲရှိတယ်။ ဗညားဒလနဲ့ နိုင်ပန်းလှ။ အဲဒီနှစ်အုပ်စလုံးမှာ ဒီအကွက်မပါဘူး။ ပါလည်းပါခွင့်မရှိဘူး။ အဲဒါကို ဆရာဘယ်လိုလုပ်ခံစားပြီးရေးလိုက်မိတာလဲ

(ချစ်) ကျွန်တော်လည်း အဲဒါရှင်းမပြတတ်ဘူး။ ဒီအခန်းကိုရေးနေတုန်းမှာ ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ဘူး။ အလိုလိုရေးချမိသွားတာ။ တစ်ခုပြောနိုင်တာက သမီးလေးနေရာကနေဝင်ပြီး နင့်နင့်နဲနဲခံစားမိလိုက်တယ် ထင်ပါရဲ့ဗျာ။

ဤဆွေးနွေးခန်းနှင့်ပတ်သက်၍ ကျွန်တော်က အများကြီးဝင်ရှင်းပြမနေသင့်ဟုထင်ပါသည်။ Artist at Work ကိုသာ ဆက်လက်စဉ်းစားကြစေလိုပါသည်။

**၄။ စာသမားဒုက္ခ**

ဝတ္ထုကောင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည့်အခါ ဘာခံစားမှုပေါ်သလဲဆိုသည်ကို အရင်ဆုံးစဉ်းစားမိကြမည်။ နည်းပညာသမားများက နောက်တစ်ဆင့်တက်ပြီး ဘာကြောင့် (ဘယ်လိုရေးသားထားလို့) ဤခံစားမှုမျိုးပေါ်လာရသည်ကိုတွေးသည်။ အချိန်ပိုရသူများကတော့ စာရေးဆရာ၏ Diction ခေါ် စကားပြေနိုင်နင်းမှုကို ခံစားကြည့်သည်။

E.M. Foster က သူ၏နာမည်ကျော်ပို့ချဟောပြောချက်များ စုထုတ်ထားသည့် Aspects of the Novel စာအုပ်တွင် စာတစ်ပုဒ်အတွက် ဆန်းစစ်ကြည့်ရသော အင်္ဂါရပ်များအဖြစ် 1.story ၊ 2.Character ၊ 3.Plot ၊ 4.Fantasy၊ 5.Prophecy၊ 6.Pattern၊ 7.Rhythm ဟူ၍ ခုနစ်ချက်ပြသည်။ Diction ခေါ်စကားပြေအစွမ်းကိုထည့်မထားပါ။ Tone နှင့် Tempo ကိုလည်း မထည့်ပါ။ ဇာတ်ကောင်စရိုက်ကိုဖော်ရာတွင်စကားပြေ၏ အထောက်အကူကိုယူရပါသည်။ Pattern နှင့် Rhythm အတွက် Tone နှင့် Tempo ကို သုံးရပါသည်။ ထို့ကြောင့် မထည့်ခြင်းဖြစ်မည်။ Prophecy အတည့်ဘာသာပြန်လျှင် ရှေ့ဖြစ်ဟောစာတမ်းဟု ရသည်။ Foster ရည်ရွယ်ခဲ့သော Prophecy မှာကား metaphorical rendering ခေါ် လူ့သဘာဝနိမိတ်ခေတ်နိမိတ်တို့နှင့်ဆိုင်သည်။

စာတစ်ပုဒ်၊ စာတစ်အုပ်အတွက်ဤမျှရေဆုံးရေဖျားလိုက်ရကြောင်းပြောလိုရင်းဖြစ်ပါသည်။ ထို့ကြောင့်ဝေဖန်ရေးဆရာသည် စာမပြတ်ဖတ်နေရသူဖြစ်သည့်တိုင် စာအုပ်များများ ဖတ်နိုင်သူမဟုတ်ပါ။ ပန်းခင်းကိုမြင်းစီးရင်းကြည့်သွားလျှင်ကား ဖြူ နီ၊ ဝါ လောက်ပဲပြောနိုင်လိမ့်မည်။

# ကြက်သားမှုန့်သုံးစွဲသူများ အချိုမှုန့်များပါဝင်သည်ကို သတိထား

**ရန်ကုန် ဇန်နဝါရီ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ (၄၅) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ ကြက်သားဟင်းခတ်အရသာမှုန့်အချို့တွင် အချိုမှုန့် ပါဝင်မှုပမာဏကို တပ်မတော်ဆေးသုတေသနတပ်က သုတေသနပိုစတာအဖြစ် တင်သွင်းပြသခဲ့သည်။

အစားအစာပြင်ဆင်ချက်ပြုတ်ရာတွင် စားသုံးမှုဓလေ့တွင်ကျယ်လာသည့် ကြက်သားအရသာဟင်းခတ်မှုန့်အချို့တွင် အချိုမှုန့်ပမာဏများပြားစွာ ပါဝင်နေသည့်အတွက်လူတစ်ဦးအနေဖြင့် တစ်နေ့လျှင် ပျမ်းမျှလက်ဖက်စားဇွန်း နှစ်ဇွန်း (သုံးဂရမ်)ထက်ပို၍ မစားသုံးသင့်ကြောင်း တပ်မတော် ဆေးသုတေသနတပ် ဆေးဝါးဗေဒပါရဂူ ဒေါက်တာငြိမ်းချမ်းအောင်က ပြောသည်။

"ကြက်သားမှုန့်ဆိုတိုင်းလည်း အချိုမှုန့်မပါဘူးဆိုပြီး သတိမပြုမိဘဲ မစားမိဖို့ပါ။ တွေ့ရှိချက်အရဆိုရင် ၄၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းဆိုတော့ တစ်ဝက်နီးပါးလောက် ပါဝင်နေတာတွေ့ရပါတယ်။ နိုင်ငံတကာသုတေသနပြုချက်အရဆိုရင်တော့ လူတစ်ယောက်ကို ခန့်မှန်းခြေတစ်ရက် လက်ဖက်စားဇွန်း နှစ်ဇွန်းထက်ပိုပြီး မစားသင့်ပါဘူး"ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း အိမ်တွင်းစားဖိုဆောင်များ၌သာမက စားသောက်ဆိုင်များတွင်ပါ ဟင်းလျာပြင်ဆင်ချက်ပြုတ်ရာတွင် အချိုမှုန့်အစားထိုးအဖြစ် ကြက်သားမှုန့်ကို ထည့်သွင်းချက်ပြုတ်သည့် အလေ့အထ တွင်ကျယ်လာသည်။

မြန်မာနိုင်ငံတွင် ရောင်းချနေသော အချိုမှုန့်အစားထိုး ကြက်သားဟင်းခတ်မှုန့်များထဲမှ အမျိုးအစားသုံးမျိုးကို တပ်မတော်ဆေးသုတေသနတပ်မှ စုဆောင်း၍ ယင်းတို့ကို A,B,C ဟူ၍ သင်္ကေတစနစ်ပြုလုပ်မှတ်သားခဲ့ပြီး ယင်းအမျိုးအစားများတွင် Monosodium Glutamate အချိုမှုန့်ပါဝင်မှုရှိမရှိကို Thin Layer Chromatography (TLC)နည်းလမ်းသာမက အချိုမှုန့်ပါဝင်မှုအတိအကျကို High Performance Liguid Chromatography (HPLC) နည်းလမ်းဖြင့် စစ်ဆေးခဲ့ကြောင်း။

အဆိုပါနည်းလမ်းဖြင့် ရရှိလာသော ရလဒ်များအရ ကြက်သားဟင်းခတ်မှုန့်များတွင် အချိုမှုန့်ပမာဏ ၄၀ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းဝန်းကျင်အထိ ပါဝင်နေကြောင်း သုတေသနပြုလုပ်ချက်များအရ သိရသည်။

"အချိုမှုန့် Monosodium Glutamate စားတိုင်း ရောဂါဖြစ်ရမယ်လို့တော့ အတိအကျမဟုတ်ဘူး။ ဒါပေမယ့် စားရင်တော့ဖြစ်နိုင်တယ်။ ပုံမှန်ကိုယ်အလေးချိန်ရှိတဲ့ လူတစ်ဦးအနေနဲ့ တစ်နေ့ကို လက်ဖက်စားဇွန်း နှစ်ဇွန်း (သုံးဂရမ်)ထက် ပိုပြီးတော့စားမယ်။ ဒါမှမဟုတ် ဒီပမာဏထက် ပိုပြီးအလွန်အကျွံ နေ့စဉ်စားမယ်ဆိုရင် လတ်တလော အခြေအနေနဲ့ဆို ခေါင်းကိုက်မယ်၊ ရင်ပူမယ်၊ ရေအလွန်ဆာမယ်၊ မျက်နှာရဲတက်လာမယ်၊ လေးလံထိုင်းမှိုင်းလာမယ်။ ရေရှည်အတွက်ကတော့ ဦးနှောက်အဆိပ်တက်မယ်၊ အဝလွန်ရောဂါရမယ်၊ ဆီးချိုသွေးတိုးရောဂါတွေလည်း ဖြစ်စေနိုင်တယ်"ဟု ၎င်းကဆိုသည်။

၁၉၇၀ ခုနှစ်ကျော်ဝန်းကျင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနများက အချိုမှုန့်တွင် ဘေးအန္တရာယ်မဖြစ်နိုင်ဟု ဆိုကြသော်လည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း လေ့လာချက်များအရ အချိုမှုန့်ကို သတ်မှတ်ပမာဏထက် ပိုမို၍ နေ့စဉ်စားသုံးပါက သို့မဟုတ် သတ်မှတ်ပမာဏထက် အလွန်အကျွံစားသုံးပါက အထက်ပါရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးနှင့် ညီညွတ်သည့်စားသောက်မှုပုံစံဖြစ်စေရန်လည်း "အစားအစာတိုင်းကို စိတ်ချလက်ချ မစားသုံးသင့်ပါဘူး။ အသား၊ ငါးဆိုရင်လည်း မူလအရသာရှိပြီးသားပါ။ အချိုလေးနည်းနည်းလိုချင်တယ်ဆိုရင်တော့ ပုစွန်ခြောက်မှုန့်ခတ်တာတို့ လုပ်သင့်ပါတယ်။ ဆီးချိုရောဂါမရှိဘူးဆိုရင်တော့ ဟင်းလျာတွေထဲမှာ သကြားထည့်တာက ကျန်းမာရေးအတွက် ပိုသင့်တော်မယ်လို့ထင်ပါတယ်။ ဒါကြောင့် အသိဉာဏ်နဲ့ယှဉ်ပြီး သုံးစွဲနေထိုင်ကြစေလိုပါတယ်"ဟု ဒေါက်တာငြိမ်းချမ်းအောင်က သုံးသပ်ပြောကြားသည်။

အချိုမှုန့်အစားထိုး ကြက်သားမှုန့်သုံးစွဲသူများအနေဖြင့် ယင်းကြက်သားမှုန့်များတွင် အချိုမှုန့်များပါဝင်နေသည်ကို သတိပြုသင့်ကြောင်းကိုလည်း အဆိုပါ တပ်မတော်ဆေးသုတေသနတပ်မှ ဒေါက်တာငြိမ်းချမ်းအောင်နှင့် အဖွဲ့၏ သုတေသနပိုစတာတွင် ထည့်သွင်းဖော်ပြထားသည်။

**သတင်း-နန္ဒာဝင်း၊မြတ်စန္ဒီသင်းဇော်**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# နိုင်ငံသား စက္ကူကတ်ပြားတွေကို ဆက်မလုပ်တော့ဘဲ NeID ကတ်တွေ Smart Card တွေ လုပ်လိုက်မယ်ဆိုရင် အတုလုပ်ဖို့ ခက်ခဲသွားမှာဖြစ်တယ်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် National Electronic ID (NeID) ကတ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် ရှေ့ပြေးစီမံချက်ဆောင်ရွက်မှုများအနေဖြင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ NeID ကတ် ပြောင်းလဲထုတ်ပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။National Electronic ID (NeID)ကတ်ပြုလုပ်ဆောင်ရွက်မယ့် ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ NeID ကတ် ပြုလုပ်ပေးရတဲ့ရည်ရွယ်ချက်က အစိုးရအဖွဲ့ရဲ့ နိုင်ငံတော်စီးပွားရေးမူဝါဒကနေ ဆင်းသက်လာတယ်လို့ ပြောရမှာဖြစ်တယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်ထဲမှာ Data ID Card System ဆောင်ရွက်သွားမယ်။ Digital Government Strategy ဆောင်ရွက်သွားမယ်။ e-Government System ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ မူဝါဒချမှတ်ထားတယ်။ အဲဒီ မူဝါဒတွေထဲကမှ e-Government System အောက်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ Smart Card ခေါ်တဲ့ NeID ကတ်တွေ ဆောင်ရွက်ဖို့နဲ့ e-passport တွေ ဆောင်ရွက်သွားဖို့ဆိုပြီး စီမံချက်ထဲမှာ ထည့်သွင်းဖော်ပြထားတာ ရှိပါတယ်။ NeID ကတ်တွေဟာ e-Government System ကို အထောက်အကူပြုစေဖို့ စတင်စဉ်းစားဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ NeID ပြုလုပ်ဖို့အတွက် ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ပထမဆုံးအနေနဲ့ ဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ လက်ရှိ ရှိနေတဲ့ အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားမှတ်ပုံတင်ကတ်တွေကို ပြန်ပြီးလေ့လာတယ်။ တခြားနိုင်ငံတွေမှာ အသုံးပြုနေတဲ့ အမျိုးသားမှတ်ပုံတင်ကတ်တွေနဲ့ နိုင်ငံသားမှတ်ပုံတင်ကတ်တွေအကြောင်းကို လေ့လာတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ကိုင်ဆောင်အသုံးပြုနေတဲ့ နိုင်ငံသားမှတ်ပုံတင်ကတ်အမျိုးအစားတွေကို ကမ္ဘာ့နိုင်ငံ အနည်းငယ်မှာပဲ ကိုင်ဆောင်အသုံးပြုကြတော့တာဖြစ်တယ်။ တခြားနိုင်ငံတွေမှာ Smart Card ခေါ်တဲ့ NeID ကတ်တွေ အသုံးပြုနေကြတာဖြစ်တဲ့အတွက် ပထမဆုံးဌာနတွင်းမှာ လေ့လာပြီး ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ဆက်သွယ်လေ့လာဆောင်ရွက်နေတာဖြစ်တယ်။

NeID ကတ်တွေအတွက် နိုင်ငံတကာကုမ္ပဏီတွေက လာရောက်ရှင်းလင်းပြသပြီးဖြစ်တယ်။ အရှေ့တောင်အာရှနိုင်ငံတွေ၊ အာရှနိုင်ငံတွေနဲ့ အီးယူနိုင်ငံတွေက ကုမ္ပဏီတွေကလည်း လာရောက်ရှင်းလင်းပြသကြပြီးဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေနဲ့ အခက်အခဲတွေကိုလည်း ရှင်းလင်းပြသကြတယ်။ ကမ္ဘာ့ဘဏ်က အဖွဲ့အစည်းတွေနဲ့ သီးခြားအဖွဲ့အစည်းတွေကလည်း သူတို့ရဲ့ အတွေ့အကြုံတွေကို လာရောက်မျှဝေကြတယ်။ ဌာနကို ကုမ္ပဏီ ၃၀ ကျော် လာရောက်ရှင်းလင်းပြသပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေအပါအဝင် အခြားသောဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေနဲ့ ဆက်လက်လေ့လာဆောင်ရွက်နေတယ်။

**မေး။ ။ NeID ကတ် ပြုလုပ်မယ်ဆိုရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲ။**

ဖြေ။ ။ စောစောက ရှင်းပြခဲ့တဲ့ အထဲမှာပါတဲ့ လက်ရှိနိုင်ငံသားစက္ကူကတ်ပြားကို နိုင်ငံအနည်းငယ်မှာပဲ အသုံးပြုပါတော့တယ်။ အဲဒီစက္ကူကတ်တွေအပေါ်မှာ တခြားသော နိုင်ငံတွေက အယုံအကြည်မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပျက်စီးလွယ်တယ်။ ဓာတ်ပုံတွေခွာပြီး ပြုပြင်ပြောင်းလဲရတာလွယ်တယ်။ အတုလုပ်ရတာလွယ်တယ်။ ဒါကြောင့် ဒီစက္ကူကတ်ပြားတွေကို ဆက်မလုပ်တော့ဘဲ NeID ကတ်တွေ Smart Card တွေ လုပ်လိုက်မယ်ဆိုရင် အတုလုပ်ဖို့ ခက်ခဲသွားမှာဖြစ်တယ်။ ပုဂ္ဂလိကလုံခြုံရေးနဲ့ နိုင်ငံတော်လုံခြုံရေးအတွက်ပါ ကောင်းသွားမယ်။ တခြားနိုင်ငံတွေမှာ ဒီ Smart ကတ်ပြားထဲမှာပဲ လူမှုဖူလုံရေးအကျိုးကိစ္စတွေထည့်တာ၊ ယာဉ်မောင်းလိုင်စင်တွေထည့်တာ၊ ငွေစုလက်မှတ်တွေထည့်တာ၊ လစာပေးတာတွေထည့်တာကို ဒီကတ် တစ်ခုတည်းမှာပဲ စုပေါင်းပြီး ထည့်နိုင်တဲ့ အပိုင်းတွေရှိတယ်။ ဒါကြောင့် ဒီ Smart ကတ်တစ်ခုလုပ်ပြီးရင် ကိုယ့်နိုင်ငံမှာ ဘာလိုအပ်သလဲ၊ ဘာတွေ ထည့်နိုင်သလဲဆိုတာရယ်၊ အကုန်အကျ ရေရှည်သက်သာသွားမယ်ဆိုတဲ့ကိစ္စရပ်တွေ အပါအဝင် ကိုင်ဆောင်တဲ့သူတွေအနေနဲ့ ကတ်တစ်ခုတည်းကို ကိုင်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့လုပ်ဆောင်စရာတွေကို တိတိကျကျဆောင်ရွက်လာနိုင်မှာဖြစ်တယ်။ အထူးသဖြင့် အတုအပလုပ်ဆောင်နိုင်ခြင်းမရှိဘဲ လုံခြုံရေးအရ ကောင်းမွန်သွားမှာဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကနေ NeID ကတ်ကိုပြောင်းလဲမယ်ဆိုရင် အရင်တုန်းက ထည့်ထားတဲ့ မှတ်တမ်းတွေ ပြောင်းလဲနိုင်ပါသလား။**

ဖြေ။ ။ အရင်က ကောက်ယူခဲ့တဲ့ မှတ်တမ်းတွေကို အခြေခံရဦးမှာဖြစ်တယ်။ ခေတ်မီတဲ့ ဆာဗာတွေနဲ့ မှတ်တမ်းတွေကို ထိန်းသိမ်းသွားမယ်။ လိုအပ်တဲ့အချက်အလက်တွေလောက်ကိုပဲ ဖြည့်စွက်ကောက်ယူသွားမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားတဲ့ လူဦးရေကို သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်လောက်ရှိတယ်။ အဲဒီအထဲက ၃၇ သန်းလောက်ကို ပြုလုပ်ဆောင်ရွက်ပေးပြီးပါပြီ။ တချို့က (၁၈) နှစ်မပြည့်သေးတာရှိတယ်။ တချို့က သေဆုံးသွားတာတွေရှိတယ်။ တချို့က လုပ်ဖို့ကျန်နေတာတွေ ရှိပါတယ်။

**မေး။ ။ NeID ကတ်နဲ့ပတ်သက်လို့ ရှေ့ပြေးဆောင်ရွက်မှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ ရှေ့ပြေးအနေနဲ့ နိုင်ငံတစ်ဝန်းလုံးကို နိုင်ငံတော်အစိုးရက ခွင့်ပြုလို့ ဆောင်ရွက်ရမယ်ဆိုရင် ဘယ်အချက်အလက်တွေက အားနည်းချက်တွေဖြစ်နိုင်တယ်၊ ဘယ်အချက်အလက်တွေက အားသာချက်တွေ ဖြစ်နိုင်တယ်၊ တကယ်လက်တွေ့လုပ်ရင် ဘယ်အချက်အလက်တွေက အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတာတွေကို ပြင်ဆင်တဲ့အနေနဲ့ ကြိုတင်ရှေ့ပြေးဆောင်ရွက်မှုလုပ်ငန်းကို နေပြည်တော်မှာ စတင်ဆောင်ရွက်ခဲ့တယ်။ ဒုတိယအနေနဲ့ မန္တလေးတိုင်းဒေသကြီးမှာ ဆောင်ရွက်နေတယ်။ တတိယအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်းများစွာရှိတယ်။ နယ်မြေဒေသနဲ့ အခြေအနေတွေ မတူကွဲပြားကြတဲ့အတွက် အဲဒီနယ်မြေတွေမှာ ရှေ့ပြေးစီမံချက်အနေနဲ့ စမ်းသပ်ကောက်ယူနေခြင်းဖြစ်ပါတယ်။ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုလည်း လိုအပ်ရင် လိုအပ်သလို ရှေ့ပြေးစမ်းသပ်ချက်လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**မေး။ ။ NeID အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ချက်တွေအတွက် ဝန်ထမ်းတွေကို သင်တန်းပို့ချပေးတာတွေ ရှိပါသလား။**

ဖြေ။ ။ လိုအပ်တဲ့အချက်အလက်တွေ ကောက်ယူဖို့အတွက် နိုင်ငံတကာအဆင့်အတန်းနဲ့ ကိုက်ညီတဲ့ ပစ္စည်းတွေကို အသုံးပြုဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့ ဌာနမှာရှိတဲ့ဝန်ထမ်းတွေကို လိုအပ်တဲ့ လေ့ကျင့်မှုတွေ၊ စမ်းသပ်မှုတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ရှေ့ပြေးစီမံချက်ဆောင်ရွက်မှုရဲ့ အားနည်းချက်၊ အားသာချက်တွေကို သိလိုပါတယ်။**

ဖြေ။ ။ အချက်အလက်ပြည့်စုံတဲ့ နိုင်ငံသားတွေဆိုရင် လုပ်ဆောင်ရတာ လွယ်ပါတယ်။ ပညာအဆင့်အတန်းရှိတဲ့သူဆိုရင် ပိုလွယ်ပါတယ်။ မှတ်ပုံတင်ကတ်ပြားမရှိဘူး၊ အိမ်ထောင်စုစာရင်းလည်း မရှိဘူးဆိုရင် အနည်းငယ်ကြန့်ကြာမှုရှိပါတယ်။ လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ ကြီးမားတဲ့ပြဿနာ မရှိနိုင်ဘူးလို့ နားလည်ထားပါတယ်။ ဆက်လက်ပြီး ရှေ့ပြေးဆောင်ရွက်မှုတွေ လုပ်ရင်းနဲ့ တွေ့ရှိလာမယ့် အခက်အခဲတွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်တယ်။ ဝန်ထမ်းတွေကိုလည်း လိုအပ်တဲ့သင်တန်းပေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မေး။ ။ NeID ကတ်ထုတ်ပေးတာနဲ့ ပတ်သက်လို့ ဘယ်လိုသတ်မှတ်ချက်နဲ့ ပြည့်စုံတဲ့သူတွေကို ထုတ်ပေးသွားမှာလဲ။**

ဖြေ။ ။ ဥပဒေနဲ့အညီ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်ထားတဲ့သူ အားလုံးကို ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရွှေ့ပြောင်းလုပ်သားတွေနဲ့ ပြည်ပမှာ ရောက်နေတဲ့သူတွေကို ဘယ်လိုဆောင်ရွက်ပေးသွားမလဲ။**

ဖြေ။ ။ ရွှေ့ပြောင်းလုပ်သားဆိုတာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံတွေမှာလည်း ရှိပါတယ်။ ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို C of I ကတ် ထုတ်ပေးတဲ့ကိစ္စဆောင်ရွက်ပါမယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ NeID ကတ်အတွက် လိုအပ်တဲ့ ဆောင်ရွက်မှုတွေကို အခုလက်ရှိဆောင်ရွက်နေတဲ့ကိစ္စနဲ့ ထပ်တူဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ ယခင်နိုင်ငံသားကတ်တွေကို ဘယ်လိုဆက်လက်ဆောင်ရွက်သွားပါမလဲ။**

ဖြေ။ ။ အရင်ကကိုင်ဆောင်တဲ့ စက္ကူကတ်ပြားတွေကို Smart Card တွေနဲ့ တဖြည်းဖြည်း ပြန်လည်လဲလှယ်ထုတ်ပေးသွားမယ်လို့ စီစဉ်ထားတယ်။ ဒါက ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်ဖြစ်တယ်။ ဝန်ကြီးဌာနရဲ့ လေ့လာတွေ့ရှိချက်တွေကို တာဝန်ရှိသူအဆင့်ဆင့်ကို တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားမှာဖြစ်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း နည်းပညာ၊ လုံခြုံမှုတွေကို စနစ်တကျဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ NVC ကတ်ကိုင်ဆောင်ထားတဲ့သူတွေကိုရော Smart Card ထုတ်ပေးဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ။ ။ ဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို Smart Card တွေ ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

**အမေးနှင့်အရေး-မင်းမင်းဇော်၊**
**အောင်ရဲသွင်(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်(ရွှေဈေး) ၈၆၇၀၀၀ - ၈၆၇၀၀၀    မန္တလေး(ရွှေဈေး) ၈၆၇၀၀၀ - ၈၆၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၄. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၃၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၇. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၄၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၉. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၈. ၈၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပညာအလင်းစာကြည့်တိုက်အတွက် အလှူငွေများ လှူဒါန်း

**ဖျာပုံ ဇန်နဝါရီ ၁၂**

ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာရှိ ပညာအလင်းစာကြည့်တိုက်(၁၀)နှစ်ပြည့်အထိမ်းအမှတ် အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ပထမပတ်က ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် (ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ) စာရေးဆရာ(ဦး)ဟိန်းလတ်၊ စာရေးဆရာမကြီး ကမ္ဘာလှည့်တင်တင်စိန်နှင့် စာရေးဆရာ လင်းရောင်တင်တို့က စာပေဟောပြောပြီး စာအုပ်များ လှူဒါန်းကြသည်။ ထို့နောက် ဦးကံလှ (ရန်ကုန်မြို့)မိသားစုက စာကြည့်တိုက်အတွက် ထာဝရငွေပဒေသာပင်စိုက်ထူရန် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။ စာကြည့်တိုက်အလှူငွေပေးအပ်ပွဲနှင့် စာပေဟောပြောပွဲအပြင် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များပါ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

# အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်

**နေပြည်တော် ဇန်နဝါရီ ၁၂**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်အတူ ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီခွဲတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး ယင်းတွေ့ဆုံမှုမတိုင်မီ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး Mr. Abul Hassan Mahmood Ali နှင့်လည်းကောင်း၊ နိုင်ငံခြားရေး အတွင်းဝန် Mr. Md. Shahidul Haque နှင့်လည်းကောင်း ဒါကာမြို့ရှိ Padma နိုင်ငံတော်ဧည့်ဂေဟာ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုများတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေးနွေးမှုယန္တရားများ ပုံမှန်ပြန်လည်ကျင်းပနိုင်ရေးနှင့် တပ်မတော်နှစ်ရပ်အကြားတွင်လည်းကောင်း၊ နှစ်နိုင်ငံနယ်စပ်လုံခြုံရေးတပ်ဖွဲ့များအကြားတွင်လည်းကောင်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ကျင်းပသွားကြရန် ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် နယ်စပ်တစ်လျှောက်ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးနှင့် အကြမ်းဖက်သမားများ စိမ့်ဝင်လာမှုကို တားဆီးနိုင်ရေးတို့အတွက် သတင်းအချက်အလက်ဖလှယ်ရေးမှာ အရေးကြီးကြောင်း အလေးထားဆွေးနွေးခဲ့ကြပြီး အောက်တိုဘာ ၉ ရက် မြန်မာနယ်ခြားစောင့်ရဲစခန်းများ တိုက်ခိုက်ခံရမှုဖြစ်စဉ်နောက်ပိုင်း မြန်မာနိုင်ငံဘက်မှ ထွက်ပြေးလာသည်ဟု ဆိုသူများအား စနစ်တကျစိစစ်အတည်ပြုနိုင်ရေးနှင့် ပြန်လည်ခေါ်ဆောင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်ရန်လည်း သဘောတူညီခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်က အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိကြောင်းနှင့် အကြမ်းဖက်မှုကို လုံးဝသည်းမခံသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မူဝါဒကိုလည်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ ၎င်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများအား ဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရေးအတွက် ယင်း၏ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပေးလိမ့်မည် မဟုတ်ကြောင်း အလေးထားပြောကြားခဲ့ပြီး နယ်စပ်ပြဿနာများကို ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို မေတ္တာရပ်ခံခဲ့သည်။

အထူးကိုယ်စားလှယ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ထံသို့ ပေးပို့သည့် သဝဏ်လွှာကိုလည်း ပေးအပ်ခဲ့ပြီး အဆိုပါသဝဏ်လွှာတွင် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန်ယုံကြည်နားလည်မှုရှိစွာဖြင့် နှစ်နိုင်ငံအကြား ကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ထည့်သွင်းဖော်ပြထားသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ (၆၆)ကြိမ်မြောက် စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၂**
မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၆)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၂ ရက် (ဇန်နဝါရီ ၉ ရက်) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ ဧည့်ခန်းမ၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာသက္ကရာဇ် ၁၃၇၉-၁၃၈၀ ခုနှစ် (ခရစ်နှစ် ၂၀၁၈-၂၀၁၉ ခုနှစ်)အတွက် မူမှန်ပြက္ခဒိန်ကိုရေးဆွဲအတည်ပြုကြမည်ဖြစ်ပြီး ၁၃၈၀-၁၃၈၁ခုနှစ် (ခရစ်နှစ် ၂၀၁၉-၂၀၂၀ခုနှစ်)အတွက် ပြက္ခဒိန်မူကြမ်းရေးဆွဲတင်သွင်းကြမည်ဖြစ်သည်။

အစည်းအဝေးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များဖြစ်သည့် ပြက္ခဒိန်ဆိုင်ရာပညာရပ်များ ပြန့်ပွားရေးအတွက် ဖော်ထုတ်ထိန်းသိမ်းသွားရန် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**သရက် ဇန်နဝါရီ ၁၂**
သရက်မြို့နယ် ဂုမ္ဗဏီကျေးရွာတွင် အာရှဖွံ့ဖြိုးရေးဘဏ်( ADB )နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ Solar Mini – Grid တပ်ဆင်ခြင်းလုပ်ငန်းအား အာရှဖွံ့ဖြိုးရေးဘဏ် ( ADB ) မှ ၈၀ ရာခိုင်နှုန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် Solarises System ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းအား အာရှဖွံ့ဖြိုးရေးဘဏ်( ADB)မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာတွင် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရှိ အိမ်ခြေ ၁၈၁ အိမ်တွင် မီးလင်းနေပြီဖြစ်ပြီး လမ်းမီးတိုင် ၁၈ တိုင်မှ Auto ဖွင့်ပိတ်စနစ်ဖြင့် ခြောက်နာရီကြာ လမ်းမီးများ အသုံးပြုနိုင်၍ ကျေးလက်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

**ဇော်ထက်(သရက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၉ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၃ | ဒေါက်တာသစ်လွင် | တရားအားထုတ်မှုလမ်းခရီးမှ တရားစကားများ အတွဲ(၃) | ၂၅၀၀ိ/- | ကြည်ဇော်ဝင်းစာပေ |
| ၄၄ | ထိန်လင်း(BE.Mechanical) | ခေတ်မီစီးပွားရေးသုံးဝေါဟာရများ | ၁၅၀၀ိ/- | မဖွိုမစာပေ |
| ၄၅ | နေမင်းရာဇာ အယ်ဒီတာအဖွဲ့ | အခက်အခဲကိုအောင်နိုင်သူများ (IT လောကမှဘီလျံနာများ) | ၂၀၀၀ိ/- | မဖွိုမစာပေ |
| ၄၆ | ထိန်လင်း (BE.Mechanical) | မရှိမဖြစ်ကိန်းဂဏန်းဆိုင်ရာ အလွယ်တွက်ချက်နည်းများ | ၁၅၀၀ိ/- | မဖွိုမစာပေ |
| ၄၇ | ကလောင်စုံ | အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်မှတ်မှတ်ရရစာစုများ | ၄၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၈ | နန့်ယင်းခ | သန္တာလက်ဖျားနှင့်ပန်းစကားအသာခြွေ | ၇၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၄၉ | KyelZinKo KO | (M.A,Eng.,)(UK) English Composition(3-Compound & Mixed Sentence) | ၃၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၅၀ | လူမွန်(ပခုက္ကူ) | ကလေးတို့ရဲ့ရတနာပုံပြင်ကဗျာများ | ၁၂၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၅၁ | ငွေစိုး | ကုန်းဆာအလွန်ကျဖီးမှသည်လွယ်ဟန်ကောင်းမူဆီသို့(ဘဝထဲက အမှတ်တရများ အတွဲ-၁) | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၂ | မြင့်ထွန်း CBA(Chinese) | တရုတ်မင်းဆက်သမိုင်းစဉ်များနှင့် တရုတ်ရိုးရာ ကျင့်ဝတ်ဓလေ့များ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၃ | ကျော်မောင်မောင် | ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေများနှင့်နည်းဥပဒေ | ၁၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၄ | မြင့်ထွန်းCBA (Chinese) | အလွယ်ကူဆုံး ဂျပန်စကားပြော | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၅ | ညီညီနိုင်(မြန်မာပြန်) | (How to get what you Want) လိုတရပတ္တမြား | ၂၅၀၀ိ/- | ပြည်မြန်မာစာပေ |
| ၅၆ | ညီညီနိုင်(မြန်မာပြန်) | ဆိုမာလီမှအသက်လုပွဲ(IMPOSSIBLE ODDS) | ၂၅၀၀ိ/- | ပြည်မြန်မာစာပေ |
| ၅၇ | ပန်းချီမျိုးမာန် | တော်လေးဝင် မိန်းမမြတ်လေးဦး အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလ | ၁၅၀၀ိ/- | မြင့်မိုရ်စာပေ |
| ၅၈ | မောင်ရေ | အမှောင်ခေတ်ရဲ့ညများစွာ | ၃၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၅၉ | မောင်ခေတ်ထွန်း | မြန်မာ့သူရဲကောင်းတပ်မှူးဗိုလ်မှူးကြီးဗထူး | ၅၀၀ိ/- | ရာပြည့်စာပေ |
| ၆၀ | ဦးအေးမောင် | ရော်ဘင်ဟု | ၁၀၀၀ိ/- | ရာပြည့်စာပေ |
| ၆၁ | ချစ်ဝံ့သူ | ပုံပမာကာတွန်း | ၁၅၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၆၂ | သန်းဝင်းလှိုင် | သူတို့တိုက်ခဲ့သောစစ်နှင့်သူတို့ ရှာနေသောငြိမ်းချမ်းရေး | ၄၅၀၀ိ/- | လဝန်းရိပ်စာပေ |
| ၆၃ | ကျော်စောမင်း | ဖတ်ကြည့်(ပြည်သူ့အရေး ဂျာနယ်နှင့် ကြေးမုံသတင်းစာဖတ်ကြည့်ဆောင်းပါးများ) | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၄ | နေမင်းစိုး | ပန်းကန်ပြားပျံ(UFO)ပဟေဠိ (Flying Saucer(UFO)Puzzle) | ၁၀၀၀ိ/- | လုလင်ကျော်စာပေ |
| ၆၅ | မောင်ပန်းမွှေး | မြန်မာနိုင်ငံတွင်မပုပ်မသိုး ရုပ်ကလပ်တော်ကိုယနေ့တိုင်ဖူးမြော်နိုင် သောရဟန္တာနှင့် ရဟန်းထူးများ | ၁၀၀၀၀ိ/- | သင်းစာပေ |
| ၆၆ | ခင်စောတင့်(မြန်မာပြန်) | ကြည်လင်အေးငြိမ်းကြရာဝယ် | ၂၀၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၆၇ | ပါရဂူ(မြန်မာပြန်) | သိဒ္ဓတ္ထ | ၃၀၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၆၈ | မောင်နိုင်လင်း(ကောလင်း) | အလွမ်းရိပ်ထွက်နေတဲ့သစ်ပင် | ၂၅၀၀ိ/- | ဆောင်းစုရတီစာပေ |
| ၆၉ | ဒဂုန်တာရာ | စံပယ်ဦးဝတ္ထုတိုပေါင်းချုပ် | ၃၀၀၀ိ/- | နေရီရီစာပေ |
| ၇၀ | နီနီနိုင်(သထုံ)၊ မေဇွန်အေး လမင်းမောင်မောင် | လမင်းနှင့် ဂန္ထဝင်ပန်းနှစ်ပွင့် | ၂၅၀၀ိ/- | ရွှေစာပေ |
| ၇၁ | | ရွှေနိုင်ငံ(Fashion Collection Book 39) | ၃၀၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၇၂ | မင်းကျော်စွာ | ကမ္ဘာကျော်မိန့်ခွန်းများ | ၃၀၀၀ိ/- | လောကသစ်စာပေ |
| ၇၃ | မောင်ဆုပန် | ရှားလော့ဟုမ်း၏ နောက်ဆုံး ဇာတ်လမ်း(အင်္ဂလိပ်-မြန်မာ) | ၁၀၀၀ိ/- | လောကအမေစာပေ |
| ၇၄ | တြိစက္က | အဘိဓမ္မာမျက်စောင်း | | အောင်မြင်စာပေ |
| ၇၅ | မြသန်းတင့် | လက်ဖက်ရည်ဆိုင်ပင်ကိုရေး အက်ဆေးနှင့်ပြဇာတ်ဘာသာပြန် (Lao SHE ၏ TEA House)နှစ်အုပ်ပေါင်း | ၂၅၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၇၆ | မောင်လင်း(မြန်မာပြန်) | စိတ်ကိုသင်ခြင်း သို့မဟုတ် နှလုံးသားထဲရောက်အောင်သင်ကြားခြင်း | ၂၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၇၇ | မောင်ဆွေသက် | ဗိုလ်မှူးကြီး သီဟသူရစိုးသိမ်း | ၂၅၀၀ိ/- | |
| ၇၈ | ကျောင်မောင်(မြိတ်) | တလွဲမမြင်ကြပါနှင့်အစွဲပြင်ကြပါ | ၁၅၀၀ိ/- | သစ္စာအလင်း |
| ၇၉ | နောင်ချိုသစ် | လိင်သဘာဝနိုင်ငံသား အခွင့်အရေးနှင့်ဥပဒေ | ၂၅၀၀ိ/- | MKS |
| ၈၀ | မင်းခက်ရဲ | ဂရမ်ချီ၏ယဉ်ကျေးမှုနှင့်နိုင်ငံရေး အတွေးအခေါ် | ၂၅၀၀ိ/- | MKS |
| ၈၁ | မြတ်ကို | ဂျွန်ရောလ်၏ တရားမျှတမှုသီအိုရီကို ချဉ်းကပ်ခြင်း | ၂၅၀၀ိ/- | MKS |
| ၈၂ | မင်းယု(မြန်မာပြန်) | ပုံနှိပ်သမား | ၁၅၀၀ိ/- | Momentum |



# ဟွန်ဘင်းပြောလာတဲ့ အချစ်ရေးကို ဖွင့်ဟခဲ့ရတဲ့အကြောင်းရင်း



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းက ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ပရိသတ်တွေကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးအနေနဲ့ သူ့ရဲ့ အချစ်ရေးကို ဖုံးကွယ်ထားခြင်းမရှိဘဲ အများကိုဖွင့်ပြောရတဲ့အကြောင်း အရင်းကိုလည်း မင်းသားက လတ်တလောမှာ ထပ်မံဖွင့်ဟခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဟွန်ဘင်းက သူ့အနေနဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ကန်ဆိုရာနဲ့ ချစ်သူတွေဖြစ်နေကြောင်း မီဒီယာတွေကနေတစ်ဆင့် ဖွင့်ဟခဲ့ခြင်းဟာ ထူးခြားတဲ့အကြောင်းပြချက်မရှိခဲ့ပေမယ့် အမှန်ကိုဝန်ခံလိုက်ခြင်းဖြစ်တယ်လို့ ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။

ဟွန်ဘင်းက "ကျွန်တော့်ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့တာအတွက် သီးခြားအကြောင်းပြချက်တော့မရှိပါဘူး။ ကျွန်တော့်အတွက်တော့ ဝန်ခံလိုက်တာသက်သက်ပါပဲ။ ဘာ့ကြောင့်လည်းဆိုတော့ ဒါကအမှန်တရားတစ်ခုပဲလေ။ ဒါပေမယ့် ဒီလိုဖွင့်ပြောခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေအကုန်လုံးကို ဖွင့်ဟသွားမှာတော့ မဟုတ်ပါဘူး"လို့ အဆိုပါအင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

လတ်တလောမှာ ရိုက်ကူးလျက်ရှိတဲ့ ဟွန်ဘင်းရဲ့ရုပ်ရှင်သစ် " Confidential Assignment "ကို လာမယ့် ဇန်နဝါရီ ၁၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# BAFTA ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ La La Land

ဗြိတိန်ရဲ့အထင်ကရ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ BAFTA ဆုပေးပွဲကြီးမှာ တေးဂီတရုပ်ရှင် "La La Land "က ဆန်ခါတင်စာရင်းရဲ့ ဆုအရေအတွက် အများဆုံးရုပ်ရှင်တစ်ခုအဖြစ် ထိပ်ဆုံးက ဦးဆောင်နေကြောင်း အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ်နာမည်ကျော် ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသမီး အမ်မာစတုန်းနဲ့ မင်းသား ရိုင်ယန်ဂေါ့စ်လင်းတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါရုပ်ရှင်ဟာ ဆန်ခါတင်စာရင်းမှာ ဆုပေါင်း ၁၁ ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာဖြစ်ပါတယ်။

"La La Land"ဟာ မကြာသေးမီက ကျင်းပပြီးစီးသွားခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာလည်း ဆုအများဆုံး သိမ်းပိုက်နိုင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။

ယခုနှစ်အတွက် ကျင်းပမယ့် အကြိမ်(၇၀)မြောက် BAFTA ဆုပေးပွဲကြီးကို လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ လန်ဒန်မြို့မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ■



အေး ပြည့် စု စည်း သည်



## အရီရန်နာဂရန်ဒီနဲ့ ဂျွန်လဲဂျန့်တို့ရဲ့ တေးသီချင်းသစ်

တေးရေးတစ်ဦးအဖြစ်သာမက အဆိုတော်တစ်ဦးအဖြစ်ပါ ကျော်ကြားတဲ့ ဂျွန်လဲဂျန့်နဲ့ ပေ့ါပ်အဆိုတော်တစ်ဦးဖြစ်တဲ့ အရီရန်နာဂရန်ဒီတို့နှစ်ဦး ပူးပေါင်းကာ တေးသီချင်းသစ်တွေကို စုံတွဲသီဆိုဖန်တီးလျက်ရှိကြောင်း အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အရီရန်နာဂရန်ဒီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၁ ရက်က အသံသွင်းခန်းမတစ်ခုအတွင်း ရိုက်ကူးထားတဲ့သူ့ရဲ့ဓာတ်ပုံကို ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဂျွန်လဲဂျန့်တို့ရဲ့ တရားဝင်လူမှုကွန်ရဲ့မီဒီယာတွေနဲ့ ချိတ်ဆက်ကာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

အဆိုပါတေးသီချင်းသစ်တွေဟာ ဒစ်စနေရဲ့ အောင်မြင်တဲ့ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Beauty and the Beast(2017)"အတွက် ရည်ရွယ်ဖန်တီးထားတဲ့ တေးသီချင်းဖြစ်ပေမယ့် အဆိုပါတေးသီချင်းနဲ့ ပတ်သက်ပြီး လတ်တလောအချိန်အထိ ဒစ်စနေက တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

## "Fifty Shades Darker" ရုပ်ရှင်ရဲ့ တေးသီချင်းစာရင်းကြေညာ

ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင် "Fifty Shades of Grey"ရဲ့ နောက်ဆက်တွဲရုပ်ရှင်ဖြစ်တဲ့ "Fifty Shades Darker"မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်နဲ့ တေးသံရှင်တွေကို ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ တေလာဆွစ်အပါအဝင် နာမည်ကျော်တေးသံရှင်များစွာပါဝင်သီဆိုထားတာ တွေ့ရကြောင်း အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရါတယ်။

"Fifty Shades Darker"မှာပါဝင်မယ့် တေးသီချင်းတွေရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်သီဆိုထားကြတဲ့ နာမည်ကျော်တေးသံရှင်တွေကတော့ တေလာဆွစ်၊ ဇေမာလိခ်၊ စီရာ၊ ဟောလ်စီ၊ ဂျွန်လဲဂျန့်၊ နစ်ကီမင်နရှ်နဲ့ နစ်ခ်ဂျိုးနက်စ်တို့ဖြစ်ကြပြီး အခြားသောတေးသံရှင်တွေလည်း ပါဝင်သီဆိုထားကာ စုစုပေါင်း တေးသီချင်း ၁၉ ပုဒ်ပါဝင်ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာ ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ဇေမာလိခ်တို့က စုံတွဲတေးသီချင်းကို သီဆိုထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့တေးသီချင်းတွေကို လာမယ့်ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ပြီး အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်ဒ်တွေကနေတစ်ဆင့် ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## "Boys Over Flowers"ရုပ်ရှင်သစ်မှာ ခေါင်းဆောင်မင်းသမီးအဖြစ်တွေ့မြင်ရတော့မယ့် မင်

တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Boys Over Flowers" (F4)ရုပ်ရှင်ကို တေးဂီတရုပ်ရှင်တစ်ခုအဖြစ် ပြန်လည်ဆန်းသစ်သွားမှာဖြစ်ပြီး အဆိုပါရုပ်ရှင်သစ်မှာ ခေါင်းဆောင်မင်းသမီးအဖြစ် တောင်ကိုရီးယားအမျိုးသမီးပေ့ါပ်တေးဂီတအဖွဲ့ "Miss A"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Boys Over Flowers"ရဲ့ မူလရုပ်ရှင်က အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂင်ဂျန်ဒီရဲ့နေရာမှာ ယခုရုပ်ရှင်သစ်မှာတော့ မင်က ပါဝင်သရုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

ယခုရိုက်ကူးသွားမယ့် တေးဂီတရုပ်ရှင်ဟာလည်း ယခင်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်လမ်းအတိုင်းပဲ ဖြစ်ပါတယ်။ သာမန်မိသားစုကမွေးဖွားလာတဲ့ ဂင်ဂျန်ဒီဟာ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းကို ပြောင်းရွှေ့လာခဲ့ရာမှ ချမ်းသာတဲ့မိသားစုတွေကနေ မွေးဖွားလာခဲ့ကြတဲ့ ကျောင်းသားလေးဦးနဲ့ တွေ့ဆုံခဲ့ကြပြီး သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်း ပေါ်လာခဲ့ရတာဖြစ်ပါတယ်။

ယခုရုပ်ရှင်မှာ မင်ပါဝင်သရုပ်ဆောင်ရမယ့် ဂင်ဂျန်ဒီရဲ့ ဇာတ်ကောင်စရိုက်ဟာလည်း ယခင်ရုပ်ရှင်ကအတိုင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီရုပ်ရှင်မှာတော့ ထူးခြားတဲ့ တေးသီချင်းများစွာကိုပါ ခံစားကြရမှာဖြစ်ပြီး မင်နဲ့အတူ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အခြားသောဇာတ်ဆောင်တွေကတော့ အမျိုးသားတေးဂီတအဖွဲ့တွေ ဖြစ်ကြတဲ့ "VIXX"မှ ကန်နဲ့ "BtoB"မှ လီချန်းဆပ်တို့ဖြစ်ကြပါတယ်။

၂၀၀၉ ခုနှစ်က တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ ဂျပန်ရုပ်ရှင်ကို ပြန်လည်ရိုက်ကူးခဲ့တာဖြစ်ပြီး ဇာတ်လမ်းတွဲအဖြစ် ဖန်တီးပြီးနောက်မှ ပိုမိုအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်ကိုတော့ လတ်တလောမှာ တေးဂီတကို အသားပေးထားတဲ့ ရုပ်ရှင်တစ်ခုအဖြစ် ပြန်လည်ဆန်းသစ်ဖန်တီးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်ကိုတော့ တောင်ကိုရီးယားနိုင်ငံတစ်ဝန်းလာမယ့် ဖေဖော်ဝါရီ ၂၅ ရက်ကနေ မေ ၅ ရက်အထိ ရုံတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၃-၁-၂၀၁၇ (သောကြာနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၀ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၀ | Weekly Sport Info |
| ၁၁း၁၅ | "ရှိဖို့လိုတယ်" (နေဆန်း၊ ကင်းကောင်၊ ဝက်မ) (ဒါရိုက်တာ-တုန့်နှိုင်းခ)" |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၅) |
| ၁း၂၀ | "တိတ်ဆိတ်ခြင်း၏ နောက်ကွယ်" (မိုးဇာတ်၊ စိုးနန္ဒကျော်) (ဒါရိုက်တာ-ကျော်နှင်းဆီ) |
| ၁း၃၅ | မိခင်နို့ချိုတိုက်ကျွေးရေး စကားရည်လုပွဲ (အပိုင်း-၂) |
| ၂း၀၅ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "မွေးလွန်းသည့်ပန်း" (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၂း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၉) |
| ၄း၁၅ | "THE MNL" |
| ၄း၃၀ | မြန်မာဇာတ်လမ်းတွဲ "နတ်သမီးဒဏ္ဍာရီ" (အပိုင်း-၄) |
| ၅း၁၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့်မြိုင်ရာဇာတာတေ" |
| ၅း၃၅ | Hyper Sport |
| ၆း၂၀ | ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) (မြေစာပင်၊ လုံခြုံမှုကွက်လပ်) (ဒါရိုက်တာ-ဝေယံ၊ ဂါကြီး) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၆) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၁၀) -တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးသီချင်းများ (အပိုင်း-၂၄) |

**မှတ်ချက်၊ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ဘာစီလိုနာအသင်း ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီး တိုက်စစ်မှူး ဆွာရက်ဇ် ဘာစီလိုနာနှင့်အတူ ဂိုး(၁၀၀)မြောက်သွင်းယူနိုင်ခဲ့


© BPI / Bagu Blanco

ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးဖလား ပွဲစဉ်အဖြစ် ဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ပထမအကျော့အဖြစ် ဘီဘာအိုအိမ်ကွင်းသို့ သွားရောက်ကစားခဲ့စဉ်က နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် အိမ်ကွင်းနျူးကမ့်၌ ဘီဘာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယအကျော့တွင် ဘာစီလိုနာအသင်းအတွက်သွင်းဂိုးများကို ပွဲကစားချိန် ၃၅ မိနစ်တွင် ဆွာရက်ဇ်၊ ၄၈ မိနစ်တွင် နေမာ (ပင်နယ်တီ)နှင့် ၇၈ မိနစ်တွင် မက်ဆီတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဆွာရက်ဇ်သည် နေမာ၏ ဖြတ်တင်ပေးပို့မှုမှတစ်ဆင့် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းနှင့်အတူ သွင်းဂိုး(၁၀၀)ပြည့်မြောက်ခဲ့ပြီလည်းဖြစ်သည်။

ထို့ပြင် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၁၂၀ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး(၁၀၀)ပြည့်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ရာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုး(၁၀၀)ပြည့်သွင်းယူနိုင်ခဲ့သည့် ကစားသမားများအနက် တတိယအမြန်ဆုံး သွင်းယူနိုင်ခဲ့သည့်ကစားသမားဖြစ်လာခဲ့ပြီး မာရီယာနိုမာတင်မှာ ပွဲပေါင်း ၉၉ ပွဲဖြင့် ဂိုး(၁၀၀)သွင်းယူနိုင်ခဲ့ခြင်းကြောင့် ပါဝင်ကစားသည့် ပွဲစဉ်နည်းနည်းဖြင့် အမြန်ဆုံးဂိုး(၁၀၀)ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် လည်းကောင်း၊ ဟန်ဂေရီတိုက်စစ်မှူး ကူဘာလာမှာ ပါဝင်ကစားခဲ့သည့်ပွဲစဉ် ၁၀၃ ပွဲဖြင့် ဂိုး(၁၀၀)သွင်းယူနိုင်ခဲ့ခြင်းကြောင့် အမြန်ဆုံးဂိုး(၁၀၀)ပြည့်မြောက်သည့် ဒုတိယကစားသမားအဖြစ်လည်းကောင်း စံချိန်တင်မှတ်တမ်းများရှိခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေခဲ့သည့် အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီမှာမူ ဘာစီလိုနာအသင်းနှင့်အတူ ဂိုး(၁၀၀)ပြည့်သွင်းယူနိုင်ခဲ့သည်မှာ ဘာစီလိုနာအသင်းအတွက် ပွဲစဉ် ၁၈၈ ပွဲကစားပြီးမှသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဘာစီလိုနာအသင်းနှင့် ဘီဘာအိုအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီသည် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်အတွင်း ပွဲစဉ်သုံးပွဲတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်လာခဲ့သည်။

ဘာစီလိုနာအသင်းမှာမူ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ရာ အသင်း၏သမိုင်းတစ်လျှောက် ဘောလုံးရာသီခုနစ်ရာသီဆက်တိုက် ကွာတားဖိုင်နယ်တက်လှမ်းနိုင်သည့်အသင်းလည်း ဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

# ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့သည့် လီဗာပူး ဗိုလ်လုပွဲတက်ရေးအတွက် ရုန်းကန်ရတော့မည်

အီးအက်ဖ်အယ်လ်ဖလား အကြိုဗိုလ်လုပွဲစဉ် ပထမအကျော့အဖြစ် ဆောက်သမ်တန်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်သမ်တန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် လီဗာပူးအသင်းမှာ ဗိုလ်လုပွဲတက်လှမ်းနိုင်ရေးအတွက် အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည့် ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည် ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ဆောက်သမ်တန်အသင်းသည် ပွဲကစားချိန် မိနစ် ၂၀ တွင် ရရှိခဲ့သည့် ရက်မွန်၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်တွင် ဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့်၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် ဟားလ်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်ယူအသင်းက ပထမအကျော့မှာပင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားခဲ့ခြင်းကြောင့် မန်ယူအသင်းမှာ ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းနေသော်လည်း လီဗာပူးအသင်းမှာ ဗိုလ်လုပွဲတက်ရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

**(ငွေကြယ်)**

# စာချုပ်ပါ အချက်အလက်များအရ ဘာစီလိုနာမှ မက်ဆီ ထွက်ခွာရန် ရှိနေ



ဘာစီလိုနာအသင်းသည် ထိပ်တန်းကစားသမား လီယွန်နယ်မက်ဆီကို စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်း မရှိသေးသည့် အခြေအနေတစ်ရပ်မှာပင် ဘာစီလိုနာနှင့် မက်ဆီကြား ချုပ်ဆိုထားသည့် လက်ရှိစာချုပ်ပါ အချက်အလက်များအရ မက်ဆီ ဘာစီလိုနာမှ ထွက်ခွာရန် ရှိနေပြီဖြစ်ကြောင်း ခန့်မှန်းချက်များ ထွက်လာခဲ့သည်။ ဘာစီလိုနာအသင်း အလုပ်အမှုဆောင် အော်စကာဂရူက ဘာစီလိုနာအသင်းအနေဖြင့် ဘဏ္ဍာငွေသုံးစွဲရန် ကန့်သတ်ချက်ရှိနေပြီး မည်သည့်ကစားသမားအတွက်မျှ မိုက်မဲသည့် လုပ်ရပ်မျိုး ဆောင်ရွက်မည်မဟုတ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်ရာ ယင်းပြောစကားများက မက်ဆီကို အလိုရှိနေသည့် မန်စီးတီးနှင့် မန်ယူအသင်းတို့အား အချက်ပေးတပ်လှန့်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နေမာနှင့် ဆွာရက်ဇ်တို့နှစ်ဦးကို တစ်ပတ်လုပ်ခပေါင် ၄၀၀၀၀၀ စီဖြင့် မကြာသေးမီက စာချုပ်သစ်ချုပ်ဆိုခဲ့ရာ ဘဏ္ဍာရေးစည်းမျဉ်း ကန့်သတ်ချက်ကြောင့် မက်ဆီအား ကမ္ဘာ့စံချိန်တင် လုပ်ခလစာတစ်ရပ်ဖြင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် အခက်အခဲတွေ့နေခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်လ်ဒိုအတွက် တစ်ပတ်လုပ်ခပေါင် ၅၀၀၀၀၀ (အခွန်မဆောင်ရသေးမီ) ပေးချေပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ရာ မက်ဆီက စာချုပ်သစ်တွင် ယင်းပမာဏထက်ပိုမိုမြားပြားသည့် လုပ်ခလစာတစ်ရပ် အလိုရှိနေခြင်းဖြစ်သည်။

မန်စီးတီးနည်းပြဂွါဒီယိုလာက မက်ဆီနှင့် ပြန်လည်ပူးပေါင်းရန် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀၊ တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀၀ ဖြင့် ကမ်းလှမ်းရန် ချက်ချင်းပြင်ဆင်လျက်ရှိသည်။ ထို့ပြင် မန်ယူအသင်းသည်လည်း ရှနိုက်ဒါလင်နှင့် ဒီပိုင်းတို့နှစ်ဦးကို ရောင်းချငွေမှ ပေါင်သန်း ၄၀ နီးပါး ပြန်လည်ရရှိမည်ဖြစ်ရာ လာမည့်နွေဈေးကွက်တွင် မက်ဆီကိုခေါ်ယူရန် ယခုကတည်းက ကြိုးပမ်းနေပြီဖြစ်သည်။

**(ရှိုင်ယန်ဟောဒင်)**

# ကွန်ထရာအို၏မျက်နှာကို ကွန်ဖူးကန်ချက်ဖြင့် ကန်ရန် စီရိုနယ်လ်ဒို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့



ရီးယဲလ်မက်ဒရစ်အသင်း လေ့ကျင့်ရေး အစီအစဉ်အတွင်း စူပါစတားစီရိုနယ်လ်ဒိုက အသင်းဖော် ကွန်ထရာအို၏ မျက်နှာကို ကွန်ဖူးကန်ချက်ဖြင့် ရည်ရွယ်ချက်ရှိရှိကန်ရန် ကြိုးပမ်းခဲ့ခြင်းကို ဗီဒီယိုမှတ်တမ်းများတွင် အထင်အရှား မြင်တွေ့ခဲ့ရကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

စီရိုနယ်လ်ဒိုအနေဖြင့် သူ၏ နာမည်အရှိန်အဝါကြောင့် လေ့ကျင့်ရေးအစီအစဉ်မှာပင် အနိုင်ကျင့်ဗိုလ်ကျနေသည့် အပြုအမူမျိုးမကြာခဏ လုပ်ဆောင်နေတတ်ကြောင်း သတင်းများထွက်ပေါ်နေသည်မှာ ကြာမြင့်နေပြီ ဖြစ်သည်။

စီရိုနယ်လ်ဒိုမှာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဘလွန်းဒီအောဆု ရရှိခဲ့ပြီးနောက် ယခုရက်သတ္တပတ်အစောပိုင်းကလည်း ဖီဖာအကောင်းဆုံး ကစားသမားဆုကို ထပ်မံဆွတ်ခူးခဲ့ရာ တစ်ဦးချင်းဆုတံဆိပ်များက ယခုကဲ့သို့ မလိုလားအပ်သည့် အပြုအမူကို လုပ်ဆောင်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေသည်ဟု အဆိုပါသတင်းဌာနကပင် ဝေဖန်ရေးသားခဲ့သည်။

၎င်းတို့နှစ်ဦးမှာ ရီးယဲလ်အသင်းတွင်သာမက ပေါ်တူဂီလက်ရွေးစင်အသင်း ကစားဖော်များလည်းဖြစ်ကြရာ စီရိုနယ်ဒို၏ အပြုအမူများက ကွန်ထရာအိုနှင့်သူ့အကြား ရင်းနှီးသော ဆက်ဆံရေးကိုပင် ထိခိုက်စေနိုင်သည်။ ယင်းကိစ္စရပ်အပေါ် မည်သည့်ရီးယဲလ်ကစားသမားများကမှ ဝေဖန်ခြင်းမရှိခဲ့သော်လည်း ဗာရာနီနှင့် ဘင်ဇီမာတို့က မျက်လုံးခြင်း အချက်ပေးခဲ့ကြသည်ကိုမူ ဗီဒီယိုမှတ်တမ်းမှာပင် အထင်အရှား တွေ့ခဲ့ရသည်။

(ရှိုင်ယန်ဟောဒင်)

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၁၂။ ကော်မတီသည် ဦးစီးဌာန၏ ကနဦး စိစစ်ချက်များအရ တင်ပြချက်ပေါ်မူတည်၍ အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-
- (က) သက်သေအထောက်အထားနှင့် အချက်အလက်များသည် လိုအပ်ချက်များရှိသည်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း၊
- (ခ) စုံစမ်းစစ်ဆေးရန် သင့်၊ မသင့်ကို ဆုံးဖြတ်ခြင်း၊
- (ဂ) စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

**စုံစမ်းစစ်ဆေးခြင်း**

၁၃။ ပုဒ်မ ၁၂(ဂ)အရ ဖွဲ့စည်းသောစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်သည့်နေ့မှစ၍ သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ယင်းကြောင့်ထိခိုက်နစ်နာမှုတို့နှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွှယ်သူများထံမှလည်းကောင်း၊ ကော်မတီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း တောင်းခံနိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွှယ်သူများထံသို့ မေးခွန်းများပေးပို့မေးမြန်းခြင်း၊ အများပြည်သူရှေ့မှောက်ကြားနာခြင်း သို့မဟုတ် အခြားသင့်တော်သောနည်းများဖြင့် ဆောင်ရွက်နိုင်သည်။

**လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း**

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များအား လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။

၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်ထားရှိရမည့် အချက်အလက်နှင့် သက်သေအထောက်အထားများကို သက်ဆိုင်သူ၏ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အနေဖြင့် တင်ပြလာသည့် ကိစ္စရပ်တွင် လိုအပ်ပါက လျှို့ဝှက်မဟုတ်သည့် အကျဉ်းချုပ်ပုံစံများကိုပါ တင်ပြရန်နှင့် ထိုသို့တင်ပြနိုင်ခြင်း မရှိပါက အကြောင်းအရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အဖြစ် တင်ပြသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိလျှင်ဖြစ်စေ၊ လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်မဟုတ်သော အကျဉ်းချုပ်ပုံစံဖြင့် အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူမှ ခွင့်ပြုခြင်းမရှိလျှင်ဖြစ်စေ ယင်းအချက်အလက်များကို လျှို့ဝှက်အချက်အလက်အဖြစ် ထည့်သွင်းစဉ်းစားခြင်းမှ ချန်လှပ်ထားနိုင်သည်။

### အခန်း(၇)
### ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှုအခွန်စည်းကြပ်ခြင်း

**ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်း**

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူ၏လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှု ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါအချက်အလက်များအပါအဝင် ယင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောအချက်အလက်များကိုပါ ထည့်သွင်းစိစစ်အကဲဖြတ်ရမည်-
- (က) မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား
- (ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သော ဝေစု
- (ဂ) ရောင်းချမှုအခြေအနေပြောင်းလဲလာမှု
- (ဃ) ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု
- (င) ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲလာမှု
- (စ) အမြတ်နှင့်အရှုံး အခြေအနေပြောင်းလဲလာမှု
- (ဆ) အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲလာမှု

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းတို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွှယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်စေသည် သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်မဟုတ်ဘဲ အခြားသော အကြောင်းတစ်ခုခုကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းကို ထိခိုက်မှုနစ်နာမှု ဖြစ်ပေါ်စေသည်ဟု စိစစ်တွေ့ရှိပါက ယင်းထိခိုက်နစ်နာမှုမျိုးကို သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်ဟု ဆုံးဖြတ်ခြင်းမပြုရ။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း**

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိခိုက်နစ်နာမှုကို ကနဦးစိစစ်အကဲဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲနိုင်သော အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေသည့် ကာလအတွင်း တင်သွင်းလာသည့်ကုန်စည်အပေါ် ယာယီစည်းကြပ်မှု ပြုလုပ်ရန် ကော်မတီသို့ တင်ပြနိုင်သည်။

၂၅။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ သင့်လျော်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို စည်းကြပ်နိုင်သည်။
- (ခ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ရာတွင် အများဆုံး ရက်ပေါင်း ၂၀၀ အထိသာ စည်းကြပ်နိုင်သည်။

### အခန်း(၈)
### ကာကွယ်ပေးမှုအစီအမံများဆုံးဖြတ်ခြင်းနှင့် ကျင့်သုံး အကောင်အထည်ဖော်ခြင်း

**ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်း**

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်တွေ့ရှိချက်ကို အကြံပြုချက်များနှင့်အတူ ကော်မတီသို့ ဦးစီးဌာနမှတစ်ဆင့် တင်ပြရမည်။

၂၇။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်း သို့မဟုတ် ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း တွေ့ရှိပါက ယာယီကာကွယ်ပေးမှုအစီအမံကို ရပ်စဲရမည်။

၂၈။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်ပွားကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ ကာကွယ်ပေးမှုအစီအမံများအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ စစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် စည်းကြပ်နိုင်သည်-
- (က) သတ်မှတ်သည့် နှုန်းထားအတိုင်း ကာကွယ်ပေးမှုအကောက်ခွန်ကို ကောက်ခံခြင်း၊
- (ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း။

၂၉။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများမှ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရန်၊ ကုစားပေးရန်တို့အတွက် လိုအပ်သည့်အတိုင်းအတာအထိသာ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးနိုင်သည်။

**သွင်းကုန်ပမာဏ ကန့်သတ်ခြင်း**

၃၀။ ကော်မတီသည် ပုဒ်မ ၂၉ အရ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးရန် သို့မဟုတ် ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက် တွေ့ရှိပါက သွင်းကုန်ပမာဏကန့်သတ်ရာတွင် စစ်ဆေးခြင်းခံရသည့် ကုန်စည်၏ လွန်ခဲ့သော သုံးနှစ်အတွင်း တင်သွင်းခဲ့သည့် ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသော ကန့်သတ်ပမာဏကို သတ်မှတ်နိုင်သည်။

၃၁။ ကော်မတီသည် သွင်းကုန်ပမာဏကန့်သတ်မည်ဆိုပါက မြန်မာနိုင်ငံသို့ စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွားအမြောက်အမြားရရှိနေသည့် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရမည်။

၃၂။ ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် အဆိုပါနိုင်ငံများမှ လွန်ခဲ့သော ၃ နှစ်အတွင်း မြန်မာနိုင်ငံသို့ ယင်းကုန်စည်ကို တင်ပို့ရောင်းချခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏အချိုးအပေါ် မူတည်၍ ကန့်သတ်ပမာဏကိုခွဲဝေသတ်မှတ်ရမည်။

၃၃။ စစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးခြင်းမပြုရ-
- (က) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့်ပမာဏသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ ၃ ရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊
- (ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည် ၃ ရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ၉ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်ပြန်အမ်းခြင်း**

၃၄။ သက်ဆိုင်ရာဌာနသည် ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီမှ အောက်ဖော်ပြပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်-
- (က) အပြီးသတ်စစ်ဆေးပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှုအကောက်ခွန်သည် စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ထက် လျော့နည်းပါက ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊
- (ခ) ပုဒ်မ ၂၇ အရ ကာကွယ်ပေးမှုအစီအမံရပ်စဲသည့် အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

### အခန်း(၉)
### အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း

**အသိပေးအကြောင်းကြားခြင်း**

၃၅။ ဦးစီးဌာနသည် ကော်မတီ၏ဆုံးဖြတ်ချက်အရ အသိပေးအကြောင်းကြားမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-
- (က) စုံစမ်းစစ်ဆေးခြင်းမပြုသည့် ဆုံးဖြတ်ချက်ကို တင်ပြလျှောက်ထားသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားခြင်း၊
- (ခ) စုံစမ်းစစ်ဆေးမှုစတင်မည့် ဆုံးဖြတ်ချက်ကို သင့်လျော်သော နည်းလမ်းဖြင့် အများပြည်သူသို့ အသိပေးခြင်း၊
- (ဂ) ပုဒ်မ ၂၅(က)အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အသိပေးခြင်း၊
- (ဃ) ကော်မတီမှ ကာကွယ်ပေးမှုအစီအမံတစ်ခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယင်းကုန်စည် တင်ပို့သည့်နိုင်ငံများ၊ အကျိုးဝင်ဆက်နွှယ်သူများနှင့် အများပြည်သူသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သင့်လျော်သောနည်းလမ်းဖြင့် အသိပေးအကြောင်းကြားခြင်း၊

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှုအစီအမံတစ်ခုခုကိုကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကာကွယ်ပေးမှုကော်မတီသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အကြောင်းကြားပေးပို့ရမည်။

**သတင်းအချက်အလက်တောင်းခံခြင်း**

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့်အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်းတစ်ခုခုအရဖြစ်စေ တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရသည် ပုဒ်မ ၃၇ အရ တောင်းခံမှုနှင့်စပ်လျဉ်း၍ တောင်းခံသည့်ကော်မတီသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံသံရုံးမှတစ်ဆင့် ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်းတစ်ခုခုအရဖြစ်စေ အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၁၅ ရက်အတွင်း သို့မဟုတ် ကော်မတီ၏ ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ပံ့ပိုးပေးရမည်။

၃၉။ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်အရ လျှို့ဝှက်အချက်အလက်နှင့် သက်သေအထောက်အထားများကို အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန်တောင်းခံလာပါက ယင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြပေးပို့ရမည်ဖြစ်ပြီး ထိုသို့ပေးပို့နိုင်ခြင်း မရှိပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြရမည်။

### အခန်း(၁၀)
### ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

**ကျင့်သုံးသည့်ကာလ**

၄၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည် ထုတ်လုပ်သည့်လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်၊ ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည်တိုးတက်ရန်အတွက် လိုအပ်သောအချိန်ကာလအထိသာ ဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှုအစီအမံကျင့်သုံးရာတွင် -
- (က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး ၄ နှစ်အထိသာ ကျင့်သုံးနိုင်သည်။
- (ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က)ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ် အထိသာ ကျင့်သုံးနိုင်သည်။
- (ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ် ကျင့်သုံးမည်ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး ၂ နှစ် ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

၄၂။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက်အထားတင်ပြချက်များသည် သင့်လျော်သည်ဟု ယူဆပါက ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့်အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်းမပြုရ။

၄၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံးရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက်လျော့နည်းသည့်ကာလအတွင်း ထပ်မံကျင့်သုံးနိုင်သည်-
- (က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံ စတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး ၁ နှစ်အထိ ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့် အခြေအနေ၊
- (ခ) အစီအမံစတင်ကျင့်သုံးသည့်နေ့မှ ၅ နှစ်အတွင်း တူညီသည့် ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက်ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

**အစီအမံကို ဖြေလျှော့ခြင်း**

၄၄။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက် ကျော်လွန်သည့် ကိစ္စရပ်တွင် ယင်းအစီအမံကျင့်သုံးမှုကို အဆင့်ဆင့်ဖြေလျှော့ သတ်မှတ်နိုင်သည်။

**ပြန်လည်သုံးသပ်ခြင်း**

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့် ပတ်သက်၍ ဆက်လက်ကျင့်သုံးနိုင်ရန်

**စာမျက်နှာ ၁၆ သို့**

ကြေးမုံ ဇန်နဝါရီ ၁၃၊ ၂၀၁၇

# Exim Bank ချေးငွေပေးအပ်ပွဲ တွန်းဇံမြို့၌ကျင်းပ

**တွန်းဇံ ဇန်နဝါရီ ၁၂**

Exim Bank ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ချင်းပြည်နယ် တွန်းဇံမြို့၌ ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာန ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆလိုင်းထောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတွဲလ်ခိုပေါင်က Exim Bank ချေးငွေထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် လယ်ယာနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်း ရှစ်သင်းအတွက် ငွေကျပ်သိန်း ၅၅၀ ကို မြို့နယ် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးထန်ဆွင်းလန့်က လည်းကောင်း၊ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းငါးသင်းအတွက် ငွေကျပ် ၅၄၀ သိန်းကို မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးတွဲလ်ခိုပေါင်ကလည်းကောင်း၊ မွေးမြူရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်း ရှစ်သင်းအတွက် ငွေကျပ်သိန်း ၃၃၀ ကို မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးခိုင်ဒိုးခမ်ကလည်းကောင်း၊ ဇိုသွန်နူးငွေစုငွေချေး သမဝါယမအသင်းအတွက် ငွေကျပ် ၇၅ သိန်းကို မြို့မိမြို့ဖ ဒေါ်ဟောက်ဂိုးကျင်းက လည်းကောင်း အသီးသီးပေးအပ်ခဲ့သည်။

မြို့နယ်သမဝါယမ ဦးစီးဌာနမှ Exim Bankချေးငွေကို အသင်းပေါင်း ၂၂ သင်းအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၁၄၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာမျက်နှာ ၁၅ မှ**

အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ ၃ နှစ်ထက်ကျော်လွန်ကျင့်သုံးသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ယင်းသက်တမ်း တစ်ဝက်ထက်နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက်ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

**ခွဲခြားဆက်ဆံခြင်းမရှိသော ကာကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**

၄၆။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်မှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများ အချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်းကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက်မှု ရှိစေရမည်။

**အခန်း(၁၁)**

**နိုင်ငံတကာနှင့်ပတ်သက်၍ လိုက်နာရမည့်တာဝန်များ**

၄၇။ ဤဥပဒေသည် ၁၉၉၄ တွင် ပြဋ္ဌာန်းသောကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အထွေထွေ သဘောတူညီချက်နှင့် ကာကွယ်ပေးမှုဆိုင်ရာသဘောတူညီချက်များအပါအဝင် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းမှ ပြဋ္ဌာန်းထားသော သဘောတူညီချက်များအရ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၄၈။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက် သို့မဟုတ် ဒေသတွင်းသဘောတူညီချက် တစ်ခုခုအရ အဖွဲ့ဝင်နိုင်ငံအနေဖြင့် လိုက်နာရန် ကတိပြုထားသည့် တာဝန်ဝတ္တရားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုများ ပေါ်ပေါက်လာပါက ယင်းသဘောတူညီချက်များပါ စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၄၉။ ဤဥပဒေအရ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးနေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးရှိ မရှိကို စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သက်ဆိုင်သည့် သက်သေအထောက်အထားများကို ကော်မတီမှသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခွင့်ရှိသည်။

၅၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ကာကွယ်ပေးမှုအကောက်ခွန်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ လည်းကောင်း ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၂၅(က)နှင့် ပုဒ်မ ၂၈(က)ပါ အကောက်ခွန်ကောက်ခံခြင်းတို့နှင့် ပုဒ်မ ၃၄ ပါ အခွန်ငွေ ပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာအခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေတို့၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ကော်မတီနှင့်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီး၍လမ်းပန်း ဆက်သွယ်ရေးအဆင်ပြေ

**မိတ္ထီလာ ဇန်နဝါရီ ၁၂**

မိတ္ထီလာမြို့ ရှောင်လမ်း သပြေဝတိုးဂိတ်အနီးမှ မြာရေဝေကျေးရွာလမ်းဆုံအနီး ၁၄ မိုင် ၄ ဖာလုံ လမ်းအား ကုမ္ပဏီနှစ်ခုက တာဝန်ယူ ဖောက်လုပ်ပြီးစီးမှုကြောင့် မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု ယခင်ကထက်လျော့နည်းလာသကဲ့သို့ မြို့ရှောင်လမ်းမှ မောင်းနှင်ရသဖြင့် ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သူများ အတွက်လည်း လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလျက်ရှိကြောင်းသိရသည်။

“မိတ္ထီလာမြို့တွင်းလမ်းက မောင်းနှင်ရတာထက် မြို့ရှောင်လမ်းက မောင်းနှင်ရတာ ကျွန်တော်တို့လို ကုန်တင်ယာဉ်ကြီးတွေမောင်းနှင်သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်။ မြို့တွင်းလမ်းတွေကကျဉ်းပြီး မော်တော်ဆိုင်ကယ်မောင်းနှင်သူတွေလည်းများတော့ အရင်တုန်းက မြို့တွင်းလမ်းက မောင်းနှင်တဲ့အခါ အမြဲသတိကြီးကြီးထားပြီးမောင်းနှင်ရတယ်။ အခုတော့ မြို့ရှောင်လမ်းက ဖြတ်သန်းမောင်းနှင်ရတာမို့ လမ်းပန်းဆက်သွယ်သွားလာရေးပိုပြီး အဆင်ပြေတယ်” ဟု ရန်ကုန်မှမန္တလေး၊ မန္တလေးမှ ရန်ကုန် အသွားအပြန်ခရီး ကုန်တင်ယာဉ်မောင်းနှင်သူ ကိုမျိုးနိုင်ထွန်းက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးသည့်အတွက် ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သူများ လမ်းပန်းဆက်သွယ်ရေးပိုမို အဆင်ပြေသကဲ့သို့ ဒေသခံများအတွက်လည်း မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်းလာခြင်း၊ မြို့တွင်းလမ်းများယခင်ကထက် ပျက်စီးမှုလျော့နည်းလာခြင်းကြောင့် သွားလာရေး ပိုမိုအဆင်ပြေလွယ်ကူလာကြောင်း သိရသည်။

“မြို့ရှောင်လမ်းမပြီးခင်က မြို့တွင်းလမ်းတွေမှာ ကုန်တင်ယာဉ်ကြီးတွေမောင်းနှင်ကြတော့ လမ်းတွေပျက်စီးသလို ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း မကြာခဏ ကြုံရတယ်။ အခုတော့ အဲဒီတုန်းက ပျက်စီးထားတဲ့လမ်းတွေ မပြင်ရသေးပေမယ့် ကုန်တင်ယာဉ်ကြီးတွေက မြို့ရှောင်လမ်းမှ သွားကြတာမို့ အရင်ကထက် မြို့တွင်းလမ်းပျက်စီးမှုလျော့နည်းလာပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း လျော့ပါးလာပြီဖြစ်ပါတယ်” ဟု ရန်မျိုးအောင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့ ရှောင်လမ်း သပြေဝတိုးဂိတ်အနီးမှ ပျဉ်သာကျေးရွာအနီး မိတ္ထီလာ-သာစည်ကားလမ်းမ လမ်းဆုံအထိ ၉ မိုင် ၂ ဖာလုံအား သော်တာဝင်းကုမ္ပဏီမှ ကွန်ကရစ်လမ်းအဖြစ်၊ ယင်းလမ်းဆုံမှ မြာရေဝေကျေးရွာလမ်းဆုံအနီး ၅ မိုင် ၂ ဖာလုံခရီးအား ယုဇနကုမ္ပဏီမှ ကတ္တရာလမ်းအဖြစ် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက လမ်းပိုင်းအားလုံး ဖောက်လုပ်ပြီးစီးခဲ့သည်။

မိတ္ထီလာမြို့ရှောင်လမ်းရှိ မုန်ပင်ဆည်ရွာအနီးမှ ပျဉ်သာရွာအနီး လမ်းဆုံအထိ လမ်းပိုင်းအနည်းငယ်ပျက်စီးနေမှုကြောင့်ပြုပြင်ပြီးစီးနိုင်ရေးအတွက် ယုဇနကုမ္ပဏီကဆောင်ရွက်လျက်ရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သင်ထောက်ကူပစ္စည်းများပေးအပ်

**လယ်ဝေး ဇန်နဝါရီ ၁၂**

ရွှေပြည်တန်ပညာရေးကွန်ရက်မှ ဓမ္မကျောင်းတော် ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ဓမ္မကျောင်းတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က လယ်ဝေးမြို့နယ် နောင်ဘိုကျေးရွာ အရှေ့ရွာ ဘုရားသုံးဆူကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် ရွှေပြည်တန်ပညာရေးကွန်ရက်မှ အမှုဆောင်အရာရှိ ဦးသိန်းထွေးက သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ပြောကြားပြီး လယ်ဝေးမြို့နယ်အတွင်း ၁၇၃ ခု မြောက် ဖွင့်လှစ်သည့် ဓမ္မကျောင်းတော်တွင် တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများနှင့် အာဟာရအဖြစ် ကြာဆံကြော်ဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ပေါင် ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများတွေ့ဆုံပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးမှုအတွက် ဖြစ်ပေါ်နေသော ရေအခက်အခဲများ၊ နွေရာသီသောက်သုံးရေ ရှားပါးမှုများ၊ ဆည်မြောင်းဆိုင်ရာကိစ္စရပ်များ၊ မြေနုကျွန်းကိစ္စများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဌာနဆိုင်ရာ အသီးသီးမှ ဆွေးနွေးတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာများအနေဖြင့် ပြည်သူလူထုကို အကြံဉာဏ်များပေးပြီး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူးက ယခုနှစ် နွေရာသီ သောက်သုံးရေ ရှားပါးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်စေလိုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **ကိုဟိန်း(ပေါင်)**

# မွေး/ဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်ဝက်များအား ကျေးရွာများသို့အရောက်ဖြန့်ဝေပေး

**ကန်ကြီးထောင့် ဇန်နဝါရီ ၁၂**

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာပြီး အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မွေးမြူသူပိုင်ရှင်နှင့် ဝက်အကောင်ရေများ တိုးပွားလာစေရေး ရည်ရွယ်ချက်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဦးဆောင်၍တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေး ကျေးရွာကော်မတီနှင့် ပူးပေါင်းကာ MCPL Breeder Farm မှ ဝယ်ယူလာသော မျိုးကောင်းမျိုးသန့် (DYL) ဝက်များကို အနောက်စုကျေးရွာသို့ ဇန်နဝါရီ ၇ ရက်က ဖြန့်ဝေပေးခဲ့သည်။



ယင်းသို့ ဖြန့်ဝေရာတွင် ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လတ်နှင့်အတူ ဒုဦးစီးမှူးများက မျိုးကောင်းမျိုးသန့် (DYL) ဝက်များကို အနောက်စုကျေးရွာရှိ အိမ်ထောင်စု ၂၅ စုသို့ အိမ်ထောင်တစ်စုလျှင် အသားတိုးဝက် နှစ်ကောင်နှင့် မျိုးဝက်မနှစ်ကောင် စုစုပေါင်း လေးကောင်နှုန်းဖြင့် အကောင်ရေ ၁၀၀ အား ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ပြီး အဆိုပါတိရစ္ဆာန်များ၏ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် လိုအပ်သောဆေးကုသမှုများကို ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူထားသော အိမ်ထောင်စုများမှ တစ်နှစ်ပြည့်လျှင် မိမိတို့ရယူထားသော ဝက်အကောင်ရေ၊ အရွယ်အစားအတိုင်း တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးကျေးရွာကော်မတီသို့ ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး အဆိုပါဝက်များကို အခြားကျေးရွာများမှ ကျန်ရှိသော အိမ်ထောင်စုများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

# မုံရွာတိုင်းရင်းဆေးရုံတွင် မင်းတိုင်ပင်ကျေးရွာ အုပ်စုအတွင်းရှိပြည်သူများ၏ကျန်းမာရေးအတွက် အခမဲ့ ကွင်းဆင်းကုသ

**ပုလဲ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကံ့ကော်ဆောင်၌ ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မုံရွာမြို့ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ဆရာမကြီးဒေါ်ခင်နှင်းဝေ၊ မုံရွာခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးထွန်းနေအောင်၊ ပုလဲမြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်ဖြိုးဖြိုးသီဂီအောင်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်း ကုသပေးခဲ့ကြောင်းသိရသည်။

မုံရွာခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းနေအောင်က “ကျွန်တော်တို့အဖွဲ့အနေနဲ့ မုံရွာခရိုင်နှင့်ယင်းမာပင်ခရိုင် အတွင်းရှိကျေးရွာတွေကို တစ်လတစ်ကြိမ် ကွင်းဆင်းပြီး တိုင်းရင်းဆေးပညာရပ်အကြောင်း သိကောင်းစရာတွေကို ပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးကောင်းမွန်မှုမှသည် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်၍ တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသပေးခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာနေ ဦးသန်းနိုင်ဝင်းက “မုံရွာတိုင်းရင်းဆေးရုံက ကျွန်တော်တို့ကျေးရွာကို တိုင်းရင်းဆေးပညာနဲ့ အခမဲ့ကွင်းဆင်းကုသပေးမယ်လို့ သိရတဲ့အတွက် ဒုနာဝေဒနာခံစားနေရတာကို လာရောက်ပြသပေးခြင်းဖြစ်ပါတယ်။ ဆရာမတွေက စစ်ဆေးကြည့်ရှုပေးပြီး ဆေးပတ်တီးစည်းပေးပါတယ်။ အိမ်ပြန်ရောက်ရင်လည်း ဆေးပတ်တီးစည်းဖို့ ဆေးဝါးများကိုလည်း အခမဲ့ပေးလိုက်ပါတယ်။ နောက်နှစ်တွေမှာ အခုလိုမျိုး ကျွန်တော်တို့ကျေးရွာကို မုံရွာတိုင်းရင်းဆေးရုံက ဆက်လက်ကွင်းဆင်းပြီး ကုသပေးစေလိုပါတယ်” ဟု ပြောသည်။

အဆိုပါ မုံရွာမြို့ ခုတင်(၅၀) ဆံ့ တိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမများက ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စုအတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်များ၊ လေငန်း၊ လေဖြတ်၊ ထုံကျင်၊ အကြောရောဂါခံစားနေရသူများနှင့် ဆီးချို၊ သွေးတိုး၊ သွေးကျ၊ ခါးနာ၊ ဒူနာ၊ အဆစ်နာ ခံစားနေရသောဝေဒနာရှင်စုစုပေါင်း ၁၇၄ ဦးတို့ကို တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **မင်းခနဲ့စိုး(ဧယျာမြေ)**

## လာလီဂါရင်ခုန်သံ-၁၈

# ဆီဗီလာကိုခက်ခဲစွာရင်ဆိုင်ရမယ့် ရီးယဲလ်မက်ဒရစ်

**စပိန်လာလီဂါပွဲစဉ်-၁၈ ကိုလာမယ့် ဇန်နဝါရီလ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်နေ့တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ရီးယဲလ်က ဆီဗီလာရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်လို့ နိုင်ပွဲရယူနိုင်ကာ ဘာစီလိုနာနဲ့ လက်ရှိကွာဟနေတဲ့ အမှတ်ကိုထိန်းနိုင်မလားဆိုတာစောင့်ကြည့်ရမယ်။**



### ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| မက်ဆီ(ဘာစီလိုနာ) | - ၁၃ဂိုး |
| ဆွာရက်ဇ်(ဘာစီလိုနာ) | - ၁၂ဂိုး |
| စီရိုနယ်လ်ဒို(ရီးယဲလ်) | - ၁၁ဂိုး |
| အက်စ်ပတ်စ်(ဆယ်လ်တာဗီဂို)- | ၁၁ဂိုး |
| ဝီလျံဂျို့စ်(ဆိုစီဒက်) | - ၉ဂိုး |

**စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၆ | ၁၂ | ၄ | ၀ | ၄၅ | ၁၄ | ၃၁ | ၄၀ |
| ၂ | ဆီဗီလာ | ၁၇ | ၁၁ | ၃ | ၃ | ၃၆ | ၂၁ | ၁၅ | ၃၆ |
| ၃ | ဘာစီလိုနာ | ၁၇ | ၁၀ | ၅ | ၂ | ၄၂ | ၁၇ | ၂၅ | ၃၅ |
| ၄ | အက်သလက်တီကို | ၁၇ | ၉ | ၄ | ၄ | ၃၁ | ၁၄ | ၁၇ | ၃၁ |
| ၅ | ဗီလာရီးယဲလ် | ၁၇ | ၈ | ၆ | ၃ | ၂၆ | ၁၂ | ၁၄ | ၃၀ |
| ၆ | ရီးယဲလ်ဆိုစီဒက် | ၁၇ | ၉ | ၂ | ၆ | ၂၈ | ၂၅ | ၃ | ၂၉ |
| ၇ | ဘီဘာအို | ၁၇ | ၈ | ၃ | ၆ | ၂၂ | ၁၉ | ၃ | ၂၇ |
| ၈ | လက်စ်ပါးမက်စ် | ၁၇ | ၆ | ၆ | ၅ | ၂၇ | ၂၄ | ၃ | ၂၄ |
| ၉ | ဆယ်တာဗီဂို | ၁၇ | ၇ | ၃ | ၇ | ၂၈ | ၃၂ | -၄ | ၂၄ |
| ၁၀ | အီဘား | ၁၇ | ၆ | ၅ | ၆ | ၂၂ | ၂၂ | ၀ | ၂၃ |
| ၁၁ | အက်စ်ပန်ညို | ၁၇ | ၅ | ၈ | ၄ | ၂၀ | ၂၃ | -၂ | ၂၃ |
| ၁၂ | အလာဗက်စ် | ၁၇ | ၅ | ၇ | ၅ | ၁၅ | ၁၇ | -၂ | ၂၂ |
| ၁၃ | မာလာဂါ | ၁၇ | ၅ | ၆ | ၆ | ၂၆ | ၂၉ | -၃ | ၂၀ |
| ၁၄ | ဘက်တစ် | ၁၇ | ၆ | ၃ | ၈ | ၂၀ | ၂၉ | -၉ | ၂၀ |
| ၁၅ | ဒီပို့တီဗို | ၁၇ | ၄ | ၅ | ၈ | ၂၃ | ၂၈ | -၅ | ၁၇ |
| ၁၆ | လီဂါနက်စ် | ၁၇ | ၄ | ၄ | ၉ | ၁၃ | ၂၉ | -၁၆ | ၁၆ |
| ၁၇ | ဗလင်စီယာ | ၁၆ | ၃ | ၄ | ၉ | ၂၄ | ၃၂ | -၈ | ၁၃ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၇ | ၃ | ၃ | ၁၁ | ၁၇ | ၃၄ | -၁၇ | ၁၂ |
| ၁၉ | ဂရန်နာဒါ | ၁၇ | ၁ | ၆ | ၁၀ | ၁၄ | ၃၈ | -၂၄ | ၉ |
| ၂၀ | အိုဆာစူနာ | ၁၇ | ၁ | ၅ | ၁၁ | ၁၆ | ၃၇ | -၂၀ | ၈ |

### လီဂါနက်စ် - ဘီဘာအို
**ည ၆း၃၀ (၁၄-၁-၁၇)**

လီဂါနက်စ်ဟာအိမ်ကွင်း ကစားအားကောင်းတဲ့အသင်းဖြစ်တယ်။ တိုက်စစ်ပိုင်းကိုလည်း ကောင်းမွန်စွာ ကစားနိုင်တာကြောင့် အိမ်ကွင်းပွဲစဉ်မှာလီဂါနက်စ်ရဲ့ခြေစွမ်းကသတိထားရစောင့်ကြည့် ချင်စရာဖြစ်နေပါတယ်။ ဘီဘာအိုကလည်း စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ ဘာစီလိုနာနဲ့ကစားခဲ့ရလို့ ပွဲပန်းမှုဒဏ်ရှိနေနိုင်ပါတယ်။ ဒ့ါအပြင် ဘီဘာအိုတို့အဝေးကွင်းဖြစ်မှာဆိုရင် ခြေစွမ်းပိုင်းလည်းအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒီပွဲမှာအိမ်ရှင်အသင်းကိုသာနှစ်သက်မိတယ်။

### အက်သလက်တီကို - ဘက်တစ်
**နံနက် ၀၀း၀၀ (၁၅-၁-၁၇)**

အက်သလက်တီကိုအသင်းဟာ အခုလိုအိမ်ကွင်းမှာကစားမယ့် ပွဲစဉ်မျိုးမှာနိုင်ပွဲရရှိရေးကို အမှားမခံဘဲ ကစားလာဖို့သာရှိနေပါတယ်။ ဘက်တစ်အသင်းရဲ့ ခြေစွမ်းကလည်း အတက်အကျမမှန်သလို အဝေးကွင်းမှာဆိုရင် ခြေစွမ်းကျဖို့သာများနေပါတယ်။ အထူးသဖြင့် ခြေကုန်ထုတ်လာမယ့် အိမ်ရှင်အသင်းရဲ့ ခြေစွမ်းကို ဘက်တစ်တို့ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ အက်သလက်တီကိုကသာဂိုးပြတ်နိုင်ပွဲရရှိသွားဖို့သာ ရှိနေပါတယ်။

### ဗလင်စီယာ - အက်စ်ပန်ညို
**ညနေ ၅း၃၀ (၁၅-၁-၁၇)**

ဗလင်စီယာဟာဒီပွဲစဉ်မှာရလဒ် ကောင်းအောင် ခြေကုန်ထုတ် ကစားလာဖို့ရှိနေပါတယ်။ နည်းပြသစ်နဲ့ ဗလင်စီယာတို့ ရလဒ်ကောင်းအောင်ကြိုးပမ်းလာမှာပါ။အက်စ်ပန်ညိုကလည်း အဝေးကွင်းမှာဆိုရင်ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းဟာ ခြေစွမ်းပိုင်းညီမျှနိုင်ပါတယ်။ အိမ်ရှင်အားသာချက်ရှိနေတဲ့ ဗလန်စီယာတို့ အနည်းငယ်အားသာနေကာနိုင်ပွဲလည်းရနိုင်တယ်။

### ဂီဂျွန် - အီဘား
**နံနက် ၀၀း၀၀ (၁၆-၁-၁၇)**

ဂီဂျွန်ဟာလက်ရှိခြေစွမ်းပိုင်းကျဆင်းနေဆဲဖြစ်ပြီး တန်းဆင်းဇုန်အတွင်းကလွတ်မြောက်နိုင်ဖို့ရုန်းကန်နေရတဲ့အသင်းဖြစ်တယ်။ အခုကစားမယ့်အိမ်ကွင်းပွဲစဉ်မှာတော့ ဂီဂျွန်တို့ရလဒ်ကောင်းရအောင် ခြေကုန်ထုတ်မှာဖြစ်ပေမယ့် အသင်းကောင်းအီဘားကို ယှဉ်ကစားဖို့ ခက်ပါလိမ့်မယ်။ အီဘားဟာအသင်းလိုက်ကစားအားကျစ်လျစ်မှုရှိပြီး တိုက်စစ်ပိုင်းကလည်းထက်မြက်မှုရှိနေတာကြောင့် အခုလိုအဝေးကွင်းပွဲစဉ်မှာလည်းခြေစွမ်းအသာရကာနိုင်ပွဲရသွားဦးမှာဖြစ်တယ်။

### ဆီဗီလာ - ရီးယဲလ်
**နံနက် ၂း၁၅ (၁၆-၁-၁၇)**

ဒီနှစ်သင်းဟာအစောပိုင်းမှာ စပိန်ဘုရင့်ဖလားပြိုင်ပွဲအတွင်း ဆုံတွေ့ခဲ့ကြတဲ့အသင်းတွေဖြစ်တယ်။ ရီးယဲလ်တို့အိမ်ကွင်းမှာခြေစွမ်းပြသနိုင်ခဲ့ပေမယ့်လည်းအခုကစားမယ့်စပိန်လီဂါပွဲမှာတော့အဝေး ကွင်းပွဲစဉ်ဖြစ်နေတာကြောင့်ခြေစွမ်းထက်မြက်တဲ့ ဆီဗီလာရဲ့ဖိအားပေးမှုကို ခံရဖို့သာရှိနေပါတယ်။ သွင်းဂိုးများမယ့်ပွဲဖြစ်လာဦးမှာဖြစ်ပြီး အိမ်ကွင်းမှာစိတ်ဓာတ်ကောင်းတွေရရှိလာမယ့် ဆီဗီလာနိုင်ပွဲကပ်ရ သွားနိုင်ပါတယ်။

### ဘာစီလိုနာ - လက်စ်ပါးမက်စ်
**ည ၉း၄၅ (၁၄-၁-၁၇)**

ဘာစီလိုနာဟာ လက်စ်ပါးမက်စ်အသင်းနဲ့ ဆုံတွေ့တိုင်းခက်ခက်ခဲခဲရင်ဆိုင်ကစားရလေ့ရှိပါတယ်။ လက်ရှိမှာလည်း လက်စ်ပါးမက်စ်ရဲ့ ခြေစွမ်းဟာ မာကျောမှုရှိနေတာကြောင့် ဘာစီလိုနာတို့ ခက်ခက်ခဲခဲရင်ဆိုင်ကစားရဦးမှာဖြစ်တယ်။ ဒါပေမယ့်လည်း ဘာစီလိုနာတို့အိမ်ကွင်းဖြစ်နေတာကြောင့်လူစုံပွဲထွက်ကာနိုင်ပွဲရအောင်ခြေကုန် ထုတ်မှာဖြစ်ပြီး ရီးယဲလ်ကိုဖိအားပေးနိုင် အောင်အားစိုက်လာမှာဖြစ်လို့ ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

### ဒီပို့တီဗို - ဗီလာရီးယဲလ်
**နံနက် ၂း၁၅ (၁၅-၁-၁၇)**

ဗီလာရီးယဲလ်ဟာ ဒီပွဲမတိုင်မီမှာအသင်းကောင်းတွေနဲ့ ပွဲကျပ်တွေ ကစားခဲ့ရမှာဖြစ်တယ်။ ဗီလာရီးယဲလ်ရဲ့ခြေစွမ်းက ထက်မြက်မှုရှိနေတာကြောင့် အခုပွဲကိုလည်းနိုင်ပွဲရအောင်ဖိအားပေးကစားနိုင်ဦးမှာဖြစ်တယ်။ ဒီပို့တီဗိုရဲ့ ခြေစွမ်းက ကောင်းမွန်တယ်လို့ ဆိုနိုင်ပေမယ့်လည်း ခံစစ်ပိုင်းစုဖွဲ့မှုကတော့ အနည်းငယ်အားနည်းမှုတွေ ရှိတတ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဗီလာရီးယဲလ်ကို ခုခံကစားဖို့ အိမ်ရှင်အတွက်ခ က်ခဲနေမှာဖြစ်တယ်။ ဗီလာရီးယဲလ်ကသာနိုင်ပွဲကပ်ရမယ်။

### ဆယ်တာဗီဂို - အလာဗက်စ်
**ည ၉း၄၅ (၁၅-၁-၁၇)**

ဆယ်တာဗီဂိုဟာ ခြေစွမ်းကောင်းတွေပြန်လည်ရရှိနေသလို အလာဗက်စ်ကလည်း ခြေစွမ်းမာကျောတဲ့အသင်းဖြစ်နေပါတယ်။ စပိန်လီဂါပြိုင်ပွဲအတွင်းမှာအမှတ်ပေးဇယား အဆင့်ကွာခြားမှုလည်း ကျဉ်းမြောင်းနေတဲ့ ဒီနှစ်သင်းရဲ့ပွဲစဉ်ဟာအကြိတ်အနယ်ရှိကာ သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့ရဖို့သေချာနေပါတယ်။ တိုက်စစ်ပိုင်းမှာ ဆယ်တာဗီဂိုက အနည်းငယ်ပိုမိုကောင်းမွန်ပေမယ့်လည်း အသင်းလိုက် ကစားအားမှာတော့အလာဗက်စ်ကပိုကောင်းနေကာသရေကျမယ်။

### ဂရန်နာဒါ - အိုဆာစူနာ
**နံနက် ၀၀း၀၀ (၁၆-၁-၁၇)**

ဒီနှစ်သင်းဟာ စပိန်လီဂါပြိုင်ပွဲအတွင်း အမှတ်ပေးဇယား အောက်ဆုံးမှာရှိနေတဲ့ အသင်းတွေဖြစ်ပြီး ခြေစွမ်းပိုင်းလည်းကွာဟမှုကျဉ်းမြောင်းနေတဲ့အသင်းတွေဖြစ်တယ်။ ဒီနှစ်သင်းဟာစပိန်ဘုရင့်ဖလား ပြိုင်ပွဲမှာတော့ အိမ်ရှင်ဖြစ်ခဲ့တဲ့ အသင်းကနိုင်ပွဲရခဲ့ပြီး အိုဆာစူနာက ဂိုးပိုသွင်းနိုင်ကာနောက်တစ်ဆင့်တက်ခဲ့တာဖြစ်တယ်။ ဒါပေမယ့်လည်းအခုပွဲကဂရန်နာဒါအိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ အိမ်ရှင်အသင်း နိုင်ပွဲကပ်ရနိုင်ပါတယ်။

### မာလာဂါ - ဆိုစီဒက်စ်
**နံနက် ၂း၁၅ (၁၇-၁-၁၇)**

ဆိုစီဒက်ဟာ စပိန်လီဂါမှာရော စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာပါ ခြေစွမ်းကောင်းတွေပြသနေတဲ့အသင်းဖြစ်တယ်။ မာလာဂါကတော့ ခြေစွမ်းကောင်းတွေ ပြန်လည်ရရှိဖို့ကြိုးပမ်းနေရဆဲအသင်းဖြစ်တယ်။ ဒါပေမယ့်လည်း နည်းပြသစ်နဲ့အတူ မာလာဂါတို့ ခြေစွမ်းကောင်း တွေရရှိလာနိုင်ပါတယ်။ အထူးသဖြင့် မာလာဂါဟာအခုလိုအိမ်ကွင်း ပွဲစဉ်မျိုးမှာ ခြေစွမ်းမာကျောမှုတွေကိုပြန်လည်ပြသနိုင်တာကြောင့် ဆိုစီဒက်အတွက်ခက်ခဲမှုတွေရှိသွားနိုင်ပါတယ်။ မာလာဂါက အနည်းဆုံး သရေကစားနိုင်မှာပါ။

## ကိုယ့်ကိုယ်ကိုယ် နည်းပြအဖြစ် မြင်ကြည့်လို့ မရသေးဟု စီရိုနယ်လ်ဒိုဆို



ပေါ်တူဂီနဲ့ ရီးယဲလ်မက်ဒရစ် စူပါစတား စီရိုနယ်လ်ဒိုက ကစားသမားဘဝကနေ အနားယူပြီးရင် နည်းပြအလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုမလားဆိုတာ အခုထိ မသေချာဘူးလို့ ဆိုပါတယ်။ စီရိုနယ်လ်ဒိုက အခုအချိန်ထိ သူ့ကိုယ်သူ နည်းပြတစ်ဦး အဖြစ် မြင်ကြည့်လို့ မရသေးပေမယ့် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးလို့ ပြောပါတယ်။

စီရိုနယ်လ်ဒိုက "အနာဂတ်ဆိုတာ ဘယ်သူမှ ကြိုမမြင်နိုင်တာကြောင့် ကျွန်တော် ဘယ်တော့မှဆိုတဲ့ စကားကိုတော့ မသုံးနှုန်းပါဘူး။ ဒါပေမယ့် အခုအချိန်ထိတော့ ကိုယ့်ကိုယ်ကိုယ် နည်းပြတစ်ဦးအဖြစ် မြင်ကြည့်လို့ မရသေးပါဘူး" လို့ ဆိုပါတယ်။ ယခင်က နာမည်ကျော်ကစားသမားတွေဖြစ်တဲ့ ဇီဒန်း၊ အင်းနရစ်၊ ဂွါဒီယိုလာတို့ဟာ လက်ရှိမှာ အောင်မြင်တဲ့ နည်းပြဘဝကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် စီရိုနယ်လ်ဒိုလည်း တစ်ချိန်ချိန်မှာ နည်းပြအဖြစ်မြင်တွေ့ရဖို့ရှိသလားဆိုတဲ့ မေးခွန်းအတွက် အထက်ပါအတိုင်း တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုက ယခင်က ကလပ်အသင်းတွေနဲ့သာ ခမ်းနားတဲ့ အောင်မြင်မှု ရယူနိုင်ခဲ့သူဖြစ်ပေမယ့် ၂၀၁၆ခုနှစ်အတွင်း ပေါ်တူဂီအသင်းကို ယူရိုဖလား ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် ဘောလုံးသမိုင်းရဲ့ သူဟာ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ဖို့ အဆင်သင့်ဖြစ်နေခဲ့ပြီလို့လည်း ကြွေးကြော်ခဲ့ပါသေးတယ်။

မေလဲ့သင်း

EHfwvmfvnfqmuf;mwifEHfwvmf cJyfjcm tmPm\ cufo;jrifzpfbnf0ya'jya&;? tjcm;ya&;? w&m;pD&if&;[bnfr@dluDb&ifzift c;if;cif tjyet vEf xe;aumif;aqmifuf bnf[kqkd;m;&m 0ya'qkdm talumift &mrm;ul;jynfbrm; ouvb;m E;efpma&;olarmifm*\ 0ya'EÁyfqkdom aqmify;rm;ukt ywf0f azmjfay;om;yrnfaqmify;wifh&onft alumift &mrm;onfpma&;ol\ tmabmfbmjzpfonf (pmwnftzJU

# ဘီနာမီ (ခ) အမည်ခံ၊ အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုကြရာတွင်

မောင်စာဂ

ယနေ့အချိန်အခါတွင် အချို့အချို့သောသူများသည် ပစ္စည်းများအရောင်းအဝယ်ပြုရာ၌ မိမိပိုင်ဆိုင်သော ငွေကြေးဖြင့် ဝယ်ယူခြင်းပြုသော်လည်း မိမိအမည်ဖြင့် မထား၊ ဆွေမျိုးသားချင်း သို့မဟုတ် ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး၏အမည်ဖြင့် ထားကြသည်ကို တွေ့နေ၊ မြင်နေရသည်။ ဥပဒေနှင့်အညီဖြစ်လျှင် အကြောင်းမဟုတ်။ ဥပဒေနှင့်မညီမညွတ် ဆောင်ရွက်တာမျိုးဖြစ်ခဲ့လျှင် သူပိုင်၊ ကိုယ်ပိုင် အငြင်းပွားမှုဖြစ်ရသည်။ တရားရင်ဆိုင်ကြရသည်။ အချိန်ကုန်လူပန်း၊ ငွေကုန်ကြေးကျဖြစ်ရသည်။ "အထမ်းထက် ထမ်းပိုးကလေး" ဆိုသလို ဖြစ်ကြရသည်။ သို့ဖြစ်ရာ ဘီနာမီ(ခ) အမည်ခံ၊ အမည်ငှားစနစ်ဆိုင်ရာ ဥပဒေသများနှင့်စပ်လျဉ်း၍ ဗဟုသုတ ရရှိကြစေခြင်းအလို့ငှာ အနှစ်ချုပ်၍ ဝေမျှပါရစေ။

**ဘီနာမီ (BENAMI) ဆိုသောစကားရပ်**

ဘီနာမီဆိုသော စကားရပ်သည် အိန္ဒိယဘာသာစကားတစ်မျိုးဖြစ်သည်။ ပစ္စည်းအရောင်းအဝယ်ပြုကြရာတွင် ငွေပေးချေသူက မိမိ၏အမည်ဖြင့် ဝယ်ယူခြင်းမဟုတ်ဘဲ အခြားသူတစ်ဦးတစ်ယောက်၏ အမည်ကိုခံ၍ သို့မဟုတ် အမည်ကိုငှား၍ ဝယ်ယူခြင်းဖြစ်သည်။

**အမည်ငှားစနစ်ကို ဘာကြောင့်ကျင့်သုံးကြသနည်း**

အမည်ငှားစနစ်ကို ကျင့်သုံးကြခြင်းမှာ အဓိကအားဖြင့် အကြောင်းနှစ်ချက်ကြောင့် ဖြစ်သည်ဟုဆိုကြသည်။

ပထမအချက်မှာ အကြွေးထူနေသူတစ်ဦးသည် ကြွေးရှင်များကို လှည့်ဖြားရန်အတွက် ပစ္စည်းများကို ကိုယ်ပိုင်အမည်ဖြင့်မထားဘဲ အခြားသူတစ်ဦး၏ အမည်ကိုခံ၍ သို့မဟုတ် အခြားသူ တစ်ဦး၏အမည်ကို ငှား၍ ထားခြင်းဖြစ်သည်။ ဒုတိယအချက်မှာ အခွန်ငွေများ ပေးဆောင်ရခြင်းမှ တိမ်းရှောင်ရန်အတွက်ဖြစ်သည်။

အခြားနည်းအားဖြင့် မိမိပိုင်ပစ္စည်းအပေါ် မိမိ၏ ကိုယ်စား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် လိုအပ်သည်များ စီမံခန့်ခွဲနိုင်ရန် စသည့်အကြောင်းများကြောင့်လည်း ဤစနစ်ကို ကျင့်သုံးကြသည်ဟု ပြောကြသည်။

မြန်မာနိုင်ငံတွင် အခြားသူတစ်ဦး၏အမည်ဖြင့် ပစ္စည်းဝယ်ယူသည့်ဓလေ့မှာ တစ်ခါတစ်ရံသာ ဆောင်ရွက်မှုဖြစ်သော်လည်း အများအပြားမရှိကြောင်း၊ မြန်မာမိဘများက ကလေးအား လက်ဆောင်ပေးရန် ရည်စူးပြီး ကလေးအမည်ဖြင့် ပစ္စည်းဝယ်ယူခြင်းများ ရှားပါးကြောင်း၊ အမည်ငှား ဝယ်ယူခြင်းသည် အမှန်တကယ်လွှဲပြောင်းခြင်းဖြစ်၍ ဥပဒေအရ အတည်ပြုနိုင်ကြောင်း (ရန်ကုန် အတွဲ ၁၄၊ စာ - ၂၄၂) စီရင်ထုံးက ဆိုသည်။

သို့ဖြစ်ရာ ဘီနာမီ(ခ) အမည်ငှားသည် အကျိုးခံစားရသည်။ ပိုင်ရှင်မဟုတ်သော်လည်း မိမိ အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ၎င်းသည်ပိုင်ရှင်အစစ်ကို ကိုယ်စားပြုသည်။ အပေါင်စာချုပ်တွင် အပေါင်ခံသူအဖြစ် ဖော်ပြထားသူသည် အမည်ငှားဖြစ်သော်လည်း တရားစွဲဆိုခွင့်ရှိသည်။ ထို့အတူ ထုတ်ချေးလိုက်သောငွေကို အမည်ငှားပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ အမည်ငှားက တရားစွဲဆိုနိုင်သည်။ (၁၉၄၉ မြန်မာနိုင်ငံစီရင်ထုံး စာ ၄၁၁ လွှတ်တော်) နှင့် (၁၉၆၁ မြန်မာနိုင်ငံစီရင်ထုံး စာ-၉၁ လွှတ်တော်) တို့ကိုကြည့်ပါ။

**ယုံကြည်အပ်နှံခြင်းအက်ဥပဒေနှင့်သက်ဆိုင်ခြင်း**

ဘီနာမီ(ခ) အမည်ခံ၊ အမည်ငှားဆိုင်ရာ ဥပဒေသသည် ယုံကြည်အပ်နှံခြင်းအက်ဥပဒေ (The Trusts Act) ပုဒ်မ ၈၂ နှင့် သက်ဆိုင်သည်ကို သတိမူရပါမည်။ (အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၉၊ စာ - ၂၁၂)။

အဆိုပါ ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်၏ အနှစ်ချုပ်ဆိုလိုရင်းမှာ ပစ္စည်းတစ်ခုဝယ်ယူရာတွင် ငွေစိုက်ထုတ်ပေးသူက လွှဲပြောင်းရရှိသူ အမည်ငှား၏ အကျိုးငှာ ငွေပေးချေခြင်းမဟုတ်လျှင် ပစ္စည်းကိုလွှဲပြောင်းရရှိသူသည် ငွေပေးသူ၏ အမည်ငှားအနေဖြင့်သာ ရှိနေမည်။ ငွေပေးသူ၏ အကျိုးငှာ ယင်းပစ္စည်းကို လက်ဝယ်ထားရှိခြင်းဖြစ်သည်။ တစ်နည်းဆိုပါက လွှဲပြောင်းသောပစ္စည်းကို ငွေပေးချေသူ၊ ငွေစိုက်ထုတ်ပေးသူက လွှဲပြောင်းရရှိသူအား ယုံမှတ်အပ်နှံရာရောက်မည်ဖြစ်သည်။

**သတိပြုရမည့်အချက်များ**

ဘီနာမီ (ခ) အမည်ငှားဖြင့် အရောင်းအဝယ် ပြုလုပ်သော ကိစ္စများ၌ အောက်ပါအချက်များအပေါ် မူတည်၍ စဉ်းစားသုံးသပ်ကာ အဆုံးအဖြတ်ပြုသည်ကို သိရှိထားရပါမည်-

(၁) အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် အကြောင်း ရှိ၊ မရှိ၊
(၂) အမည်ငှားနှင့် တကယ်တမ်းဝယ်ယူသူတို့ ဆက်စပ်နေပုံအရ တကယ်တမ်းဝယ်ယူသူက ထိုအမည်ငှားကို ရွေးချယ်ရန်အကြောင်း ရှိ၊မရှိ၊
(၃) ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများ မည်သူ့ထံတွင်ရှိသနည်း၊
(၄) ပစ္စည်းသည် မည်သူ့လက်ဝယ်တွင် ရှိနေသနည်း၊
(၅) မည်သူ့ထံမှ အဖိုးငွေရရှိသနည်း၊

(၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၄၈ နှင့် ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ - ၈၁)

အထက်ဖော်ပြပါ စဉ်းစားရမည့်အချက် ၅ ချက်အပြင် အောက်ပါအချက်ကိုပါ ထည့်သွင်း စဉ်းစားရမည်ဖြစ်ကြောင်း ယုံကြည်အပ်နှံခြင်းအက်ဥပဒေ ပုဒ်မ ၈၂ ကို ကိုးကား၍ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ - ၂၀၉-၂၁၃) က ညွှန်ပြသည်။

(၆) ငွေပေးသူက လွှဲပြောင်းရရှိသူဟု ဖော်ပြထားသူ၏ အကျိုးငှာ ငွေပေးချေရန် ရည်ရွယ်ခဲ့ခြင်း ရှိ၊ မရှိ၊

**မြေငှားဂရန် ထုတ်ပေးခြင်းသည် အမည်ခံ၊ အမည်ငှားနှင့် မသက်ဆိုင်ပါ**

ဂရန်ပေးခြင်း၊ မြေငှားစာချုပ် ချုပ်ဆိုပေးခြင်းဟူသည် ဆိုင်ရာမြေ (ဂရန်ပေးသောမြေ၊ ငှားရမ်းသောမြေ) တွင် ဂရန်ရသူ သို့မဟုတ် မြေငှားအား အကျိုးခံစားခွင့်ရရှိစေသည်။ သို့ဖြစ်၍ ထိုမြေကို အမွေဆက်ခံခွင့်ရှိသည်။ ဂရန်ရသူက လွှဲပြောင်းခွင့်လည်းရှိသည်။ (၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၃၇)

မြေငှားဂရန်စာချုပ်တွင် မပါသောအခြားသူတစ်ဦး၏ အကျိုးငှာအမည်ခံ၊ အမည်ငှားအား မြေဂရန် ထုတ်ပေးခြင်း ဟူ၍ မရှိပါ။ အမည်ခံ၊ အမည်ငှားအား ဂရန်ထုတ်ပေးနိုင်ရန် ရည်ရွယ်ကြောင်း အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၁၆(က) ၌ အရိပ်အမြွက်ပင် မတွေ့ရပါ။ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀၉ - ၂၃၅)

တရားရုံးသည် မြေငှားဂရန်စာချုပ်အရ ခံစားခွင့်ပြုထားသူကို မြေမပိုင်၊ အခြားသူများပိုင်သည်ဟု စီရင်ဆုံးဖြတ်ခွင့် မရှိကြောင်း၊ အောက်မြန်မာပြည်၊ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၄၁ က အတိအလင်းပိတ်ပင်ထားသည်။ ဂရန်ရသူ သို့မဟုတ် အစိုးရ၏ မြေငှားအခွင့်အရေးကို မြေပိုင်ရှင် နိုင်ငံတော်ကပင် ယင်းဥပဒေပုဒ်မ ၇(က) အရ အတိအလင်းအသိအမှတ်ပြုထားရာ မြေငှားဂရန်ခွင့်ပြုရထားသူက မြေမပိုင်ဘဲ ဂရန်မရသောသူက မြေပိုင်သည်ဟု ဆုံးဖြတ်ရန် အခွင့်အာဏာမရှိပါ။ (၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၁)

**ဂရန်ဆိုသည်မှာ**

ဂရန်ချထားပေးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းထားရှိသည်။ အောက်မြန်မာပြည်ရှိ မြေများသည် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေနှင့် သက်ဆိုင်ပြီး အထက်မြန်မာပြည်ရှိမြေများမှာ အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေတွင် အကျုံးဝင်သည်။ အဆိုပါဥပဒေများအရ အစိုးရကချထားပိုင်ခွင့်ရှိသည့်မြေများတွင် လူနေထိုင်ရန် အတွက်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ၊ အငှားဂရန်နှင့် လိုင်စင်များချထားပေးသည်။ မြို့မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးသော မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် အငှားဂရန် သက်တမ်းအနှစ် ၃၀ ခွင့်ပြုပြီး နှစ် ၃၀ ကုန်ဆုံးတိုင်း နောက်ထပ် နှစ် ၃၀စီဖြင့် စုစုပေါင်း နှစ် ၉၀ အထိ လဲလှယ်ခွင့်ရှိသည့် အစိုးရမှခွင့်ပြုသော မြေငှားစာချုပ်ကို ဂရန်ဟုခေါ်ဆိုကြောင်း ထုံးပြုထားသည်။ (၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ - ၁၁၃)

**အမည်ခံ၊ အမည်ငှားစနစ်ကို**
**အရောင်းအဝယ်ကိစ္စများတွင်သာ အသုံးပြုသည်**

တရားစီရင်ထုံးအားလုံး၌ အမည်ခံ၊ အမည်ငှားစနစ်ကို အရောင်းအဝယ်ကိစ္စများတွင်သာလျှင် အသုံးပြုကြောင်း ပြဆိုထားသည်ကို တွေ့မြင်နိုင်သည်။ ယုံမှတ်အပ်နှံခြင်း အက်ဥပဒေ ပုဒ်မ ၈၂ နှင့် စီရင်ထုံးများတွင် ညွှန်ပြသော လွှဲပြောင်းမှုသည် အဖိုးစားနားဖြင့် လွှဲပြောင်းခြင်းမျိုးကို ဆိုလိုသည်။ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ဂရန်ထုတ်ပေးခြင်း၊ မြေငှားစာချုပ်ချုပ်ဆို၍ ငှားရမ်းခြင်း၊ လိုင်စင်ပေးခြင်းတို့သည် နိုင်ငံတော်က နိုင်ငံပိုင်မြေကို သတ်မှတ်ခွင့်ပြုသည့်နည်းလမ်းအတိုင်း နိုင်ငံသားများအသုံးပြုရန် ဦးတည်လွှဲပြောင်းပေးခြင်းဖြစ်သည်။ အဖိုးစားနား ရရှိရေးကို အဓိကရည်ရွယ် လွှဲပြောင်းခြင်းမျိုးမဟုတ်သဖြင့် ထိုလွှဲပြောင်းခြင်းမျိုးသည် အမည်ခံ၊ အမည်ငှား စနစ်နှင့်သက်ဆိုင်ရန် အကြောင်းမရှိ၍ ထုံးသာဓကမရှိခြင်း ဖြစ်သည်။ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀၉-၂၃၆)

**သားသမီးများအတွက် ရည်စူး၍ဝယ်ယူခြင်း၏**
**အကျိုးသက်ရောက်မှု**

ဘီနာမီ (ခ) အမည်ငှားစနစ်သည် မြန်မာလူမျိုးတို့ စတင်တည်ထွင်သောစနစ် မဟုတ်ကြောင်း၊ မြန်မာလူမျိုးများတွင် အမည်ငှားစနစ်သည် အများကျင့်သုံးသော စနစ်လည်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံစီရင်ထုံး၏ ရှေးကျသော ရန်ကုန်စီရင်ထုံး အတွဲ ၄ စာမျက်နှာ ၅၂၂ တွင် ပြဆိုခဲ့ပြီးဖြစ်သည့်ပြင် မိဘများသည် သားသမီးများအတွက် ရည်စူး၍ ဝယ်ယူသည့်အလေ့အထသည် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီခြင်းမရှိကြောင်း တရားရုံးချုပ်စုံညီခုံရုံးဖြင့် လမ်းညွှန်ထုံးပြုခဲ့သည်။ (၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၃၇)

ဖခင်ဖြစ်သူ ဦးခင်မောင်သည် အချင်းဖြစ်ပစ္စည်းများကိုသား ဦးဝင်းမြင့်၏ အမည်ငှားဖြင့် ဝယ်ယူခဲ့သည်။ သို့သော် အခြားအမွေဆိုင်များ ကျန်ရှိနေသည်။ ဤအခြေအနေတွင် ကျန်ရှိသည့် အမွေဆိုင်များအတွက် နစ်နာဖွယ်ရာ အကြောင်းရှိသောကြောင့် ဖခင်က သားဦးဝင်းမြင့်အတွက် ရည်စူး၍ ဝယ်ယူသည်ဆိုခြင်းသည် မြန်မာ့ထုံးတမ်းစဉ်လာအရ လက်ခံရန်မသင့်ဟု ဆုံးဖြတ်ခဲ့သည်။ (၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၂၄)

အခြားအမှုတစ်ခုတွင် ဖခင်ဖြစ်သူက တစ်ဦးတည်းသော သားသာရှိသည်။ ၎င်းအတွက် ဦးစားပေး၍ အကျိုးခံစားခွင့်ရရှိစေရန် အချင်းဖြစ်အိမ်ကို သားဖြစ်သူ၏အမည်ငှားဖြင့် ဝယ်ယူသည်။ အခြားအမွေစား အမွေခံသားသမီးများ မရှိသဖြင့် မည်သူ့အကျိုးကိုမျှ ပိတ်ပင်ရာ မရောက်သောကြောင့် သားဖြစ်သူအယူခံတရားလို၌ အကျိုးခံစားခွင့်ရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ (၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၅၉)

မိဘများဖြစ်ကြသော ဦးချစ်မောင်နှင့် ဇနီးတို့က သားသမီး လေးဦးစလုံး၊ သားသမီးအားလုံး၏ အကျိုးအတွက် ဝယ်ယူခြင်းသည် အမည်ငှားဖြင့် ဝယ်ယူသည်ဟု မဆိုနိုင်သည့်အပြင် အခြား အမွေဆိုင်များလည်း မကျန်ရှိသဖြင့် မည်သူ့ကိုမျှ နစ်နာရန် အကြောင်းမရှိသောကြောင့် မိဘက သားသမီးအားလုံးအတွက် ရည်စူးဝယ်ယူခြင်းကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ လက်ခံရန် မသင့်ဟု ဆိုနိုင်မည် မဟုတ်။ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၂၀၉-၂၄၀)

**အမည်ခံ၊ အမည်ငှားကျင့်သုံးရာတွင် ငွေစိုက်ထုတ်ပေးချေသူသည် ဝယ်သူအဖြစ် ပါဝင်ရန်မလိုပါ**

အချင်းဖြစ်မြေနှင့် အိမ်ကို အရောင်းအဝယ်ပြုလုပ်ချုပ်ဆိုသော သက်သေခံအမှတ် (က) နှင့် (ခ) စာချုပ်များတွင် ငွေပေးချေသူဟု အဆိုပြုသည့် တရားလိုဒေါ်ခင်ကြည်နှင့် သမီးမခင်မာလွင်တို့ ကိုယ်တိုင် ဝယ်သူများအဖြစ် ပါဝင်နေသောကြောင့် တရားပြိုင်ဦးမင်းငွေဝင်းသည် ငွေပေးချေသူ တရားလို၏ အကျိုးငှာ၊ တရားလို၏အမည်ငှားအနေဖြင့် အချင်းဖြစ်ပစ္စည်းကို လွှဲပြောင်းရယူသူ ဖြစ်သည်ဟုမဆိုနိုင်။ ထို့ကြောင့် ဦးမင်းငွေဝင်းသည် တရားလိုဒေါ်ခင်ကြည်၏ အမည်ခံ၊ အမည်ငှား ဖြစ်သည်ဟု မဆိုနိုင်။ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ - ၁)

**ငွေရှင်သည် ပိုင်ရှင်ဖြစ်ပါသလော**

ပစ္စည်းလွှဲပြောင်းသည့် ပဋိညာဉ်စာချုပ် (မြေဝယ်သည့်စာချုပ်) တွင် ဝယ်ယူသူကို ကိုသာဒင်ဟု အမည်ဖော်ပြထားသော်လည်း ဥပဒေအရဆိုလျှင် ပစ္စည်းပိုင်ဆိုင်သူမှာ ငွေရှင်ဖြစ်သော သမဝါယမ အသင်းဖြစ်သည်။ စာချုပ်တွင် ဝယ်ယူသူဟုအမည်ဖော်ပြထားသူမှာ အမည်ငှားသာဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ (၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၁၄၈) တွင် ညွှန်ပြသည်။ တစ်နည်းပြောရလျှင် သမဝါယမအသင်းက ကိုသာဒင်အကျိုးငှာ မြေဝယ်ပေးရန် ရည်ရွယ်ချက်ရှိကြောင်း အမှုတွင် မပေါ်လွင်သဖြင့် ယုံကြည်အပ်နှံခြင်း အက်ဥပဒေ ပုဒ်မ ၈၂ အရ ကိုသာဒင်သည် မြေတွင် အကျိုးခံစားခွင့်မရှိ၊ စာချုပ်အရ မြေပိုင်ရှင်ဖြစ်မသွားပေ။

သို့ဖြစ်ရာ ပစ္စည်းတစ်ခုကို အမည်ငှားဖြင့် ဝယ်ယူရာ၌ ငွေစိုက်ထုတ်ပေးသူ ငွေရှင်သည် ပိုင်ရှင်ဖြစ်သည်ဟု တရားသေမကောက်ယူနိုင်ပါ။ ထိုသို့ကောက်ယူပါလျှင် ယုံမှတ်အပ်နှံခြင်း အက်ဥပဒေ ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။ ငွေရှင်ကစာချုပ်၌ လွှဲပြောင်းရရှိသူဟု ဖော်ပြထားသူအား အပိုင်ဝယ်ပေးလိုသော ရည်ရွယ်ချက် ရှိ၊ မရှိသည် အဓိကအချက်ဖြစ်သည်။ ထိုရည်ရွယ်ချက်မရှိပါက ငွေရှင်သည် ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်မည်ဖြစ်သည်။ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀၉)

**ဥပဒေနှင့်အညီဖြစ်စေရန်**

ဘီနာမီ (ခ) အမည်ခံ၊ အမည်ငှားဖြင့် အရောင်းအဝယ်ပြုကြရာတွင် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ယေဘုယျအားဖြင့် ဖော်ပြပါစီရင်ထုံးများကို လေ့လာမှတ်သားသင့်သည်။ ဤသည်မှာ အညွှန်းသဘောမျှသာဖြစ်သည်။ စီရင်ထုံးအကျယ် ဖတ်ရန်လိုပါမည်။ ဆောင်သင့်တာဆောင်၍ ရှောင်သင့်တာရှောင်ရပါမည်။ လိုက်နာသင့်သည်များ လိုက်နာရပါမည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ဥပဒေစိုးမိုးမှုဖြစ်စေသည်။

အမည်ခံ၊ အမည်ငှားစနစ်ကို ကြွေးရှင်အားလှည့်ဖြားရန် သို့မဟုတ် အခွန်ငွေကို ပေးဆောင်ခြင်းမှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့် ကျင့်သုံးရန် မသင့်လျော်ပါ။ ဥပဒေကပေးအပ်ထားသော အခွင့်အရေးကို အလွဲသုံးရာကျပါသည်။ ယင်းသို့ဥပဒေကို အလွဲသုံးခြင်းဖြင့် မလိုလားအပ်သော အကျိုးဆက်များ ဖြစ်လာစေနိုင်ပါသည်။ မလွှဲမရှောင်သာ၍ မိသားစု၊ လူမှုရေးနှင့် အခြားသော အကြောင်းများကြောင့် လိုအပ်သည့်အခါမှသာလျှင် ဥပဒေနှင့်အညီ ကျင့်သုံးကြစေလိုကြောင်း ဆန္ဒပြုလိုက်ပါရစေ။

> မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် အငှားဂရန် သက်တမ်းအနှစ် ၃၀ ခွင့်ပြုပြီး အနှစ် ၃၀ ကုန်ဆုံးတိုင်း နောက်ထပ်အနှစ် ၃၀ စီဖြင့် စုစုပေါင်း အနှစ် ၉၀ အထိ လဲလှယ်ခွင့်ရှိသည့်အစိုးရမှခွင့်ပြုသော မြေငှားစာချုပ်ကို ဂရန်ဟုခေါ်ဆိုကြောင်း ထုံးပြုထားသည်။

## ပြည်တွင်းရေးရာ

## သရက်ကန်–စည်ပုတ္တရာ–ဂျပို့–ပေါက်သင်တုံ ကျေးရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်း

**ခင်ဦး ဇန်နဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မွမ်းမံပြုပြင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၁၇ သန်းဖြင့် သရက်ကန်-စည်ပုတ္တရာ-ဂျပို့-ပေါက်သင်တုံ ကျေးရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၀ ရက်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရန် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းတွင် သရက်ကန်-စည်ပုတ္တရာလမ်း ၁ မိုင် ၅ ဖာလုံကို ဂျင်းမြေ နှစ်လက်ဒုခင်းခြင်းနှင့် ဂျပို့-ပေါက်သင်တုံလမ်း ပေ ၂၅၀၀ ကို ကျောက်ချောလမ်းအဖြစ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခင်ဦးစိုးဝေ**

## ကျေးရွာအသင်းစုများသို့ ချေးငွေများထုတ်ပေး

**ရွှေကျင် ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သမဝါယမအသင်းလီမိတက်က ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်စေရေးအတွက် ကျေးရွာသမဝါယမအသင်းစုများသို့ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါရုံးတွင် ချေးငွေများထုတ်ပေးခဲ့သည်။

ရွှေကျင်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှကြည်က အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်ဦးမောင်လွင်က ချေးငွေများထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျေးရွာအုပ်စုကိုးအုပ်စုမှ ရွာပေါင်း ၁၈ ရွာ အသင်းစု ၁၈ စုရှိ အသင်းသားဦးရေ ၁၇၅၄ ဦးအတွက် ချေးငွေ ၃၄၈၁၄၈၁၂၅ ကျပ်ကို ကျေးရွာအသင်းစုဥက္ကဋ္ဌအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲပြုလုပ်



**ညောင်တုန်း ဇန်နဝါရီ ၁၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေဟင်္သာတောရအခြေခံပညာမူလတန်းကျောင်းတို့ပူးပေါင်း၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ကြောင်း သိရသည်။

စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြို့နယ်ဦးစီးမှူးက ကျောင်းသား၊ လူငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေပြီး စာကြည့်တိုက်၏အဓိပ္ပာယ်ကိုနားလည်စေရန်၊ စာပေဖတ်ရှုရသည့်အလေ့အထမှတစ်ဆင့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးပြုတတ်စေရန်၊ စာမတတ်သူ ပပျောက်ရေးမှသည် စာမဖတ်သူ ပပျောက်ရေး၊ စာဖတ်သူတိုးပွားရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၁၀၀၊ ရေမော်တာ တစ်စုံ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆုရကလေးများအား ဆုချီးမြှင့်ငွေ၊ ကလေးများအတွက် လက်ကမ်းခါတ်ပုံပိုစတာများ ထောက်ပံ့ပေးခဲ့သော ဦးထွန်းမင်း (တရားလွှတ်တော်ရှေ့နေ) အား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်မြစ်ကမ်းဘေးတွင် အကောင်အထည်ဖော်နေသည့် အိမ်ရာစီမံကိန်း စိတ်ဝင်တစား ရင်းနှီးမြှုပ်နှံသူများပြား

**ရန်ကုန် ဇန်နဝါရီ ၁၂**
ရန်ကုန်မြို့ လှိုင်မြစ်ကမ်းဘေးတွင် အကောင်အထည်ဖော် တည်ဆောက်နေသည့် လုပ်ငန်းသုံး၊ ရုံးသုံးအဖြစ် နေထိုင်အသုံးပြုနိုင်သည့် တိုက်ခန်းများနှင့် ဟိုတယ်စီမံချက် ပါဝင်သည့် Spring Line Project ကို ဇန်နဝါရီ ၈ ရက်က စတင်မိတ်ဆက်ခြင်းအခမ်းအနားနှင့် အရောင်းဖွင့်လှစ်ပွဲ ပြုလုပ်ခဲ့ရာ စိတ်ဝင်တစား ရင်းနှီးမြှုပ်နှံသူများပြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဧည့်သည်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ပြီး ယင်းနေ့တွင် အခန်းပေါင်း ၆၅ ခန်း ထိ ရောင်းချခဲ့ရပြီး ရောင်းအားတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းသည် ရန်ကုန်မြို့ လှိုင်မြစ်ကမ်းဘေး အောင်ဇေယျတံတား အရှေ့ဘက်တွင် တည်ရှိပြီး SOHO Business Center တစ်ခုဖြစ်ကာ မြန်မာပြည်တွင် ပထမဆုံး စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၏ အချက်အချာစီးပွားရေးဇုန်များဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ဗန်းစသည့် စက်မှုဇုန်များအနီးတွင် ယင်းစီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး လုပ်ငန်းသုံး၊ ရုံးသုံးအဖြစ် ပြည့်စုံသော ဝန်ဆောင်မှုများပါဝင်သည့် တိုက်ခန်းများမရှိသေးသည့်အတွက် facilities အထောက်အပံ့ ပြည့်စုံစွာ ပါရှိသော




Sprin Line Project ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

"ယခု Building E မှာ ၁၇ ထပ်ဆောက်လုပ်ပြီးစီးပြီး SOHO Condo မှာ ၁၆ ထပ်အထိ ဆောက်လုပ်ပြီးစီးပါပြီ။ နောက်လာမယ့် ၁၆ လအတွင်း အခန်းအပ်သွားမှာ ဖြစ်ပါတယ်။ စတုရန်းပေ ၈၀၀-၁၅၀၀ တိုက်ခန်းစုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ကစပြီး လပေါင်း ၄၀ အတွင်း အရစ်ကျငွေပေးချေမှုစနစ်နဲ့ ၇၀ ရာခိုင်နှုန်း ပေးသွင်းတာနဲ့ အခန်းအပ်မှာ ဖြစ်ပါတယ်။ ကျန် ၃၀ ရာခိုင်နှုန်းကို ငှားရမ်းခ ပြန်လည်ရရှိငွေက ပေးချေသွားနိုင်ပါတယ်"ဟု Spring Line Project မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စီမံကိန်းတွင် လုပ်ငန်းလိုအပ်ချက်အရ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်စီမံကိန်းပါဝင်ပြီး ဟိုတယ်၏ ပထမထပ်နှင့် တတိယထပ်မှာ Modern Shopping Center ဖြစ်ပြီး စူပါမားကက်၊ စားသောက်ဆိုင်များ၊ အအေးဆိုင်များ၊ သီချင်းခွေဆိုင်များ၊ စာအုပ်ဆိုင်များ၊ ဘဏ်များ ပါဝင်မည်ဖြစ်သည်။ ဟိုတယ်၏ စတုတ္ထထပ်တွင် အဆင့်မြင့်စားသောက်ဆိုင်များ၊ ဘားများ၊ အပေါ်ဆုံးထပ်တွင် Sky View ဘား ပါရှိမည်ဖြစ်သည်။ ကားပါကင်များ ထားရှိပေးထားပြီး အဆောက်အအုံ၏ တတိယထပ်တွင် ၂၄ နာရီ အသုံးပြုနိုင်သည့် ရေကူးကန်၊ ကော်ဖီဘား၊ စားသောက်ဆိုင်၊ အစည်းအဝေးခန်း၊ မိတ္တူပုရင်တာ၊ ဆေးခန်းများစသည့် လုပ်ငန်းသုံးနှင့် နေထိုင်မှုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးထားသည်ဟု သိရသည်။

ယင်းသို့ ပြည့်စုံကောင်းမွန်သည့် SOHO တိုက်ခန်းအမျိုးအစားများကို စိတ်ဝင်စားသူ များပြားလာပြီး ရင်းနှီးမြှုပ်နှံလိုသူများလည်း များပြားလာသည်ဟု သိရသည်။

အိမ်ခြံမြေ ဈေးကွက်အနည်းငယ်အေးစက်နေချိန်တွင် တိုက်ခန်းအငှားဈေးကွက် ရှိနေဆဲဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများမှာ စိတ်ဝင်စားမှုရှိနေဆဲဖြစ်ကြောင်း သိရသည်။ သာမန်တိုက်ခန်းများနှင့် ယင်းသို့ SOHO တိုက်ခန်းအမျိုးအစားများကို ရင်းနှီးမြှုပ်နှံမှု နှိုင်းယှဉ်ချက်များအရ Annaul return ရှစ်ရာခိုင်နှုန်းအထက်ရှိလျှင် ရင်းနှီးမြှုပ်နှံသင့်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။

**(ခင်ဇာလီ)**

■

## ဟိုပုန်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၁၂**
ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက နမ့်ခုတ်ကျေးရွာအုပ်စု နမ့်ခုတ်ကျေးရွာ ကေဝုမဓိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်က အဖွင့်အမှာစကားပြောကြားပြီး ဟိုပုံးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များကို မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ ကျေးရွာမြေတွင် ပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာနေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document) မြေငှားဂရန် ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သောအခွန်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ယခုထုတ်ပေးထားသော တန်ဖိုးရှိသည့် မြေငှားဂရန်များကို မပျောက်မပျက်၊ မပျက်စီးအောင် စနစ်တကျထိန်းသိမ်းထားရမည့်တာဝန်မှာ ကျေးလက်နေပြည်သူများ၏ တာဝန်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နမ့်ခုတ်ကျေးရွာအတွင်းရှိ ဒေသခံပြည်သူ ၂၃၆ ဦးအား ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး၊ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကျင်းပ

**တီးတိန် ဇန်နဝါရီ ၁၂**
ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့တွင် အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တီးတိန်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးခွီရှိန်းထန်းက ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်အတွက် ကျသင့်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကာ တက်ရောက်လာကြသော အခွန်ထမ်းပြည်သူ ၄၀ တို့အား အခွန်ဥပဒေနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# ပဲခူးမြို့တွင်း ဆိုင်ကယ်ကယ်ရီများ သတ်မှတ်ဂိတ်ထားရန်လိုအပ်

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးမြို့ မြို့တွင်း မြို့ပြင်ရပ်ကွက်နေရာဒေသအသီးသီး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ဆိုင်ကယ်များဖြင့် ကယ်ရီ ပြေးလျက်ရှိကြပြီး တစ်ရက်လျှင်ကျပ်ငါးထောင်မှ ကျပ် တစ်သောင်း ဝင်ငွေရရှိနေကြပြီး ထိုကဲ့သို့ပြေးဆွဲနေကြ သည့်ဆိုင်ကယ်ကယ်ရီများမှာ သတ်မှတ်ထားသည့်နေရာ၊ သတ်မှတ်ဂိတ်များမရှိကြဘဲ လူစည်ကားရာနေရာတို့တွင် အဆင်ပြေသလိုပြေးဆွဲနေကြရပြီး တစ်ဦးနှင့် တစ်ဦး ခရီးသည် လုယူခေါ်ဆိုအငြင်းပွားခိုက်ရန်ဖြစ်ပွားခြင်းများ လည်း ရှိနေကြသည်။ ပဲခူးမြို့တွင်းရှိ ၇၅ ရာခိုင်နှုန်း ခန့်က လိုင်စင်မဲ့ဆိုင်ကယ်များသာဖြစ်ကြောင်း သိရသည်။

"ပဲခူးမြို့တွင်းမှာဆိုခရီးသည်ရရှိဖို့ လမ်းပြောင်းပြန်မောင်းနှင်တာတို့ဖြတ်ဝင်ဖြတ်ထွက်လုပ်နေတာရှိနေလို့ မကြာခဏ ယာဉ်ကြောပိတ် ယာဉ်တိုက်မှုတွေဖြစ်နေတာပါ။ ဆိုင်ကယ် ငှားစီးတဲ့ခရီးသည်က ဆိုင်ကယ်လုတာတွေ၊ ဆိုင်ကယ် မောင်းတွေကလည်း ခရီးသည်တွေအပေါ်ပြစ်မှုကျူးလွန်း တာတွေ အမျိုးမျိုးတွေ့နေရတယ်။ တရားဝင်သတ်မှတ် ဂိတ်စနစ်တကျရှိမယ်ဆိုရင် ပြစ်မှုကျူးလွန်တာတွေ လျော့ နည်းလာနိုင်သလို ကျူးလွန်လာတဲ့ပြစ်မှုတွေကိုလည်း အမြန် ဆုံးဖော်ထုတ်နိုင်မှာပါ"ဟု ဒေသခံတစ်ဦးကဆိုသည်။

ပဲခူးမြို့တွင်း စနစ်တကျတရားဝင်သတ်မှတ်ဂိတ်များ ထားရှိခြင်းဖြင့် မှုခင်းဖြစ်ပွားမှု လျော့နည်းလာနိုင်ပြီး ယာဉ်စည်းကမ်းကိုလည်း ပိုမိုလိုက်နာလာနိုင် မည်ဖြစ် သည်။ **(၅၈၇)**



# ၂၀၁၇ ခုနှစ် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၂**

၂၀၁၇ ခုနှစ် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်း အမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီက လွိုင်ကော်မြို့ ပန်ကန်းအခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)ရှေ့၌ ကျင်းပရာ စက်ဘီးစီး အားကစားသမား ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျောင်း ရှေ့မှ စတင်တာထွက်၍ ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည် ထိ၊ ငွေတောင်ဆည်မှ စတင်တာထွက်ရာ ကျောင်းရှေ့တွင် ပြန်လည်ပန်းဝင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် အသက် ၆၀ အထက်နှင့် အလွတ် တန်းပြိုင်ပွဲ ဆုရရှိသူများအား ပြည်နယ်စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုနှင့် တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အခြေခံစိုက်ပျိုးရေးနှင့်မွေးမြူရေး သမဝါယမအသင်းများအား Exim Bank ချေးငွေပေးအပ်

**ကျောက်ကြီး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်း ၁၃၇ သင်းအား Exim Bank ချေးငွေကျပ်သန်း ၈၅၈ ဒသမ ၂၄၄၈ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် ၁၀ နာရီတွင် ကျောက်ကြီး မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအုပ်ချုပ်ရေးမှူးဦးတင်မျိုးအောင် က အဖွင့်အမှာစကားပြောကြားခဲ့ သည်။ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်လင်းကလုပ်ငန်းနှင့်ပတ်သက်၍ အမှာစကားပြော ကြားခဲ့ပြီး မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးတင်ထွန်းက Exim Bank ချေးငွေထုတ်ချေး ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားကာ ချေးငွေများပေးအပ်ခဲ့ သည်။ အဆိုပါ အခမ်းအနားသို့ အခြေခံအသင်း ၁၃၇ သင်းမှ အသင်း ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဆွာချောင်းရေလှောင်တမံမှ ဆည်ရေများစတင်လွှတ်

**ရေတာရှည် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးနိုင်ရန် ရေများစတင်လွှတ်နေပြီဖြစ်ရာ ပဲစိုက်တောင်သူများအနေဖြင့် ရေမဝင်နိုင်ရေး ဂရုပြုကြရန်လို အပ်ကြောင်း ဆည်မြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"စိုက်ပျိုးရေ မရပြန်တော့လည်း တောင်သူတွေက ပြဿနာရှာတယ်။ ရေရပြန်တော့လည်း ပဲစိုက်ခင်းတွေထဲ ရေဝင်လို့ဆိုပြီး ပြောကြပြန်တယ်။ အမှန်တကယ်ဆိုရင် ရေလွတ်တဲ့မြေတွေ မှာ ပဲစိုက်ပျိုးသင့်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးဧက ၂၀၀၀၀ ကျော်အနက် ပဲစိုက်ခင်းမြေများလည်း နေရာအနှံ့ အပြားတွင်ရှိနေ၍ တောင်သူများအနေဖြင့် ရေမဝင်နိုင်ရန် ကန်သင်းရိုးများကို ကောင်းစွာပြု လုပ်ထားသင့်ကြောင်း တောင်သူတစ်ဦးကပြောသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေစပါးစိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေးနှင့် ရေအလေအလွင့်နည်း ပါးရေးအတွက် ရေပေးလက်တံမြောင်းများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများကို အားလုံး နီးပါး ပြုပြင်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက ပြောကြားသည်။

တောင်သူအကျိုးစီးပွား တိုးတက်အောင်မြင်စေရန် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဆောင် ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်လျှင် လုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေ သည်။

**ကိုလွင်(ဆွာ)**

# ဒလမြို့နယ်ပြည်သူ့ဆေးရုံကို ဆေးရုံအင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးရန် ဒေသခံများလိုလား

**ဒလ ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ ဆေးရုံ အဖြစ် အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံအင်္ဂါရပ် များနှင့်အညီ စံမီအဆောက်အအုံများ၊ ဝန်ထမ်း အိမ်ရာ၊ ရင်ခွဲရုံနှင့် ခွဲစိတ်လူနာခန်း၊ ခြံစည်းရိုး နှင့် လမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက် ပေးနိုင်ရန် လိုအပ်ချက်များ ရှိနေသေးကြောင်း ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်း၌ ပြုလုပ်သော မြို့နယ်ဆေးရုံကြီးကြပ်မှုကော် မတီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ပြော ကြားသည်။

ယင်းနောက် မြို့နယ်ဆေးရုံသို့ သွားရောက် ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဆန်းသူရအောင်သိန်း၊ မြို့ နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်း နိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိ သူများနှင့်အတူ မြို့နယ်ဆေးရုံအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၊ ရင်ခွဲရုံ၊ အမျိုးသမီး၊ အမျိုး သား လူနာဆောင်၊ ကူးစက်လူနာဆောင်၊ အရေး ပေါ်လူနာခန်း၊ ပြင်ပလူနာခန်းတို့ကို လှည့် လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဆေးရုံအတွင်း၌ ဝန်ထမ်းလိုင်းခန်း များ ပျက်စီးယိုယွင်းနေခြင်း၊ သွားဆေးခန်းနှင့် တီဘီခန်းအသုံးအဆောင်ပစ္စည်းများ မပြည့်စုံ ခြင်း၊ ကွန်ကရစ်ကြမ်းခင်းများ ပျက်စီးနေခြင်း၊ ဆေးကုသရန် ခွဲစိတ်ခန်းနှင့် ရင်ခွဲရုံလိုအပ် ခြင်း၊ ဆေးရုံခြံစည်းရိုးအကာအရံ အပြည့်အဝ မရှိခြင်း၊ ဆေးကုသလူနာများ နေ့စဉ်များပြား ခြင်း၊ မွေးခန်းကျဉ်းမြောင်းပြီး မွေးလူနာနှစ်ဦး ပြိုင်တူမမွေးနိုင်ခြင်း၊ လူနာစောင့်များနေထိုင် ရန် နေရာမရှိခြင်း၊ လူနာနှင့်ဆေးရုံမှာ မျှတမှုမရှိ ခြင်းတို့ကြောင့် ၂၅ ခုတင်ဆံ့ဆေးရုံအဆင့်မှ ခုတင် (၅၀) ဆံ့အဆင့်ထိ တိုးမြှင့်ပေးရန်နှင့် ဆေးရုံအင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေး ရန် လိုအပ်ချက်များရှိကြောင်း သိရသည်။

အဆိုပါ ဒလမြို့နယ်ပြည်သူ့ဆေးရုံကို ၁၉၈၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ကြောင်း သိရ သည်။

ဒလမြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းပါဝင်ပြီး မြို့ပေါ် ၂၄ ရပ်ကွက်၊ ကျေးရွာ ၂၃ ရွာ၊ ကျေးရွာအုပ်စု ပေါင်း ၅၅ ရွာရှိပြီး လူဦးရေ စုစုပေါင်း ၁၇၀၀၀၀ ခန့် နေထိုင်လျက်ရှိခြင်းတို့ကြောင့် မြို့နယ် ဆေးရုံအင်္ဂါရပ်များနှင့်အညီ ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့ ဆေးရုံအဆင့်ကို မြှင့်တင်ပေးခြင်း ဖြင့် မြို့ပြနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေး၊ ဒေသခံပြည်သူများအနေဖြင့် အချိန်ကုန်သက်သာ၍ လျင်မြန်စွာ ဆေးကုသမှု ခံယူနိုင်ရေးတို့အတွက် မြို့နယ်ပြည်သူ့ဆေးရုံ အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလို ကြောင်း ဆေးရုံဝန်ထမ်းများနှင့် ဒေသခံပြည်သူ များမှ အလျင်အမြန်လိုလားလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ကလေး ဇန်နဝါရီ ၁၂**

ကလေးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်း အမြစ်) ရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော ရှင်းပြပြီးနောက် မီးငြိမ်းသတ်သည့် Foam ဆေးရည်ဖြင့် မီးငြိမ်းသတ် ပက်ဖျန်းခြင်းနည်းများ၊ မီးသတ်စက်အသုံးပြုနည်းများ၊ မီးသတ်ဆေးဘူးအသုံး ပြုနည်းများကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ခရိုင် မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များကွင်းဆင်း၍ လက်တွေ့လေ့ကျင့် သရုပ်ပြသပေးကြ သည်။

ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ ကလေးမြို့ သဇင်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အိုဆို(၂)စက်သုံးဆီအရောင်း ဆိုင်၊ ပြည်ချစ်သူစက်သုံးဆီအရောင်းဆိုင်၊ ရွှေမြန်မာစက်သုံးဆီအရောင်း ဆိုင်နှင့် မြတ်မေတ္တာမွန်စက်သုံးဆီအရောင်းဆိုင်တို့၌ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်နည်းများကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# လူထုစည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်သင်တန်း ကျောက်တန်းမြို့နယ်၌ဖွင့်လှစ်

**ကျောက်တန်း ဇန်နဝါရီ ၁၂**

ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်က အ. ထ. က (၁) ရွှေမှော်ဝန်းရတနာခန်းမ၌ ကျင်းပရာ အခမ်းအနား သို့ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်း ဦးစီးမှူး ဦးဇော်ဇော်နောင်နှင့် တောင်ပိုင်းခရိုင် ဦးစီးမှူး ဦးကျော်လင်းသန်းတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးဇော်မိုးလွင်၊ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းအကြံပေး အဖွဲ့ခေါင်းဆောင် ဒေါက်တာရဲလွင် တို့က သင်တန်းဖွင့်ပွဲ အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**










## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၄၄)၊ အပေါ်ဆုံးထပ်၊ အခန်းအမှတ်(၈)၊ (တိုက်သို့ မျက်နှာမူလျှင် ဝဲဘက်ခန်း) ပေ(၂၂×၆၀)အကျယ်အဝန်းရှိပြီး ရေ၊ မီး အပြည့်အစုံပါရှိသော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင် အလီ(ခ)ဦးထွန်းဝင်းထံမှ ဦးချစ်အေးက ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ သားဖြစ်သူ ဦးဉာဏ်ဝင်းမိသားစုနှင့် အတူတကွနေထိုင်လာခဲ့ရာမှ မိခင်ဒေါ်တွဲမှိုက ၁၉-၃-၂၀၁၁ရက်ကလည်းကောင်း၊ ဖခင်ဦးချစ်အေးက ၂၃-၆-၂၀၁၃ရက်ကလည်းကောင်း ကွယ်လွန်သွားသည့်အတွက် တစ်ဦးတည်းသောသားဖြစ်သူ ဦးဉာဏ်ဝင်းက မိမိသည်သာတစ်ဦးတည်းအရှုပ်အရှင်းမရှိ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်း မြွက်ဟပြောဆိုခဲ့ပါသည်။ အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ခင်တို့က ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကလည်း အရှုပ်အရှင်းမရှိပါက ဝယ်ယူရန်ဆန္ဒရှိပါသည်။ သို့ဖြစ်၍အဆိုပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဉာဏ်ဝင်း၊ ဒေါ်မြင့်မြင့်ခင်တို့က ရောင်းချမည်ဖြစ်သည့်အတွက် ကန့်ကွက်အရေးဆိုလိုသူတို့သည် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၅)ရက်အတွင်း ကျွန်ုပ်၏ရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တရားဝင်ကန့်ကွက်စာပေးပို့နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မာမာလတ်** | **ဒေါ်မေဇင်ဦး** |
| **နိုင်ငံတကာဥပဒေဆိုင်ရာ ဝါဒီ...** **နိုတြီပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၃၉၅၅)** | **(စဉ်-၈၃၁၄)** |

**Myanmar Legal Advisors Group**
**အမှတ်-၃၃၃၊ အခန်း(၃)၊ ပထမထပ်(ယာ)၊**
**ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၉၂၈၅၁၊ ၀၁-၃၉၂၇၃၅**

# အားကစားမြှင့် တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## " အမြန်ရောင်းမည် " (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊ရွှေတောင်ကြား | (4460Sqft) | မြေ | 9000L |
| ၂။ကမာရွတ်၊အင်းယားလမ်း | (60x40) | 2RC | 9000L |
| ၃။မရမ်းကုန်း၊ရွှေနှင်းဆီ | (70x70) | မြေ | 6800L |
| ၄။ရန်ကင်း၊ဘောက်ထော် | (26x65) | 2RC | 5500L |
| ၅။မ/ဒုံ၊ရွှေပင်လုံအိမ်ရာ | (80x80) | မြေ.∠ခြံ | 3800L |
| ၆။လှိုင်၊အောင်ဓမ္မရိပ်သာ | (40x60) | 2RC,တိုက်သစ် | 3600L |
| ၇။တ/ဥ၊မေတ္တာလမ်းမ | (20x60) | 2BN | 2950L |

**01 510600, 09 5040160, 09 5173690, 09 5185534**

## တိုက်ရောင်းမည်

ခြံအကျယ် ပေ(၅၀×၆၀)၊ အိမ်အကျယ် ပေ(၅၀×၅၀)၊
(၂)ထပ်တိုက်သစ်/နေရာကောင်း သူရလမ်းမပေါ်
ထောင့်ကွက်၊ (၉)ရပ်ကွက်၊ တ/ဥက္ကလာပ
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၈၂၅၉၇၈၀၃၊**
**၀၉-၇၈၀၇၆၈၁၄၉**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

အဖ ဦးဝင်းရှိန်၏သား မောင်အောင်မိုးရှိန်[၁၀/ပမန(နိုင်)၁၀၇၃၃၉] အား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင်- ဒေါ်အရှာဘီ [၁၀/ပမန(နိုင်)၀၈၂၀၁၅]**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်-ပဲခူးလမ်းမကြီးအနီး ကိုရီးယား
ဆက်ရုံအား ပေ (၄၀×၆၀)
ပေ (၄၀×၁၀၀) ဈေးနှုန်း
(၃၀၊ ၆၀၊ ၈၀) သိန်း (ညှိနှိုင်းဈေး)
၀၉ ၄၂၂၄၆၄၅၉၆၊ ၀၉ ၇၉၅၅၅၈၇၉။

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမတန်း(ဂ)မှ လွေးစန်းစန်းနွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၂-၂၀၀၁ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးနေဆန်းထွန်း ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ်-၁၂၀ အေးရိပ်သာလမ်းရှိ (၄၀ ပေ × ၆၀ ပေ) မြေနှင့်အိမ် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း။

အထက်ပါ မြေနှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးအောင်မျိုးထွန်း (ခ) အောင်လင်းထွန်း (၁၂/ဥကတ (နိုင်) ၀၄၁၉၉၀) နှင့် ဒေါ်သီသီဝင်း (၁၀/သထန (နိုင်) ၀၀၁၄၂၄) တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေအိမ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း မူရင်းများနှင့်တကွ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်မွေး
L.L.B, Dip.in Business Law
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၅)
အမှတ်-၁၅(ပ-ထပ်)ကွက်သစ်လမ်းဈေးကျော်၊
ကျိုက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၅၀၄၂၉၆၃, ၀၉၇၉၁၆၆၃၄၆၆

## လိုက်လုံစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သူငယ်ချင်း ဦးစိုးနိုင်(ဒု-ညွှန်) (ကျေးလက်ဦးစီး)၏ချစ်ဇနီး **ဒေါ်ဌေးဌေးရီ (MD, Golden Hours Co.,Ltd)**အား နိုင်ငံတော်သမ္မတ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် လွတ်လပ်ရေးနေ့တွင် **သုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခြင်းခံရပါသောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုး၊ နိုင်ငံအကျိုးများကို ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ဒီထက်ပို၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဇော်လင်း-ဒေါ်သိင်္ဂီထွေး**

**LINN MAHAR Co.,Ltd.**

## လိုက်လုံစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သူငယ်ချင်း ဦးစိုးနိုင် (ဒု-ညွှန်) (ကျေးလက်ဦးစီး)၏ချစ်ဇနီး **ဒေါ်ဌေးဌေးရီ (MD, Golden Hours Co.,Ltd)**အား နိုင်ငံတော်သမ္မတ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇) ဖြင့် လွတ်လပ်ရေးနေ့တွင် **သုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခြင်းခံရပါသောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုး၊ နိုင်ငံအကျိုးများကို ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ဒီထက်ပို၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ခင်ဇော်သောင်း(M.D)**

**ပြည်အောင်တံခွန် ကုမ္ပဏီလီမိတက်**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်မှန်ကန်ကြောင်း

ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ (စ)/၁၉၈၊ ဝဇီရာ(၃)လမ်းနေ ဦးကျော်လှ [၁၂/ဥကမ(နိုင်)၀၆၉၈၁၀]နှင့် ဒေါ်တင်ရွှေ[၁၂/ဥကမ(နိုင်)၀၆၉၈၉၅] တို့၏သား မောင်မောင်ကျော်မောင်လွင်နှင့် မောင်မောင်ကျော် [၁၂/ဥကမ(နိုင်)၁၉၆၂၀၄]မှာ တစ်ဦးတည်းဖြစ်ပြီး၊ မွေးသက္ကရာဇ်မှာ ၃၁-၁၂-၈၇ မှားပြီး ၃၁-၅-၈၇ မှာ မှန်ကန်ပါသည်။

## သင့်ကြောင့် မီး မလောင်ပါစေနှင့်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

ဘော်ဒါ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း

(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)

နေ့ကျောင်းကြီး ▸ သူငယ်တန်းမှ ၁၀ တန်းထိ

အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။

### အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည်ပထမ** – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည်ထူးချွန်ထက်မြက်ရေးသည်အဓိက** – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ၎င်းဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ်သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာ ထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှုအဆင့်ရှိရေးသည်ပဓာန** – နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း တိုက်တစ်တိုက်တည်းတွင် အတူတူထားပါလျှင် များစွာ အနှောင့်အယှက် ဖြစ်သောကြောင့် သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား အဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီး၊ အစီစီရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် (အ.ထ.ပြ-ငြိမ်း) ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင် ကျွေးမွေးပါသည်။

**ငွေရေး ကြေးရေးသည် သာမည** – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။) စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ **Tel : 01-577 605, 09 782 216 338**

## မင်္ဂလာဆုတောင်း

ဒေါက်တာအေးမင်းထွန်း B.D.S(Ygn) နှင့် မအိရွှေစင် B.Sc (IC) တို့ဖက်ပြန်ကြားရေးမှူး၊ ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)တို့၏ (၁၃-၁၁-၂၀၁၆)ရက်နေ့တွင် Melia Hotel ၌ မင်္ဂလာဆောင်နှင်းခဲ့သည့် ဇနီးမောင်နှံသို့

မောင်မယ်နှစ်ဖြာ
နှောင်ဆယ်ကမ္ဘာတိုင်
အမုန်းမဖက်
အပြုံးယှက်ခါ
နှစ်မွှာအသည်း
မခွါတွဲလျက်
ချစ်ကမ္ဘာတစ်ခွင်
မေတ္တာယှဉ်၍
နိုင်မြဲသစ္စာ
ပြုံးပျော်ရွှင်စွာဖြင့်
ရှိပါစေလို့။

(သီကုံးသူ ပျဉ်းမနားဇော်မင်း)

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ *
ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)

## ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ရောင်းမည်

- လယ်+ဥယျာဉ်ခြံမြေ
- ဧက(၅၀)ကျော်
- တစ်ဧက သိန်း(၇၀) ညှိနှိုင်း

**လိပ်စာ - အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်**

**ဖုန်း-၀၉-၅၄၀၉၀၆၄**



GETC
building a better future

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်



Communicative English
General English
Business English

Enroll Now
for January Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း(ကမ္ဘာ့အေး) |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

ODYSSEY

0973070193, 0973187799

အလင်းရောင်
Travel Services
09421061860,421129597,774400430
Private School
Guest/Hotel
Package

ဆုံသစ္စာ

၀၉ ၅၅၀၄၆၆၉၊
၀၉၇၃၃၁၇၄၀၆၆

ရွှေစည်းစိမ် 01-248970, 09-73051455, 09-250641705
မန်းရွှေစက်တော်
Hotel Visa

ကိုသန့်ဇင်
CAR RENTAL
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ခေတ်မီမြေပုံအတိုင်းရှာဖွေပေးမည်
09 4200 35882
09 4200 35884

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

## “မမ”ဒေါ်အေးသွင်အတွက် မွေးနေ့ဆုမွန်

ဇန်နဝါရီလ ၁၃ ရက်တွင် ကျရောက်သော **“မမ” ဒေါ်အေးသွင်**၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာချမ်းသာပြီး ချစ်သော အဘ၊ သားသမီး၊ မြေးများနှင့်အတူ အစဉ်ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မောင်လေးနှင့် ညီမလေး ဦးဌေးနိုင်-ဒေါ်လဲ့လဲ့ခိုင်**
**မန်နေဂျင်းဒါရိုက်တာ**
**ငွေစင်ဆန်းသစ်ကုမ္ပဏီ**
**ရန်ကုန်မြို့။**

PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc,IC.Q,DA, DMP, MBA, ACCA (pro)
LCCI I,II & III
ဇန်နဝါရီတန်းခွဲသစ် (16 - 1 -2017) စမည်
I & II Sec (C): Sat - Sun 9:00 - 11:00 am
Sec (D): Mon to Wed 9:30 - 11:15 am (သုံးလအပြတ်)

ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
GMAT, Reasoning & English သင်တန်း
14 Jan 2017 စမည် ။ (ရုံးချိန်လွတ်)
MPA, MDevS အပါအဝင်
■ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ။
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။

ORION Business School ●●● 09 5115997

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် PPTT-4 ဝင်ခွင့် (PPTT-3 တွင် Roll No (1to 6) အတွင်း ဝင်ခွင့်ရခဲ့ကြသည်။)
လဝက / JO-4 / LO-4 ဝင်ခွင့်များ
မြို့ရွာ/အိမ်ရာ–ဒု–ဦးစီးမှူး / THS သရုပ်ပြ
အနီးကပ် (၁၀)ရက်သင်တန်း များ စတော့မည်။
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပါ စီစဉ်ပေးပါသည်။
မြို့တွင်း / နယ်ဝေး
09-440390558
09-784109116

မဟာရန်ကုန်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
အိပ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

“ဝန်ထမ်းအလိုရှိသည်”
ကလေးထိန်း မ(၁)ဦး နေ့(၃)ည
လစာ-၁၃၀၀၀၀ိ/-(နေ-စားငြိမ်)
Ph: 09 791717552
09 791268905

ဩရသ
တိုင်းရင်းဆေးဝါးမှထုတ်လုပ်သော
အုန်းမောင်း အမှတ်တံဆိပ်
မြစ်ပွားနာရောဂါ သောက်ဆေး
အဆုတ်ရောဂါ သောက်ဆေး



ဝင်ရင်း- အမှတ် (၆၄)၊ ဆိုင်းတန်းလမ်း၊ ဥတ္တံမြို့၊ တိုတ်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၅၅-၂၉၀၇၃၊ ၀၉-၇၉၉၃၂၈၆၄၄၊ ၀၉ ၉၆၄၀၀၃၂၇၇

အချိန်ကာလသတ်မှတ်ထားပါသည်။
ဒီအထူးအတိုးနှုန်းနဲ့ အခုပဲငွေစုလိုက်ပါ။
9.75%*
INTEREST
FIXED DEPOSIT
FOR THREE MONTHS
နီးစပ်ရာ ဘဏ်ခွဲများမှာ လာရောက် စုံစမ်းနိုင်ပါသည်။

Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

# “အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် **“ဘဒ္ဒန္တသောဘိတ”**သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၇၊ နေ့စွဲ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကြေညာချက်အရ **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်** ရရှိတော်မူကြောင်း သိရှိရသဖြင့် ခရမ်းမြို့နယ်အသင်း (ရန်ကုန်) မှ အသင်းသား/အသင်းသူများနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အထူးဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်ပြုပူဇော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)



1.1 L MINI TRUCK
“Leading your business with Dongfeng Motor”
နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့
လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါသည်။
၀၉-၂၅၀၁၀၅၁၄၄ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။
PRICE
US$ 4,999+
● လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။
DONGFENG MOTOR
DRIVING SUCCESS
24 ROAD ASSISTANCE
2 YEARS
YANGON SHOWROOM
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801
www.Dongfeng-Myanmar.com
DFM-Myanmar
DFM



Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်


မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် ဒေါ်ကြည်ခင် ( ဒုတိယဥက္ကဋ္ဌ Orignal Group Co.,Ltd ) အား သုဓမ္မသီဂီ ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mount Pleasant Hotel (Nay Pyi Taw)
Hotel Nwe Tha Ki (Nay Pyi Taw)
မိသားစု



## Happy Birthday ကိုခင်မောင်အေး
## Chairmen @ CB Bank

ယနေ့တွင် ကျရောက်သော အစ်ကိုရဲ့ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အစ်ကိုချစ်သော မိသားစုနှင့်အတူ နိုင်ငံအကျိုး ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေ။

မှ
ချစ်သော ညီနှင့် ညီမ
T & K



YUTONG

Yutong Myanmar မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ် Golden Ginga Trading Co., Ltd. မှ တင်သွင်းလာသော ၂၀၁၇ Model Yutong Bus ကားများ

GINGA



Head Office - No. 56 (1/A), Yaw Min Gyi Street, Dagon Township, Yangon, Myanmar.
Tel +95 01-375437, 09-967718000 Email: goldengingatrading@gmail.com



DREAM ALUMINUM

**Customer များရရှိမည့်အားသာချက်**

- Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



**လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်**

- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် ခိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

**Dream Aluminium**
မှ
Marketing (မ) ဝန်ထမ်းအလိုရှိသည်။
ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



**Frame နှင့် Accessories**
များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးအုန်းခိုင်(မြောင်းမြ)**
**ရေယာဉ်ပိုင်ရှင် BE(Civil) 1977**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ B.06-01 လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်းနေ ဒေါက်တာကြည်ကြည်အေး၏ချစ်လှစွာသောခင်ပွန်း ရေယာဉ်နှင့်ပတ်သက်သောဗဟုသုတနှင့်လိုအပ်ချက်များကို အစစအရာရာတွင် သွန်သင်ညွှန်ပြ၊ လက်တွဲခေါ်ဆောင်ခဲ့သော အစ်ကိုတစ်ယောက်ကဲ့သို့အားကိုးရသည့်ဦးအုန်းခိုင်သည် (၈. ၁. ၂၀၁၇) တနင်္ဂနွေနေ့ ည (၉း၀၅) နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ကြည်၊ ဦးအောင်ကြည်၊ ဦးမောင်မောင်အုန်း၊ ဦးမောင်မောင်စိုး**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးအုန်းခိုင်(မြောင်းမြ)**
**ရေယာဉ်ပိုင်ရှင် BE(Civil) 1977**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ B.06-01 လမ်းမတော် ပလာဇာ၊ လမ်းမတော်လမ်းနေ ဒေါက်တာကြည်ကြည်အေး၏ချစ်လှစွာသောခင်ပွန်းရေယာဉ်သမားများစုဝေးရာ (၉)လမ်းထိပ်၌ နှစ်ပေါင်းကြာမြင့်စွာ ဆိုးတူကောင်းဖက်အခက်အခဲများနှင့် လိုအပ်ချက်များကို ညီအစ်ကိုတမျှဝိုင်းဝန်းအဖြေရှာရင်းရေယာဉ်လုပ်ငန်းများလုပ်ကိုင်ခဲ့သော ဦးအုန်းခိုင်သည် (၈. ၁. ၂၀၁၇) တနင်္ဂနွေနေ့ ည (၉း၀၅) နာရီတွင် ခင်မင်လှသောသူငယ်ချင်းများအား စွန့်ခွာ၍ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြစ်ကြောင်းသွားကုန်တင်တွဲဆွဲရေယာဉ် ပိုင်ရှင်များ (၉) လမ်း အဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးအုန်းခိုင် (မြောင်းမြ)**
**ရေယာဉ်ပိုင်ရှင် B.E(Civil) 1977**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ B.06-01 လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်းနေ ဒေါက်တာကြည်ကြည်အေး၏ချစ်လှစွာသောခင်ပွန်း ဖြစ်သူမြစ်ကြောင်းသွားကုန်တင်တွဲဆွဲရေယာဉ်များကြီးကြပ်ရေးအသင်း၏အသင်းဝင် ဦးအုန်းခိုင်သည် (၈. ၁. ၂၀၁၇) တနင်္ဂနွေနေ့ ည (၉း၀၅) နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြစ်ကြောင်းသွားကုန်တင်တွဲဆွဲရေယာဉ်များ ကြီးကြပ်ရေးအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ကန်၊ ရိပ်သာ၊ စာသင်ကျောင်း၊ ရေတွင်း၊ နတ်လမ်း၊ လမ်း၊ တံတား ဒါယကာကြီး
**ဦးဇော်ဝင်း**
**အသက်(၅၉)နှစ်**
**လှိုင်ထိပ်ခေါင် အအေးခန်းစက်ရုံ(ဥက္ကဋ္ဌ)**
**ကြယ်ရောင်စဉ်ကုမ္ပဏီလီမိတက်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကြာသပတေးလမ်းနေ (ဦးသိန်း-ဒေါ်ကျင်မြ) တို့၏သား၊ ဦးသန်းလွင်-(ဒေါ်တင်)-ဒေါ်ကြည်ကြည်သန်း၊ ဦးဇော်လင်း-ဒေါ်နီနီလှိုင်တို့၏ ညီ/အစ်ကိုသည် ၇-၁-၂၀၁၇ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ငွေဇာပုလဲ ကုမ္ပဏီလီမိတက်၊ မန်နေဂျာနှင့် ဝန်ထမ်းများ**
**ထူးသစ်၊ အစာတောင့်စက်ရုံ မန်နေဂျာနှင့် ဝန်ထမ်းများ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃မာန်ပြေ၊ မြေကွက်အမှတ်-၁၂၃၃၊ မြေကွက်တည်နေရာအမှတ်-၁၂၃၃၊ မာန်ပြေ-၁၉လမ်းအနောက်၊ ၃မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ဦးညွန့်မောင်[၁၂/ပဇတ(နိုင်)၀၂၄၅၃၅]၊ ၂။ဒေါ်မြရီ(CI-၀၄၁၅၆၉)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးကျော်ခိုင်က ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၀ဖြင့် ဒေါ်မြရီ(ခ) ဒေါ်ရီအပေါ် နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေ၍ မူလအိမ်ဂရန်မှ တရားလို၏ အမည်ပေါက် အိမ်ဂရန်ခွဲထုတ်ပေးစေလိုမှုဖြင့် တရားစွဲဆိုရာ ၈-၃-၂၀၁၆ ရက်တွင် မှတ်ပုံတင်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပေးစေရန်ချမှတ်သည့် အနိုင်ဒီကရီနှင့် အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သင်းသင်းလှိုင်[၁၂/ဒလန(နိုင်)၀၃၆၉၄၄]မှ ဂရန်မိတ္တူတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ တရားနိုင် ဦးကျော်ခိုင်မှ တရားရုံးစီရင်ချက်အမိန့်တွင် ဂရန်မူရင်းလက်ဝယ်ရှိသူများသည် မြေဂရန်ခွဲထုတ်မည်ဆိုပါက လိုက်လံဆောင်ရွက်ပေးရန် လိုအပ်သည်ဟုဆိုသော်လည်း တရားရုံးမှ ဆောင်ရွက်ပေးခြင်း မပြုသဖြင့် ဂရန်မိတ္တူဖြင့် ဆောင်ရွက်ပေးပါရန်နှင့် ဂရန်မူရင်းတင်ပြနိုင်ခြင်းမရှိမှုနှင့် ပတ်သက်၍ တာဝန်ယူကြောင်းဝန်ခံကတိ တင်ပြပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ မြေကွက်အကျယ် ပေ(၄၀×၆၀)ရှိပြီး ပေ(၂၀×၆၀)တွင် ဒေါ်မြရီ၏ သမီး ဒေါ်ခင်ဌေးနေပြီး တရားနိုင်ဦးကျော်ခိုင်သည် ပေ(၂၀×၆၀)တွင် နေထိုင်ကြောင်း တွေ့ရှိရပါသဖြင့် တရားရုံးကိုယ်စား ဘီလစ် ဒေါ်သင်းသင်းလှိုင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဆရာကြီး ဒေါ်ဉာဏသီ (ခင်မာဆွေ B.Ed)**
**(မဟာဂန္ထဝါစက ပဏ္ဍိတ၊ B.Ed ပထမကျော်**
**သာသနဓဇ ဓမ္မာစရိယ)**
**ဥက္ကဋ္ဌ၊ ပြည်နယ်သီလရှင် အမှုဆောင်အဖွဲ့၊ ကချင်ပြည်နယ်**
**သက်တော် (၆၂) နှစ်၊ သိက္ခာတော် (၃၈)ဝါ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ (မဟာဂန္ထဝါစက ပဏ္ဍိတ၊ B.Ed ပထမကျော် သာသနဓဇ ဓမ္မာစရိယ သမိဒ္ဓေါဒယသမဂ္ဂဒါယီအဖွဲ့နာယက)သည် ၄-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.Ed, အပတ်စဉ်(၁၃)၊ ၁၉၇၇-နိုဝင်ဘာဆင်း သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဆရာမကြီး ဒေါ်ခင်သန်းဝေ အသက်(၈၀)**
**အပူဇော်ခံ၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**
**အထက(၁) လမ်းမတော် (စိန့်ဂျွန်း)**

လှိုင်မြို့နယ်၊ အုတ်ကျင်း၊ အင်းစိန်လမ်းမကြီး၊ တိုက်(၂)၊ အခန်း(၂၀၂) နေ အထက်တန်းပြ(ငြိမ်း) အထက(၁) လမ်းမတော် (စိန့်ဂျွန်း) အပူဇော်ခံ ဆရာမကြီး ဒေါ်ခင်သန်းဝေသည် ၈-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**
**အထက(၁)၊ လမ်းမတော် (စိန့်ဂျွန်း)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်စန်းစန်းအေး(မြင်းခြံ) (၈၃)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင်ဟောင်း**

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဉမ္မာကိုတို့၏မိခင် ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့၊ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးမြသွင် (ရွှေလှေ၊ ပန်းတနော်)**
**မြန်မာ့အာမခံ(ငြိမ်း)**
**အသက် (၈၂) နှစ်**

သူငယ်ချင်း မျိုးသွင်(ဗိုလ်မှူး/ငြိမ်း)၏ ဖခင် ဦးမြသွင် အသက် (၈၂)နှစ်သည် ၈-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

**အထူးကျေးဇူးတင်ရှိခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ် မြင့်မြင့်ချစ် (ဘိုကလေး)**
**အသက် (၈၉)နှစ်**

၃-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်မြင့်မြင့်ချစ်အား ကွယ်လွန်ချိန်ထိ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သော အထူးကုဆရာဝန်ကြီးများ၊ ကွယ်လွန်ချိန်မှစ၍ ဈာပနကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်း၊ e-mail စသည်ဖြင့် ဆက်သွယ်မေးမြန်း၍သော်လည်းကောင်း၊ အားပေးနှစ်သိမ့်စကားပြောကြားကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ သူငယ်ချင်းအပေါင်းအသင်းများ၊ နာရေးသို့လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Oji Forest and Products Co., Ltd၊ Oji Packaging Asia (Myanmar Branch)၊ Sumitomo Forestry Co., Ltd၊ Consumer Goods Myanmar Ltd၊ AGD Bank (လမ်းမတော်ဘဏ်ခွဲ)၊ မိုးမြချယ်ကုမ္ပဏီလီမိတက်၊ Mos Lumber Products Co., Ltd. တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို မိသားစုမှ အထူးကျေးဇူးဥပကာရ တင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးထွန်းရှိန် (တပ်မတော်-လေ၊ ငြိမ်း)

**လေ-၁၅၂၆**

**အသက်(၈၆)နှစ်**

မော်လမြိုင်မြို့နေ ကျောင်းဆရာ (ဦးမြသိး-ဒေါ်ဖွားရှင်)တို့၏သား၊ စစ်ကိုင်းအရေးပိုင်(ဦးဖြေ-ဒေါ်လှလှဝင်း)တို့၏သားသမက်၊ (ဒေါ်တင်တင်ညွန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ချို (အထက်တန်းပြဆရာမ-ငြိမ်း)၊ ဒေါ်အေးအေးချို(အင်္ဂလိပ်စာနည်းပြ၊နိုင်ငံခြားဘာသာတက္ကသိုလ်၊အင်္ဂလိပ်စာဌာန၊ ရန်ကုန်-ငြိမ်း)၊ ဦးကျော်သန်း၊ (ဒေါ်နုနုရီ)၊ ဦးမော်သန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီး ဗိုလ်မှူးထွန်းရှိန် (တပ်မတော်လေ-ငြိမ်း) လေ-၁၅၂၆ သည် အမှတ်(၅၄၅)၊ ပ-ထပ်၊ စစ်ကိုင်း (၃၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ ၂၆-၁၂-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၁၇ ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူပြီးဖြစ်ပါကြောင်း။

ကျေးဇူးရှင်ဖခင်ကြီး၏ ဈာပနကိစ္စအဝဝနှင့် ဖခင်ကြီးအားရည်စူး၍ ပြုလုပ်သော ကောင်းမှုကုသိုလ်များတွင် ပါဝင်ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### မယ်တော်ကြီးဒေါ်ပု(ဝါးခယ်မ)

**အသက်(၁၀၁)နှစ်**

